The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 18, NO . 34 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 27, 2018

# မြင့်တက်လာသော မြန်မာ့ရော်ဘာတင်ပို့မှုနှင့် ကမ္ဘာ့ရော်ဘာဈေးကွက်

စာမျက်နှာ - ၁၈



## ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့် ရေးသားဖော်ပြရေး

စာမျက်နှာ - ၈






စာမျက်နှာ - ၆

## ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့နေတဲ့ ကလေးမြို့၏ ချင်းရိုးရာ အထည်ဈေးကွက်

စာမျက်နှာ - ၂၃



# အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

**ရန်ကုန်ရုံးချုပ်** အခန်း (၀၁-၀၄)၊ **Union Financial Center (UFC)**၊
မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၈၆၀၀၃၄၂ ၊ ၀၁-၈၆၀၀၃၄၅
**Fax**- ဖုန်း - ၀၁-၈၆၀၀၃၄၃ ၊ ၀၁-၈၆၀၀၃၄၄



- မီးအာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- ပြည်သူပြည်သားအသက်အာမခံ
- တောင်သူလယ်သမားအသက်အာမခံ
- မြွေအန္တရာယ်အာမခံ
- ရေယာဉ်ကိုယ်ထည်အာမခံ
- ရေကြောင်းကုန်ပစ္စည်းအာမခံ
- စုစပေါင်းအသက်အာမခံ
- အထူးစနိုးသွားအာမခံ
- ပြည်ပရေကြောင်းပို့ကုန်အာမခံ
- ငွေပို့ငွေသယ်အာမခံ
- ငွေသားလုံခြုံမှုအာမခံ
- သဘောင်္အာမခံ
- ကျန်းမာရေးအာမခံ
- ခရီးသွားအာမခံ
- ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
- အားကစားသမားများ ကိုယ်အင်္ဂါ ထိခိုက်မှုအာမခံ

**မန္တလေးရုံးခွဲ** အမှတ်(၀၃၆)၊ (၃၄)လမ်း၊ ၈၀X၈၁ကြား၊
အောင်နန်းရိပ်သာ (အရှေ့)၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၂-၆၉၀၄၇၊ ၀၂-၆၉၀၄၈ ။
**Fax** - ၀၂-၂၃၃၈၅

**မကွေးရုံးခွဲ** အမှတ် (၃၀၉)၊ အခေါ်ရာလမ်း၊
ရန်မျိုးနိုင်ရပ်ကွက်၊ မကွေးမြို့။
ဖုန်း - ၀၆၃ - ၂၈၇၃၁
**Fax** - ၀၆၃ - ၂၈၇၃၂

**Hot Line Number - 09-450 450 561, 09-450 450 562, 09-450 450 563**

**Email - aungthitsaooins@gmail.com**

**www.facebook.com/aungthitsaooinsurance**

"အမေရိကန်ဒေါ်လာဖြင့်လည်း လက်ခံဆောင်ရွက်ပေးနေပါသည်"

# Enjoy Life. Eat and Drink Well...

ROYAL DANSK

Ritter SPORT

Bonne Maman
C'est tout que j'aime tant

Latino Bella

Lorenz

CIRIO




ANNAM MYANMAR

Barilla

English Tea Shop

Délifrance

Perrier

PEPPERIDGE FARM

La DORY

info@annam-group.com

www.annam-group.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် AEON Orange ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ Mr. Michio Kumagai အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် AEON Orange ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ Mr. Michio Kumagai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ဩဂုတ် ၁၈ရက် ၁၂:၃၀ နာရီတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် AEON Orange ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရှိ မြို့ကြီးများတွင် Shopping Mall များဖွင့်လှစ်၍ ရင်းနှီးမြှုပ်နှံလိုကြောင်း ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နိုင်ပါကြောင်းနှင့် ဌာနအနေဖြင့် အဆိုပါမူဘောင်အတွင်းမှ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

# Make in Myanmar Strategy ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် ဟောပြောဆွေးနွေး




၂၀၁၈ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)၊ ပဥ္စမထပ် ညီလာခံခန်းမ၌ ကျင်းပသည့် ကုန်သွယ်မှုသင်တန်းကျောင်း Trade Training Institute ၏ Business Talk အခမ်းအနားတွင် ဆရာကြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Make in Myanmar Strategy ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါ စီးပွားရေးဆွေးနွေးပွဲတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အပိုင်းသုံးပိုင်းခွဲ၍ ဆွေးနွေးခဲ့သည်။ ပထမပိုင်းတွင် တရုတ်နိုင်ငံ၏ Made in China အကြောင်းကိုလည်းကောင်း၊ ဒုတိယပိုင်းတွင် Make in India အကြောင်းကိုလည်းကောင်းပြောကြားပြီး တတိယပိုင်းတွင် မြန်မာနိုင်ငံက သင်ခန်းစာယူ ဆောင်ရွက်သင့်သော၊ ဆောင်ရွက်နေသော လုပ်ငန်းများကို ဆွေးနွေးခဲ့ပါသည်။

တရုတ်နိုင်ငံအနေဖြင့် '၂၀၂၅ ခုနှစ် Made in China' ဟူသော ရည်မှန်းချက်ဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် နယ်ပယ်လေးမျိုးကို အဓိကထားကြောင်း၊ ယင်းနယ်ပယ်လေးမျိုးမှာ ဈေးကွက်(Market)၊ စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းရှင်များ (Enterprises)၊ စီးပွားရေးလုပ်ငန်း မဟာဗျူဟာ (Strategy) နှင့်၊ အရည်အသွေးပြည့်ဝသော ကျွမ်းကျင်ဝန်ထမ်းများ (Talents) တို့ဖြစ်ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်လမ်း (One Belt & One Road) အစီအစဉ်သည်လည်း အရေးကြီးကြောင်း၊ OBOR သည် မြန်မာအတွက်လည်း အရေးကြီးကြောင်း၊ တရုတ်နိုင်ငံ၏ အာဆီယံဈေးကွက်သို့ ထွက်ပေါက်သည် မြန်မာနိုင်ငံဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုကို လေ့လာရာတွင် ပင်လယ်ကမ်းရိုးတန်းရှိသော နိုင်ငံများသည် ချမ်းသာကြွယ်ဝကြကြောင်း၊ မြန်မာ့ပင်လယ်ကမ်းရိုးတန်းသည်လည်း ရှည်လျားပြီး ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ စသည့် နိုင်ငံများနှင့် ချိတ်ဆက်နိုင်ပါကြောင်း၊ မြန်မာသည် တရုတ်နှင့် အိန္ဒိယ ဈေးကွက်ကြီးများ ရှိသည့်အပြင် အခြားနိုင်ငံများနှင့် ချိတ်ဆက်ကုန်သွယ်ရန် ပထဝီဝင်အချက်အခြာကျပါကြောင်း ဒေါက်တာအောင်ထွန်းသက်က ပြောကြားပါသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ၏ Make in India ကို ဆွေးနွေးရာတွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများမှ လာရောက်လှည့်ပတ်သူများ အိန္ဒိယနိုင်ငံသို့ စိတ်ဝင်တစား လာရောက်ရေး ကြိုးပမ်းနေကြောင်း၊ ဥပမာ မြန်မာအနေဖြင့် တရုတ်ဈေးကွက်ရှိစားသုံးသူတစ်ဦးချင်းအတွက် နေ့စဉ် ဆန်ပြုတ်တစ်ခွက်နှုန်း တင်ပို့နိုင်သကဲ့သို့ အိန္ဒိယဈေးကွက်ရှိ စားသုံးသူတစ်ဦးချင်းအတွက် ပဲဟင်းတစ်ခွက်နှုန်း တင်ပို့ရောင်းချနိုင်မည်ဆိုပါက စီးပွားရေးအကျိုးအမြတ် များစွာ ရရှိနိုင်ကြောင်း၊ ဆင်းရဲနွမ်းပါးသူ လျော့ချရေးထက် (မဆင်းရဲသူ များပြားလာရေးထက်) ချမ်းသာသူအရေအတွက် ပိုမိုများပြားရေးကို ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆရာကြီးက အကြံပြုဆွေးနွေးပါသည်။



တစ်ဖန် မြန်မာနိုင်ငံ နောက်ကျကျန်ရစ်ခဲ့ရသည်မှာ Inward Looking Policy (ပြည်တွင်းကိုဦးစားပေးသော ပေါ်လစီ)ကြောင့်ဖြစ်ကြောင်း၊ Outward Looking Policy ကျင့်သုံးသောနိုင်ငံများ ချမ်းသာခဲ့ပါကြောင်း၊ Outward Looking Policy ၏ ဆိုလိုရင်းမှာ ပို့ကုန်မြှင့်တင်ရေးဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy -NES) ကို ချမှတ်ပြီး ပို့ကုန်ကို မြှင့်တင်နေပြီဖြစ်ပါကြောင်း၊ NES တွင် ဦးစားပေးပို့ကုန်အမယ် ၉ မျိုးရှိပါကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) နှင့်ပတ်သက်၍လည်း ချေးငွေရရှိလိုမှုတစ်ခုတည်းကိုသာ အားထားနေခြင်းမျိုး မဖြစ်စေလိုပါကြောင်း၊ SMEs အောင်မြင်ရေးအတွက် ဈေးကွက် (Market)၊ နည်းပညာ (Technology) နှင့် စီးပွားလုပ်ငန်း စီမံခန့်ခွဲမှု (Business Management) တို့သည်လည်း အလွန်အရေးကြီးပါကြောင်း၊ ကုန်ပစ္စည်းတင်ပို့မှု တစ်ခုတည်းကိုသာ မစဉ်းစားဘဲ မိမိ၏အတွေးအခေါ်၊ အကြံဉာဏ် (Idea) တင်ပို့ခြင်းကဲ့သို့သော ဝန်ဆောင်မှုပို့ကုန်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း စသည်ဖြင့် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က အကြံပြု ထောက်ပြဆွေးနွေးပါသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဆရာကြီးက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း၊ ဆွေးနွေးတက်ရောက်သူ ၂၀၀ ဦးခန့် ရှိပါကြောင်းနှင့် Myanmar DECO-TBSP Speical Product ကုမ္ပဏီက ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရှိရပါသည်။

သိန်းမြင့်ဝေ

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၇၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း- ၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# နယ်စပ်နဲ့ရေကြောင်းမှ ဆန်တန်ချိန် သုံးသောင်းခွဲကျော်တင်ပို့

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၆၄ သန်း တန်ဖိုးရှိဆန် ၂၀၇၈၄တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထ ဆန် ၁၈၅၇၉ တန်၊ ငစိန်ဆန်တန်ချိန် ၃၀ နဲ့ ကောက်ညှင်းဆန် ၂၃၄ တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၄၃ တန်ကျော်နဲ့ ငစိန်ဆန်တန်ချိန် ၂၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၅၉၈တန် တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၂၆၃၈ တန် တင်ပို့မှုလျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ၃၀၃ သန်း တန်ဖိုးရှိ ဆန်ကွဲ ၉၃၆ တန်ကျော် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၇၆၁ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၇၅တန်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင် တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၄၆၁ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၁၈ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၄၄၄၀ကို တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဂီနီ ၊ တိုဂိုနဲ့အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်းသိရပါတယ်။

တရုတ်နိုင်ငံသို့ ငစိန်ဆန် ၅၁ တန်ကျော်၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၅ တန်နီးပါး၊ ဂီနီနိုင်ငံသို့ တန်ချိန် ၁၂၀၀၀၊ တိုဂိုနိုင်ငံသို့ ဧည့်မထတန်ချိန် ၂၅၀ နဲ့ အီးယူနိုင်ငံများသို့ ဧည့်မထဆန်နဲ့ ပေါင်းဆန် ၂၁၃၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၀၃၉၃ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇၉သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၄၅၅၀ ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၈၅၂ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။ယခုတစ်ပတ် ဆန်နဲ့ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန် ၃၅၂၂၄ တန်နဲ့ ဆန်ကွဲ ၅၄၈၆ တန်ဖြစ်ပြီး ရေကြောင်းမှ ဆန် ပိုမိုတင်ပို့ခဲ့တယ်လို့သိရပါတယ်။ **ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် စပါးဈေးမြင့်နေ



ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးဈေးကွက်တွင် ပုသိမ်၊ ငပုတောမြို့နယ် ပေါ်ဆန်းစပါးနှင့် ငပုတောမြို့နယ် မိုးဧည့်မထ စပါးဈေးနှုန်းများ အနည်းငယ် မြင့်တက်၍ ကျန်မြို့နယ်များတွင် ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်းဈေးကွက်သတင်းများမှ သိရသည်။

ယခင်နှစ် စပါးပေါ်ချိန်မှစ၍ စပါးလှိုင်လှိုင်ပေါ်ချိန်အတွင်း တောင်သူများ ကြိုက်ဈေးရ ဈေးနှုန်းအမြင့်ဖြင့်သာ တောက်လျှောက် အရောင်းအဝယ်ဖြစ်ပြီး ပွင့်လင်းရာသီမှာလည်း ဆန်စပါးအရောင်းအဝယ်သွက်လျက် ဈေးကွက်တွင် ပုံမှန်ရောင်းဝယ်နေသော ပေါ်ဆန်းစပါး၊ ဆန်ဈေးနှုန်းမှာ ယခုနှစ်တွင် အမြင့်ဈေးမှာသာရှိပြီး မိုးစပါးမပေါ်မီ စပ်ကူးမတ်ကူးကာလ လှောင်စပါးလက်ကျန်များ လျော့နည်းနေချိန်တွင် ပုသိမ်ဈေးကွက်ပေါ်ဆန်းစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ်၁၀၆၀၀၀၀မှ ယခုကျပ် ၁၀၈၂၀၀၀၊ ငပုတောမြို့နယ်တွင် ယခင်ပေါ်ဆန်း စပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ်၁၀၄၀၀၀၀ မှကျပ် ၁၀၆၀၀၀၀ ဖြစ်သွား၍စပါးတင်း၁၀၀ကို ကျပ် ၂၀၀၀၀ ဝန်းကျင် ဈေးနှုန်းမြင့်တက်သွားပြီး ငပုတောမြို့နယ်တွင် မိုးဧည့်မထ စပါး ၄၆ ပေါင် တင်း ၁၀၀ ကို ယခင် ၆၇၀၀၀၀မှ ကျပ် ၆၈၄၀၀၀ ခန့်ဈေးနှုန်းဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၁၅၀၀၀ ဝန်းကျင်မြင့်တက်မှုရှိလျက် ကျန်မြို့နယ်အများစုမှာ ပုံမှန်ရောင်းဝယ်မှုရှိကြောင်း စပါး၊ဆန်ဈေးကွက်သတင်းများမှ သိရသည်။ **မင်းမင်းဦး(ပုသိမ်)**

# ဈေးမာနေသော မိုးစပါး

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ခုနှစ်ထွက် မိုးဧည့်မထအုပ်စု စပါးများဖြစ်တဲ့ မနောသုခ၊ ဆင်းသုခ၊ ဗျော့သုခ၊ မော်ဘီ-၂၊ ဇီယာစပါးဈေးနှုန်းမှာ ဇူလိုင်လဆန်းမှ ဩဂုတ်လ တတိယပတ်ထိ ၄၆ ပေါင် တင်း(၁၀၀)လျှင် ကျပ် ၆၅၀၀၀၀-၆၆၀၀၀၀ ဖြင့် ဈေးမာလျက်ရှိတယ်လို့ သိရပါတယ်။ လက်ကြီး တောင်သူနှင့်ကုန်သည်အချို့မှာ မိုးဧည့်မထစပါးများ လက်ကျန်ရှိနေပြီးတော့ အရောင်းအဝယ်က မဖြစ်သလောက် နည်းပါးလျက်ရှိတယ်လို့ ပဲခူးဆန်စပါးကုန်သည်များမှ သိရပါတယ်။ **ဝါဝါလွင်(ပဲခူး)**

# ရန်ကုန်ဆန်ဈေးကွက် ဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောရော ဆန်ကြမ်းပါ ယခင်တစ်ပတ်ထက် ဈေးတက်ကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ ထုတ်ပြန်တဲ့ ဈေးနှုန်းများအရ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ လက်ကားဈေးများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်လျှင် ကျပ် ၅၀၀၀၀ နဲ့ လတ်စ တစ်အိတ်လျှင် ကျပ် ၄၈၀၀၀ ၊ ပုသိမ် ၊ မြောင်းမြပေါ်ဆန်းဆန် ထိပ်စ တစ်အိတ်လျှင် ကျပ် ၅၂၀၀၀ နဲ့ လတ်စတစ်အိတ်လျှင် ကျပ် ၅၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်လျှင် ကျပ် ၄၆၀၀၀ နဲ့ လတ်စတစ်အိတ်လျှင်ကျပ် ၄၅၀၀၀ ဈေးရှိပါတယ်။ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၅၉၅၀၀-၆၂၀၀၀ ၊ကျားပျံ(ရှယ်)တစ်အိတ်လျှင် ကျပ် ၄၈၀၀၀-၅၀၀၀၀၊ ဒေးဒရဲကျားပျံတစ်အိတ်လျှင် ကျပ်၅၀၀၀၀-၅၄၀၀၀ရှိပြီး ဆန်ချောတစ်အိတ်လျှင် ကျပ် ၂၀၀၀ မှကျပ် ၅၀၀၀ အထိ ဈေးတက်ကြောင်းသိရပါတယ်။ ပေါ်ဆန်း(ရှယ်) တစ်အိတ်လျှင် ကျပ် ၄၃၀၀၀-၄၅၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

ယခုတစ်ပတ် ဆန်ကြမ်းဈေးမှာ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၂၀၈၀၀-၂၁၀၀၀၊ ရက် ၉၀ ဆန်တစ်အိတ်လျှင်ကျပ် ၂၅၀၀၀-၂၆၀၀၀၊ သီးထပ် (ရှယ်) တစ်အိတ်လျှင် ၂၃၀၀၀-၂၃၅၀၀၊ အကြမ်း(ရှယ်) တစ်အိတ်လျှင် ကျပ် ၂၃၀၀၀-၂၃၅၀၀ ရှိပြီး အမျိုးအစားအလိုက် တစ်အိတ်ကို ကျပ် ၂၀၀မှကျပ် ၁၅၀၀အထိဈေးတက်ကြောင်း သိရပါတယ်။ မိုးသုခကတော့ ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်ကို ဆန်အဝင် ပုံမှန်ရှိပြီး ဝယ်လိုအားမှာ ပြည်တွင်းစားသုံးမှု ပုံမှန်ရှိကြောင်း၊ ကြမ်းခင်းစပါးဈေးမြင့်တက်တဲ့အတွက် ဆန်ဈေးကွက်လည်း မြင့်တက်လာတာဖြစ်ကြောင်း ကုန်စည်ဒိုင်ကို ဆန်အဝင်အထွက် ပုံမှန်ရှိကြောင်း သတင်းရရှိပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၄-၈-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၄ | ၃၉၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၄ | ၃၈၅ | △ | ၃၈၇ | ၃၉၀ | △ | ၄၁၀ | ၄၀၅ | ▽ | ၄၁၈ | ၄၁၈ | □ |
| ဆန်ဖြူ ၁၀% | ၃၈၂ | ၃၈၃ | △ | ၃၈၂ | ၃၈၅ | △ | - | - | - | ၄၁၃ | ၄၁၃ | □ |
| ဆန်ဖြူ ၁၅% | ၃၇၈ | ၃၈၀ | △ | ၃၇၇ | ၃၈၀ | △ | - | - | - | ၄၀၈ | ၄၀၈ | □ |
| ဆန်ဖြူ ၂၅% | ၃၆၆ | ၃၆၅ | ▽ | ၃၇၂ | ၃၇၀ | ▽ | ၃၇၅ | ၃၇၀ | ▽ | ၃၆၃ | ၃၆၃ | □ |
| ပေါင်းဆန် | ၄၀၂ | ၄၁၀ | △ | - | - | - | ၃၈၈ | ၃၈၈ | □ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၂၄-၈-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၆၀၀၀ | △ | ၉၃၂၀ | △ | ၄၃၀၀၀ | □ |
| ပုသိမ် | ၆၆၂၀ | □ | ၂၆၅၀၀ | □ | ၁၀၆၀၀ | □ | ၄၅၀၀၀ | □ |
| ပဲခူး | ၆၆၀၀ | □ | ၂၇၀၀၀ | □ | ၉၂၀၀ | □ | ၄၀၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | △ | ၂၂၀၀၀ | △ | ၁၆၀၀၀ | △ | ၅၃၀၀၀ | △ |
| စစ်တွေ | ၆၁၀၀ | △ | ၂၅၀၀၀ | □ | ၉၅၀၀ | △ | ၄၅၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၃၀၀ | □ | ၂၃၅၀၀ | △ | - | - | ၄၂၅၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၉၀၀၀ | △ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၈၀၀၀ | □ | ၂၇၅၀၀ | □ | - | - | ၄၇၀၀၀ | △ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၀၅၀၀ | △ | ၄၆၀၀၀ | □ |
| လှိုင်ကော် | ၇၆၇၀ | △ | ၃၅၀၀၀ | □ | - | - | ၆၀၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၉၀၀၀ | △ |
| ဘားအံ | ၇၀၀၀ | □ | ၂၇၅၀၀ | △ | - | - | ၅၁၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၀-၈-၂၀၁၈ မှ ၂၄-၈-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1062 | 50,425,262.243 |
| 2 | Form D | 80 | 3,721,399.290 |
| 3 | Form E | 77 | 1,808,585.798 |
| 4 | Korea GSP | 10 | 344,034.050 |
| 5 | Form AK | 98 | 7,710,675.470 |
| 6 | Form AJ | 10 | 665,129.790 |
| 7 | Form AI | 263 | 8,998,466.732 |
| 8 | Form AANZ | 5 | 129,491.510 |
| 9 | Form DFTP | | |
| 10 | Form CHINA | 1 | 49,968.000 |
| **Grand Total** | | **1606** | **73,853,012.883** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၄-၈-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၇/၈ | ၂၄/၈ | ပြောင်းလဲမှု | ၁၇/၈ | ၂၄/၈ | ပြောင်းလဲမှု | ၁၇/၈ | ၂၄/၈ | ပြောင်းလဲမှု | ၁၇/၈ | ၂၄/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၆၉၄ | ၇၀၄ | ▲ | ၇၀၀ | ၇၅၀ | ▲ | ၇၀၀ | ၇၅၀ | ▲ | ၆၈၅ | ၆၈၅ | ■ |
| ပဲစင်းငုံ | ၆၈၆ | ၆၆၀ | ▼ | ၅၈၃ | ၅၉၂ | ▲ | ၆၀၀ | ၅၅၀ | ▼ | ၆၀၀ | ၅၈၅ | ▼ |
| ပဲတီစိမ်း | ၁၆၃၀ | ၁၅၈၀ | ▼ | ၁၆၀၀ | ၁၇၂၄ | ▲ | ၁၄၇၃ | ၁၃၆၈ | ▼ | ၁၃၉၅ | ၁၄၂၀ | ▲ |
| ကုလားပဲရိုးရိုး | ၁၈၅၀ | ၁၈၅၀ | ■ | ၁၄၅၀ | ၁၃၆၂ | ▼ | ၁၄၇၃ | ၁၃၆၈ | ▼ | ၁၅၄၀ | ၁၄၅၀ | ▼ |
| ပဲလွန်းဖြူ | ၁၁၁၅ | ၁၁၃၀ | ▲ | ၁၂၅၀ | ၁၃၃၃ | ▲ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၄၂၀ | ၁၄၂၀ | ■ |
| ထောပတ်ပဲ | ၂၄၃၀ | ၂၄၃၀ | ■ | ၂၈၄၄ | ၂၉၃၃ | ▲ | ၂၃၆၈ | ၂၅၂၆ | ▲ | ၂၃၁၅ | ၂၃၁၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၁၊၈၊၁၈)ထိ | ယခုတစ်ပတ် (၁၈၊၈၊၁၈)ထိ | (၁၊၁၊၁၈) မှ (၁၈၊၈၊၁၈) ထိ |
| မတ်ပဲ | ၂၅၇၄၁၁ | ၁၄၁၈၈ | ၂၇၁၅၉၉ |
| ပဲတီစိမ်း | ၇၉၅၅၂ | ၂၀၅၂ | ၈၁၆၀၄ |
| ပဲစင်းငုံ | ၁၂၇၁၃၅ | ၁၆၁၅၇ | ၁၄၃၂၉၂ |
| ကုလားပဲ | ၃၈၅၁၈ | ၃၁၃၅ | ၄၁၆၅၃ |
| ပဲလွန်းဖြူ | ၁၉၈၄၃ | ၁၇၂ | ၂၀၀၁၅ |
| မြေထောက်ပဲ | ၉၁၄၇ | ၉၉ | ၉၂၄၆ |

## ဈေးနှုန်းအနည်းငယ်မြင့်တက်လာတဲ့ မတ်ပဲ

သာယာဝတီခရိုင်အတွင်းတွင် ရောင်းဝယ်မှုဖြစ်လျက်ရှိတဲ့ မတ်ပဲဈေးနှုန်းများမှာ ယခင်တစ်ပတ်တွင် ၁၃၇၀၀ ကျပ်ခန့်နှင့် ကျပ် ၁၃၅၀၀ခန့်အထိ ဈေးနှုန်းလျော့ကျသွားသော်လည်း ယခုတစ်ပတ်တွင် ကျပ် ၁၄၃၀၀ ခန့်အထိ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ထိုကဲ့သို့ ဈေးနှုန်းမြင့်တက်လာရခြင်းမှာ ဒေါ်လာဈေးတက်သဖြင့် မတ်ပဲဈေးနှုန်းပါ မြင့်တက်လာရခြင်းဖြစ်သည်ဟု ကုန်သည်ပွဲစား အသိုင်းအဝိုင်းမှ ပြောကြားချက်အရ လေ့လာသိရှိရပါတယ်။

**ဝေဝေဖြိုး(သာယာဝတီ)**

## ပြည်ပဲတီစိမ်းသစ် မန္တလေးဝယ်လက်ဝင်ရောက်သမျှ အဝယ်ရှိနေ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသစ်များ အဝင်ဆက်တိုက်ရှိလာလို့တစ်ရက်အိတ် ၂၀၀-၃၀၀ကျော်ထိ ဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ မင်းတုန်း၊ ကံမနှင့်ပြည်ခရိုင်အတွင်း ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ခြင်းဖြစ်တယ်လို့ သိရပါတယ်။

မန္တလေးဝယ်လက် ဝယ်လိုအားရှိလို့ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးနှုန်း တစ်တင်း ကျပ် ၂၆၀၀၀-၂၇၀၀၀ကျပ်အတွင်း ရရှိနေလို့ ယခင်တစ်ပတ်ဈေးထက် ပိုလာခြင်းမရှိသလို လျော့သွားခြင်းလည်းမရှိဘဲ ဈေးငြိမ်နေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ပြည်ပဝယ်လက်ပဲများထဲမှာတော့ မတ်ပဲနှင့် ပဲစင်းငုံသီးနှံဈေးအေးနေလို့ ပဲတီစိမ်းသီးနှံက ဈေးအမြင့်ရနေကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပခုက္ကူကုန်စည်ဒိုင်တွင် ဖြစ်ပေါ်နေသာနှမ်းနှင့် ပဲမျိုးစုံဈေးကွက်

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီ (အဟောင်း)မှာတဖြည်းဖြည်း ဈေးကျလျက်ရှိပြီး ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်လည်းအေးနေခြင်းကြောင့် ပဲစင်းငုံနီ (အဟောင်း) တစ်တင်းလျှင် ကျပ်၁၂၄၀၀ဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲဈေးမှာလည်း တရိပ်ရိပ်တက်လျက်ရှိကာ ကုလားပဲဝါ HL(ပြင်စ)တစ်တင်းလျှင် ကျပ် ၂၈၃၀၀ ဖြင့်အိတ် ၅၀ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၇၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929တစ်တင်းလျှင် ကျပ် ၂၈၃၀၀ ဖြင့် အိတ် ၅၀ခန့်၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၈၀၀၀ဖြင့် အိတ် ၁၀၀ ခန့်ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်တွင် ကုန်စည်ဒိုင်သို့ ပဲတီစိမ်း(သေး)စတင်ဝင်ရောက်ခဲ့ပြီး တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဖြင့် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ စွန်တာနီတစ်တင်းလျှင် ကျပ် ၂၅၉၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲကြီးဖြူတစ်တင်းလျှင် ကျပ် ၄၀၂၀၀ဖြင့် အိတ် ၅၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။



ဒေသတွင်းမှထွက်ရှိပြီး ပြည်ပမှဝယ်လိုအားကောင်းနေသော နှမ်းညိုနှင့်နှမ်းဝါမှာ ဈေးကောင်းရရှိနေပြီး နှမ်းညိုသစ် တစ်တင်းလျှင် ကျပ် ၄၁၆၀၀ ဖြင့်အိတ် ၅၀ ခန့်၊နှမ်းဝါ(ပြင်)တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဖြင့် အိတ် ၅၀ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ကုလားပဲသီးနှံ ယခင်နှစ်ဈေးကို အမီလိုက်လာ

ပြည်ပဲဈေးကွက်သို့ ကုလားပဲသီးနှံဝင်ရောက်မှု သိပ်မရှိပေမယ့် လက်ကျန်ပဲများရှိခဲ့တာကြောင့် ခွဲစက်သမားများ ပုံမှန်ဝယ်ယူမှု အပေါ် နေ့စဉ်အရောင်းအဝယ်ဖြစ်လို့ တစ်ရက်အိတ် ၃၀၀ ကျော် ရောင်းဝယ်မှုရှိခဲ့တယ်လို့ သိရပါတယ်။ ပဲဝင်ရောက်မှုမှာ အိတ် ၅၀-၁၀၀ ခန့်သာ ဝင်ရောက်မှုရှိပေမယ့် ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ပြီး ပဲဈေးနှုန်းမှာလည်း ယခင်တစ်ပတ်ကထက် ဈေးပိုရရှိလာခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုလားပဲသီးနှံ တစ်တင်းကျပ် ၂၈၅၀၀ ဖြင့် ရောင်းဝယ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်တင်းကျပ်သုံးသောင်းထိ ရရှိလာလို့ တစ်တင်းကျပ်တစ်ထောင်ကျော် မြင့်တက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်နှစ်က ဩဂုတ်လအတွင်း ကုလားပဲသီးနှံမှာကျပ် လေးသောင်းကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခုနှစ်ဈေးလည်း ယခင်နှစ် ဈေးနီးပါးထိ ရလာခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်စားတော်ပဲ ဈေးကောင်းရသော်လည်း ယခင်နှစ်ဈေးကို မမီ

ပြည်ပဲဈေးကွက်ရဲ့ လက်လီပဲဈေးကွက်အတွင်း ဈေးအမြင့်ဖြင့် အရောင်းအဝယ်သွက်နေတဲ့ ပဲသီးနှံကတော့ စားတော်ပဲသီးနှံဖြစ်ခဲ့ပါတယ်။ လက်လီသာ ရောင်းဝယ်မှုဖြစ်လို့ တစ်ရက်အိတ် ၃၀ ကျော်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာ တစ်တင်းကျပ် ၃၅၀၀၀ ဖြင့် ဈေးအမြင့်အတိုင်း ဈေးဆက်ငြိမ်နေခဲ့တာကို တွေ့ရပါတယ်။ ယခင်တစ်ပတ်က ပဲဈေး အတော်များများ မြင့်တက်ခဲ့လို့ စားတော်ပဲဈေးမှာ တစ်တင်း ကျပ် ၄၆၀၀၀ထိ ရရှိခဲ့တာကြောင့် ယခုနှစ်ဈေးက ပဲဈေးကောင်းရနေသော်လည်း ယခင်နှစ် ပဲဈေးကိုမမီဘဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ရေနံချောင်းမြို့နယ်တွင် ပြောင်းဖူးများ လှိုင်လှိုင်ပေါ်

ရေနံချောင်းမြို့နယ်စိုက် ထိုင်ဝမ်ပြောင်းဖူးများ အသစ်လှိုင်လှိုင်ပေါ်နေရာ ရာသီစာအဖြစ် လက်လီလက်ကားရောင်းချကြရာ ပေါ်ဦးပေါ်ဖျားဈေးကောင်းရနေကြောင်း သိရသည်။

နှစ်စဉ်နယုန်လကုန်ရက်ကနေ ဝါဆိုလပထမပတ်အတွင်း မုန်းချောင်းများနှင့်ပင်းချောင်းမြေ၌ ဖူးစားပြောင်းအဖြစ် အဓိကစိုက်ကြသော်လည်း ယခုနှစ်မာန်မြေကျေးရွာအုပ်စုမှကျေးရွာငါးရွာခန့်နှင့်ကံသာရွာ၊ပင်းဝရွာများ၌ မြစ်ကမ်းပြိုပြီး မြစ်ရေတက်၍စိုက်ပျိုးမှုနည်းခဲ့ကြောင်း၊ အထွက်မှာ ထက်ဝက်(ယခင်နှစ်ကာလတူတွင် တစ်နေ့ပြောင်းဖူး ၂၀၀၀၀ခန့်ဝင်ရောက်ပြီး ယခုနှစ်ဩဂုတ်လတွင် ပြောင်းဖူးတစ်နေ့ ၈၀၀ကျော်သာရောက်ရှိကြောင်း)နီးပါးနည်းပါးကြောင်း ရောင်းလိုအားထက်ဝယ်လိုအားများကြောင်းသိရသည်။

“ဈေးကွက်မှာက ဒီအချိန်မှာကျောင်းဈေးသည်တွေ အပြင်ဘုရားပွဲတွေမှာရောင်းဖို့ဝယ်တာပါ။စားသုံးသူအိမ်ရှင်မတွေက ရာသီစာအဖြစ် စားကြတာပါ။ ဈေးကတော့ ထိုင်ဝမ်ပြောင်းဖူး၁၀၀ကိုကျပ်၁၃၀၀၀ဈေးပေါက်ပါတယ်။ ယခင်ကာလတူက ပြောင်းဖူး၁၀၀ကို ကျပ်၁၀၀၀၀သာရပါတယ်” ဟု ရေနံချောင်းမှ လက်ကားရောင်းသူ မစိန်က ပြောပါသည်။

“တစ်ဧကကို ထိုင်ဝမ်ပြောင်းမှအဖူး၁၀၀၀ကျော်ထွက်ပါတယ်။ စုစုပေါင်းရောင်းရငွေကျပ် ၂၀၀၀၀၀ရတယ်။ အရင်းကတော့ ကျပ် ၁၂၀၀၀၀ ကျော်ကုန်တယ်၊ တွက်ခြေကိုက်တယ်။ တောင်သူတစ်ဦး ငါးဧကစိုက်တာမို့တွက်ခြေကိုက်တယ်”ဟု ရေနံချောင်းမြို့နယ်က ဒေသခံဦးတင်ကြိုင်က ပြောသည်။

ယခုနှစ်တွင် ရေနံချောင်းမြို့နယ်၌ ပြောင်းစိုက်ဧက ၁၂၀၄၁ စိုက်ခဲ့ကြောင်း၊ စိုက်ဧက ၂၀၀၀ နီးပါးစိုက်ကြောင်း၊ သို့သော်လည်း လျာထားချက်မှာ ၁၆၆၀၅ လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရသိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ရေနံချောင်း၊ ချောက်မြို့နယ်ထွက် နေကြာဆီများ နယ်အဝယ်ရှိ၍ လူကြိုက်များနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်ထွက် နေကြာဆီများ နယ်၊ ရန်ကုန်၊ မန္တလေးနှင့်နေပြည်တော်၊ ပြင်ဦးလွင်၊ ပုသိမ်မြို့ တင်ပို့ ရောင်းချနေပြီး အဝယ်ရှိနေကြောင်း သိရသည်။

“ရေနံချောင်းမြို့ ဆီဈေးကွက်တွင် နေကြာဆီ တစ်ပိဿာကျပ် ၅၅၀၀ နှင့် ရောင်းရပါတယ်။ ဆေးသုံးသူတွေက နေကြာဆီကို ဈေးဘက်ဝင်တယ်။ အကြော်အလှော်တွေမှာလည်း ကြော်ဆီအဖြစ် အသုံးပြုသူ များလာတယ်။ ဒီတော့ ကျေးရွာတွေမှာနေကြာဆီကိုဆီစက်တွေနှင့်ကြိတ်ခွဲပြီး ရောင်းချတာမျိုးရှိပါတယ်”ဟု ရေနံချောင်းမြို့နယ်က နေကြာဆီရောင်းသူတစ်ဦးက ပြောသည်။ လက်ရှိ လက်လီဈေးနှုန်းများမှာမြေပဲဆီတစ်ပိဿာကျပ် ၅၀၀၀၊ နှမ်းဆီကျပ်၅၄၀၀၊စားအုန်းဆီကျပ် ၂၄၀၀ အထိ အသီးသီး ဈေးရှိကြောင်းသိရသည်။

အညာဒေသ ရေနံချောင်းမြို့နယ်၌ နေကြာကို ယခုနှစ်တွင် ဧက ၄၅၁၂ ဧက စိုက်စိုက်ပျိုးရန် လျာထားကြောင်း ယခင်နှစ်တွင် ၂၀၃၃ ဧကသာ စိုက်ခဲ့ ကြောင်းနှင့် ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရသိရသည်။

**ဆန်းညွန့်ရေနံချောင်း**

## ပြည်ပဲကြီးသီးနှံ ပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရလာ

ဩဂုတ်လလယ်မှစ၍ ပြည်ပဲဈေးကွက်သို့ ပဲကြီးသီးနှံဝင်ရောက်မှု နည်းလာခဲ့ပြီး လက်ကျန်လှောင်ပဲများ သာရောင်းဝယ်မှု ဖြစ်နေခဲ့ပါတယ်။ပဲကြော်ဖိုသမားများ နေ့စဉ်အဝယ်ရှိပြီး အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးအနေဖြင့် (ရွှေကျွန်း) တစ်တင်းကျပ် ၅၀၀၀၀၊ (ကမ်းနား)ကျပ် ၄၆၀၀၀ တို့ဖြင့် အသီးသီး ဈေးကောင်းရလျက်ရှိခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတစ်တင်း ကျပ်လေးသောင်းနီးပါးနှင့်လေးသောင်းဝန်းကျင်သာရရှိခဲ့လို့ ယခုတစ်ပတ် ပဲဈေးမှာ တစ်တင်းကျပ် တစ်သောင်းအထိ မြင့်တက်လာခဲ့တာကြောင့် ပဲဈေးကွက်အတွင်း ပဲကြီးသီးနှံဈေးအမြင့်ဆုံးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# တရုတ်နှင့်အမေရိကန်တို့၏ကုန်သွယ်ရေး

မောင်ရင်မောင်

အခုတလော အကျယ်အကျယ် အငြင်းပွားလျက်ရှိနေသောတရုတ်နှင့်အမေရိကန်တို့ရဲ့ကုန်သွယ်ရေးပြဿနာကို မီးလောင်ရာလေပင့်ဆိုသလို သူတို့နှစ်နိုင်ငံတင်မကဘဲ တစ်ကမ္ဘာလုံးရဲ့စီးပွားရေးလောကကြီးကိုပါ ထိခိုက်လာနိုင်သယောင် အမျိုးမျိုးပြောဆိုဝေဖန်နေကြတာလည်း ကြားရပါတယ်။ ဒါကြောင့် လေ့လာမိသမျှလေးကို ဆွေးနွေးတင်ပြလိုက်ပါတယ်။

တကယ်တော့ တရုတ်နဲ့အမေရိကန်တို့ရဲ့ ကုန်သွယ်မှုစတင်ပေါက်ကွဲတဲ့ကာလကို ပြန်ကြည့်ရင် တရုတ်ရဲ့ GATT နဲ့WTO မှာဝင်ခွင့်ရဖို့ စတင်ပြီးကြိုးပမ်းတဲ့ ၁၉၈၆ ခုနှစ်လောက်က စတယ်ဆိုရမှာဖြစ်ပါတယ်။ ဒီနှစ်မတိုင်မီ ၁၉၈၅ ခုနှစ်ခန့်အထိ အမေရိကန်ရဲ့တရုတ်နဲ့ လူသုံးပစ္စည်းတွေအပေါ် တင်သွင်းတင်ပို့လုပ်ကြရာမှာ အတော်ကလေး ညီမျှနေခဲ့တယ်လို့ဆိုပါတယ်။ အမေရိကန်အနေနဲ့တရုတ်ကုန်ပစ္စည်းတွေကို ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံဖိုး တင်သွင်းခဲ့သလို ၃ ဒသမ ၈ ဘီလီယံဖိုး ပြန်တင်ပို့ခဲ့တယ်လို့ဆိုပါတယ်။ ဒီလိုအခြေအနေကနေ ၂၀၀၉ ခုနှစ်လောက်ကစပြီးကုန်သွယ်မှုပမာဏချိန်ခွင်လျှာ မညီမမျှတိမ်းစောင်းခဲ့တယ်လို့ ဆိုပါတယ်။ ဒီအချိန်မှာ အမေရိကန်က ကုန်ပစ္စည်းတွေကို တရုတ်ဆီက ဘီလီယံ ၃၁၀ ဖိုးလောက် တင်သွင်းခဲ့ပေမယ့် ပြန်တင်ပို့နိုင်တာက ဘီလီယံ၇၀ပဲဖြစ်တယ်လို့ဆိုပါတယ်။ ဒါကို အချိုးချကြည့်ရင် တစ်ဒေါ်လာဖိုး တင်ပို့နိုင်ဖို့အတွက် အမေရိကန်က တရုတ်ဆီက ၄ ဒသမ ၅၀ ဒေါ်လာ တင်သွင်းရတာနဲ့ ညီတယ်လို့ ဆိုပါတယ်။

ဒီလို တစ်ဖက်စောင်းနင်း ဖြစ်လာတာကိုအချိုးနဲ့ ပြမယ်ဆိုရင် အမြင့်မားဆုံးအခြေအနေကို ၁၉၉၉ ခုနှစ်လောက်မှာ စပြီးတွေ့ကြရပါတယ်။ အမေရိကန်ရဲ့ တရုတ်နဲ့သွင်းကုန်ပို့ကုန်အချိုးဟာ ၆ ဒသမ ၇၀ ဒေါ်လာထိရှိသွားတယ်လို့ ဆိုပါတယ်။ သွင်းကုန်ပို့ကုန် ကွာဟချက်ကို ကြည့်မယ်ဆိုရင်၁၉၉၉ ခုနှစ်မှာ အမေရိကန်အတွက် ၉၄ ဒသမ ၁ ဘီလီယံအထိရှိခဲ့ပြီး (၁၀)နှစ်ကြာကာလ ၂၀၀၉ ခုနှစ်ရောက်တဲ့အခါမှာ ကွာဟချက်ဟာ ဘီလီယံ ၂၄၀ အထိရှိလာခဲ့ပါပြီ။ တစ်နည်းအားဖြင့်ပြောရရင် ၁၉၉၉ခုနှစ်မှာ အမေရိကန်က သွင်းကုန် ၁၁၀ ဒသမ ၆ ဘီလီယံဖိုး တရုတ်ဆီက သွင်းခဲ့ပေမယ့် ပို့ကုန်တန်ဖိုး ၁၆ ဒသမ ၁ ဘီလီယံသာ ပြန်ပို့နိုင်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာတော့ သွင်းကုန်တန်ဖိုး ၃၀၉ ဒသမ ၅ ဘီလီယံရှိအောင် သွင်းခဲ့ပေမယ့် တရုတ်ကို ပြန်ပို့နိုင်တာ ၆၉ ဒသမ ၆ ဘီလီယံသာ ရှိပါတယ်။ ဒီနေရာမှာ ကုန်သွယ်မှုနဲ့ပတ်သက်ရင် ဝန်ဆောင်မှုလုပ်ငန်းတန်ဖိုးများကိုလည်း ထည့်သွင်းစဉ်းစားလေ့ရှိပေမဲ့ အပြန်အလှန် ဝန်ဆောင်မှုလုပ်ငန်းများအား နှစ်နိုင်ငံစလုံးအတွက် ဖော်ပြခဲ့တဲ့ကာလတွေမှာ အရေးပါမှုနည်းသေးတာမို့ မဖော်ပြတော့ပါဘူး။

## ကုန်သွယ်ဘက်နိုင်ငံများကိုကျော်လွှားခြင်း

ဒါတင်မကပါဘူး။ တရုတ်ရဲ့ထိုးဖောက်မှုက အမေရိကန်နဲ့ကုန်သွယ်ဖက်နိုင်ငံတွေကိုတောင် ကျော်လွန်လာတာကို တွေ့ရပါသေးတယ်။ မက္ကဆီကိုနိုင်ငံဟာ အမေရိကန်အတွက် အဦးဆုံးလူသုံးကုန်ပစ္စည်း မှာယူတင်သွင်းရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ၂၀၀၃ခုနှစ်ကာလမတိုင်မီက အမေရိကန်ကို လူသုံးကုန်ပစ္စည်းတင်ပို့ရာမှာ ဒုတိယနေရာရယူထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၀၃ ခုနှစ်မှာ တရုတ်က မက္ကဆီကို ကိုသူ့နေရာကနေ တွန်းထုတ်လိုက်ပါတယ်။ အလားတူပါပဲ အမေရိကန်ကို လူသုံးကုန်ပစ္စည်းတင်သွင်းရာမှာ ထိပ်ဆုံးမှာရပ်တည်နေတဲ့ ကနေဒါကို တရုတ်က နောက်(၅)နှစ်အကြာမှာ ဖယ်ထုတ်နေရာယူခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်ကစပြီး အမေရိကန်စျေးကွက်ကို စိုးမိုးထားတဲ့ အီးယူနိုင်ငံနေရာကိုလည်းဝင်ရောက်နေရာယူခဲ့ပါတယ်။ တရုတ်အတွက် အမေရိကန်ဟာ ပို့ကုန်တွေ ဦးတည်ပို့ဆောင်ကုန်သွယ်ရမည့် နိုင်ငံကြီးတစ်နိုင်ငံဖြစ်လာခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ဩဂုတ်လဆန်းပိုင်းမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးရှိတဲ့ တရုတ်ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန် (ကုန်သွယ်စည်းကြပ်ခွန်) ၂၅ ရာခိုင်နှုန်းထပ်မံတိုးမြှင့်ကောက်ခံဖို့ သမ္မတဒေါ်နယ်ထရန့်က စဉ်းစားသုံးသပ်လျက်ရှိကြောင်း မီဒီယာများက ရေးသားဖော်ပြခဲ့ကြပါတယ်။ ဒါက နောက်ဆက်တွဲပါ အချို့သတင်းများအရ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးရှိတရုတ်ကုန်ပစ္စည်းတွေအပေါ် သွင်းကုန်ခွန် ၂၅ ကောက်ယူဖို့ ဆုံးဖြတ်ပြီးနောက်မှာ နောက်ထပ် ဒေါ်လာ ၁၆ ဘီလီယံတန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများများအပေါ် အခွန်စည်းကြပ်မှု မြှင့်တင်ရန် ဆောင်ရွက်ခဲ့တယ်လို့ ဆိုပါတယ်။ သမ္မတဒေါ်နယ်ထရန့်ကတော့ ခြိမ်းခြောက်ပြောဆိုချက်တွေ မကြာခဏလုပ်တယ်လို့ ဆိုရမှာဖြစ်ပြီး ဒါ လုပ်ရပ်တွေအပေါ် အမေရိကန်နဲ့တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားနေမှုကို ဖော်ကျူးတဲ့ လုပ်ဆောင်ချက်တွေဖြစ်တယ်လို့ပဲ ပြောကြပါတယ်။ နာမည်ကြီးဝါရှင်တန်ပို့စ်သတင်းစာကတော့ စျေးကွက်တွေ တည်ငြိမ်နေတာဖြစ်လို့ နှစ်နိုင်ငံတာဝန်ရှိသူများအနေနဲ့ ကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ဆွေးနွေးပွဲများပြုလုပ်ဖို့ အလားအလာရှိနေကြောင်း ဖော်ပြခဲ့ပါတယ်။ ၂၀၁၇ခုနှစ် အခြေပြုစာရင်းများအရ အမေရိကန်ပြည်ထောင်စုအနေနဲ့တရုတ်နဲ့ကုန်သွယ်ရေးမှာ ဒေါ်လာ ၃၇၆ ဘီလီယံကုန်သွယ်ရေး လိုငွေပြခဲ့တယ်လို့ဆိုပါတယ်။

## ကုန်သွယ်မှုသမိုင်းကြောင်း

တရုတ်အမေရိကန် ကုန်သွယ်မှုသမိုင်းကြောင်းအစဟာ ၁၇၈၃ခုနှစ် အမေရိကန်ပြည်ထောင်စုရဲ့ လွတ်လပ်ရေးရတဲ့ကာလနဲ့တစ်ထပ်တည်းဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကုန်သွယ်မှုအဖွင့်ကို အမေရိကန်ပြည်ထောင်စုရဲ့ သင်္ဘော "Empress of China " ၁၉၇၄ခုနှစ်မှာ ကန်တုံပြည်နယ် ယခုအခေါ် (Guangzhou)နယ်ကို ဆိုက်ရောက်တာက စခဲ့ပါတယ်။ အဲဒီနောက်ပိုင်း နှစ်ပေါင်း(၆၀)လောက် အရှိန်အဟုန်နဲ့တိုးတက်ပြီးနောက်ပိုင်း ၁၈၃၉ ခုနှစ်ကနေ ၁၈၄၂ ခုနှစ်ကြာအောင် ဖြစ်ပွားတဲ့ ပထမဘိန်းစစ်ပွဲအရ အရှိန်အဟုန်လျော့ကျသွားခဲ့ပါတယ်။ တရုတ်နဲ့စစ်ဖြစ်တဲ့ အဓိကနိုင်ငံတွေက ဗြိတိန်၊ ပြင်သစ်နဲ့အမေရိကန်တို့ဖြစ်ခဲ့ပါတယ်။ ၁၈၄၄ ခုနှစ်ရောက်ပြန်တော့ တရုတ်နဲ့အမေရိကန်တို့ရဲ့ဆက်ဆံရေးဟာ ပြန်ကောင်းမွန်လာခဲ့ပြီး "Treaty of Wangxia"စာချုပ်ကို ချုပ်ဆိုခဲ့တာနဲ့အတူ အမေရိကန်က တရုတ်ဆိပ်ကမ်း အတော်များများ ဝင်ထွက်ခွင့်ရပြီး သံတမန်ရေးရာဆက်ဆံမှု အားကောင်းခဲ့ပါတယ်။ အမေရိကန်အနေနဲ့ အခြားနိုင်ငံများထက် အရေးပေးခံခဲ့ရတယ်လို့ဆိုကြပါတယ်။ ၁၈၅၈ခုနှစ်မှာ ချုပ်ဆိုတဲ့ Tianjin စာချုပ်အရ ရှန်ဟိုင်းလို ဆိပ်ကမ်းကြီးတွေကတစ်ဆင့် ကုန်သွယ်မှုအခွင့်အလမ်းတွေ အမေရိကန်အတွက် အများ ကြီးရခဲ့ပြီး ၁၈၅၆ ခုနှစ်ကနေ ၁၈၆၀ ခုနှစ်တိုင်အောင် ဖြစ်ပွားတဲ့ ဒုတိယဘိန်းစစ်ပွဲတိုင်အောင် ဖြစ်ပါတယ်။

တဖြည်းဖြည်းနဲ့ တရုတ်အမျိုးသားရေးခံယူချက် လှိုင်းတံပိုးက အရှိန်ရလာခဲ့ပြီး တရုတ်ပြည်ကနေ စီးပွားရေးအကျိုးကျေးဇူးတွေရဖို့ လုပ်ဆောင်နေကြတဲ့ နိုင်ငံတွေကို ပိုမိုခြိမ်းခြောက်မှုတွေ တိုးပွားလာခဲ့ပါတယ်။ ၁၉၁၅ခုနှစ်မှာတော့ ဂျပန်နိုင်ငံက တရုတ်ရဲ့စီးပွားရေးလွတ်လပ်ခွင့်အပေါ် ပြောင်ပြောင်တင်းတင်း ပြင်းပြင်းထန်ထန် စွက်ဖက်လာပါတယ်။ ကုန်သွယ်မှုနဲ့ နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ တောင်းဆိုချက် ၂၁ ချက်ကို တောင်းဆိုခဲ့ပါတယ်။ အဲဒီတောင်းဆိုချက်တွေအထဲက အဓိကကျတဲ့ တောင်းဆိုချက်များကို တရုတ်က အမေရိကန်အစိုးရရဲ့ အားပေးကူညီမှုနဲ့ တုံ့ပြန်ငြင်းဆိုခဲ့ပါတယ်။ အမေရိကန်က တရုတ်ကို ဂျပန်ရဲ့ကျူးကျော်မှုအားလုံးကို ကာကွယ်တားဆီးနိုင်ဖို့ ဒုတိယကမ္ဘာစစ်ကာလတိုင်အောင် စစ်ဘက်ဆိုင်ရာပစ္စည်းတွေ ဝယ်ယူနိုင်ဖို့ ငွေကြေးချေးငှားထောက်ပံ့တာကအစ ကူညီခဲ့ပြီး စစ်အတွင်းတစ်လျှောက်လုံးနဲ့ စစ်ပြီးပြီးချင်းကာလတိုင်အောင် ကူညီမှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီအခြေအနေတွေဟာ ၁၉၄၉ ခုနှစ် တရုတ်ကွန်မြူနစ်ပါတီရဲ့ အာဏာရယူ အောင်မြင်မှုတွေနဲ့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်လိုက်တာကစပြီး စစ်အေးကာလတစ်လျှောက်လုံးအတွင်း တရုတ်-အမေရိကန်ဆက်ဆံရေး ယိုယွင်းပျက်စီးသွားခဲ့ပါတယ်။

## တကျော့ပြန်ကုန်သွယ်ရေး

တကယ်တော့ တရုတ်နိုင်ငံဟာ အမေရိကန်နိုင်ငံနဲ့အတူ ၁၉၄၇ခုနှစ်မှာ အခြားနိုင်ငံပေါင်း (၂၁)နိုင်ငံ အပါအဝင်ကမ္ဘာ့ကုန်သွယ်ရေးစာချုပ်ကြီး တစ်ရပ်ဖြစ်တဲ့ General Agreement on Tariffs and Trade (GATT) ကို လက်မှတ်ရေးထိုးထားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် နောက်(၃)နှစ်အကြာမှာ တရုတ်ရဲ့ကူမင်တန်အစိုးရဟာ တရုတ်ပြည်မကြီးကနေ တိုင်ဝမ်ကို ခွဲထွက်အခြေချပြီးနောက်မှာ GATT အဖွဲ့ဝင်နိုင်ငံအဖြစ်ကနေ ထွက်ခဲ့ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၃ .၈ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT ARMONIA | P'Oil(In Bulk) ၅၈၀၀ ကုန်ချဆဲ |
| အလုံဆိပ်ကမ်း(၂) | - ALS SUZURAN | ကုန်သေတ္တာ ၅၃၀ ကုန်တင်၄၆၉ ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - BANG SAKAO | သကြား ၇၄၀၀ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - MAAN AUNG | သကြား ၇၅၀၀ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၄) | - HAN THAR | သကြား ၉၀၀၀ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - KEREM | ဆန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - OCEAN PRINCESS | ဆန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - PACIFIC PRIDE | Steel Product ၂၆၉၃၆ကုန်ချဆဲ |
| MOGE JETTY | - HAIDUONG-01 | ဒီဇယ်ဆီ& JET A-1 ၂၄၁၁၉ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA BAYU | G/C ၅၇၈ကုန်ချရန် | CONGO | ၂၄.၈.၂၀၁၈ |
| CHARITES | သကြား (၂၅၀၀)တန်ကုန်ချရန် | THAI | ၂၄.၈.၂၀၁၈ |
| MOON LIGHT | သကြား (၃၀၀၀)တန်ကုန်ချရန် | THAI | ၂၄.၈.၂၀၁၈ |
| VINA LINE FREEDON | Urea(In Bulk) ၁၂၀၀၀ ကုန်ချရန် | MALAY | ၂၄.၈.၂၀၁၈ |
| VIKING AMBER | Unit Vehicle(RO/RO) ၁၅၀ ကုန်ချရန် | JAPAN | ၂၄.၈.၂၀၁၈ |
| INDIGO FLORA | Coal(In Bulk) ၂၈၀၀၀ကုန်ချရန် | RUSSIA | ၂၄.၈.၂၀၁၈ |
| ANA-M | Rice (၁၀၀၀၀)တန်ကုန်တင်ရန် | W/AFRICA | ၂၄.၈.၂၀၁၈ |
| DDVOGUE | Coal(In Bulk) ၂၁၀၀၀ကုန်ချရန် | RUSSIA | ၂၅.၈.၂၀၁၈ |
| GRIETJE | G/C ၂၃၀၃ တန် ကုန်ချရန | ITALY | ၃၀.၈.၂၀၁ |
| THAI BINH-688 | Aminium Nitrate(၇၀၀၀)တန်ကုန်ချရန် | THAI | ၃၀.၈.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OLYMPIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၃.၈.၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃.၈.၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃.၈.၂၀၁၈ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၈.၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၈.၂၀၁၈ |
| CTP FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၅.၈.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၈.၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၆.၈.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၈.၂၀၁၈ |
| EF ELENA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၈.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၈.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၃၁.၈.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၈.၂၀၁၈ |
| AS FENJA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၉.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN PORPOISE | MOGAS(92 RON) | ELITE JETTY | ၂၃.၈.၂၀၁၈ |
| MT.ORKIM FORTUNE | ဒီဇယ်ဆီ | SINGAPORE | ၂၄.၈.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၂၆.၈.၂၀၁၈ |
| MT.FLY GURNARD | MOGAS(92 RON) | SINGAPORE | ၂၆.၈.၂၀၁၈ |
| MT.AU VIRGO | P'Oil(In Bulk) | INDONESIA | ၂၆.၈.၂၀၁၈ |
| MT.OCEAN WINTER | ဒီဇယ်ဆီ +MOGAS(92 RON) | SINGAPORE | ၂၆.၈.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၂၇.၈.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၂၉.၈.၂၀၁၈ |
| MT.VIET STAR | P'Oil(In Bulk) | INDONESIA | ၁.၉.၂၀၁၈ |
| MT.YU DONG | MOGAS(92 RON) | SINGAPORE | ၁.၉.၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၂.၉.၂၀၁၈ |
| MT.PHUBAI PATTARA-2 | ဒီဇယ်ဆီ | SINGAPORE | ၃.၉.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၄.၉.၂၀၁၈ |

## ကြက်သွန်

# ပြည်ကြက်သွန်နီ ဈေးအေးသလို အရောင်းအဝယ်လည်းအေး

ပြည်ပဲဈေးကွက်အတွင်း ကြက်သွန်နီ သီးနှံဈေးနှုန်းများ တစ်ပိဿာ လျှင် ကျပ် ၅၀ မှ ၁၀၀ ခန့်ထိ အနည်းငယ်ကျဆင်းသွားကြောင်း သိရပါတယ်။ ပခုက္ကူ ဆိပ်ဖြူ အောင်လံဘက်မှ ကြက်သွန်နီများ ပိဿာ ၃၀၀ဝင် အိတ် ၃၀၀ခန့် နေ့စဉ်အဝင်ရှိနေကြောင်းလည်း သိရပါတယ်။ အဝင်ပုံမှန်ရှိပြီး ဈေးအေးနေပေမယ့် အရောင်းအဝယ်မှာဒေသတွင်း ဝယ်လက်များ၊ အိတ်ဆွဲသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့ နယ်ကျော်တင်ပို့မှု အပါအဝင် တစ်ရက်ကို ပိဿာ ၃၀ ဝင်အိတ် ၁၅၀-၁၈၀ ခန့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ဝင်ရောက်မှုရဲ့ထက်ဝက်ခန့်သာ အရောင်းအဝယ်ဖြစ်သည့်အတွက် ဈေးကွက်အတွင်း ကုန်ပစ္စည်းလက်ကျန်များပြားနေကြောင်းလည်း သိရပါတယ်။ ပွဲရုံလုပ်ငန်းရှင်များမှ ယခုနှစ် ကြက်သွန်နီ သီးနှံအနေနဲ့ သင်္ကြန်အခါ ကျော်ကာလ ပြေီးနောက်ဆုံးပတ်မှစကာ ဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေပြီး ဈေးနှုန်းများ ချိုသာသလောက် အရောင်းအဝယ်မသွက်သည့်အတွက် ရောင်းဝယ်ဖောက်ကားရသည်မှာ အချိန်သာကုန်ပြီး အကျိုးအမြတ် နည်းပါးနေကြောင်း ပွဲရုံလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရပါတယ်။ ဈေးနှုန်းအနေနဲ့ ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် အရည်အသွေးပေါ် မူတည်၍ ကျပ် ၄၅၀-၅၀၀-၅၅၀-၆၀၀-၆၃၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေး အသေးများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၆၅၀-၇၀၀၊ (လတ်) ကျပ် ၇၀၀-၈၀၀၊ (သေး)ကျပ် ၆၀၀-၆၅၀ စသည်ဖြင့် အသီးသီး ရောင်းဝယ်မှုရှိနေကာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးအနည်းငယ် ကျဆင်းသွားတယ်လို့ သိရပါတယ်။ **ဝင်းလဲ့ဝါ (ပြည်)**



# မကွေးမြို့တွင် ကြက်သွန်နီ လက်လီအရောင်းသွက်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ ကြက်သွန်ဈေးကွက်တွင် ကြက်သွန်နီအကြီး၊ အလတ်၊ အသေးနှင့်အခွံချွတ်များ လေးမျိုးခွဲပြီး ရောင်းနေရာ ကြက်သွန်အကြီးမှအပ ကျန်သုံးမျိုးမှာလက်လီဈေးနှင့်အရောင်းသွက်နေကြောင်း ပွဲစားနှင့်တောင်သူများထံက သိရသည်။

ယခုတစ်ပတ်မှာတော့ အရည်အသွေးမကောင်းတဲ့ ကြက်သွန်နီတွေတစ်နည်းပြောရင် လွန်ခဲ့တဲ့ဧပြီလကအသစ်ပေါ်ချိန်မှာ ဂိုဒေါင်ထဲမှာ လှောင်ခဲ့ကြပြီး မိုးရေထိတဲ့ဥတွေရယ်၊ အခွံချွတ်ပြီး အရောင်းမသွက်တဲ့ ကြက်သွန်တွေအဝယ်သွက်တယ်။

"ကြက်သွန်နီအလတ်ကတော့ ကျောက်ပန်းတောင်း၊ ပွင့်ဖြူ မကွေးဘက်ကိုတင်ပို့တယ်။ ယခုတစ်ပတ်မှာတစ်ရက်ကို သုံးဆယ်ပိဿာဝင်အိတ် ၅၀၀ ကျော်အဝယ်ရှိတယ်။ ယခင်တစ်ပတ်ကထက်တော့ တစ်ဝက်ကျော်ပိုရောင်းရတယ်" ဟုပွဲစား ကိုစိုးလွင်က ပြောပါသည်။

လက်ရှိ ကြက်သွန်နီဈေးနှုန်းများမှာ ကြက်သွန်နီအလတ်တစ်ပိဿာ ကျပ်၈၀၀၊ အသေးတစ်ပိဿာ ကျပ် ၅၀၀ နှင့်အခွံချွတ် ကြက်သွန်တစ်ပိဿာကျပ်၅၀၀ဖြင့်ရောင်းရပြီး ပွဲရုံဈေးမှာကြက်သွန်အလတ်တစ်ပိဿာကျပ်၆၀၀ရှိကာ အခွံချွတ်မှာ ပိဿာချိန်သုံးဆယ်ကို ကျပ်၁၂၀၀၀ဈေးရှိကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# အိမ်နီးချင်းနိုင်ငံများသို့ ကြက်သွန်နီ တင်ပို့

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုညဒသမ ၃၇၀ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၁၄၁၇ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၉၀၀နဲ့နှိုင်းယှဉ်ပါက ၅၁၇ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆၂၀၀၃ တန်ဖိုးရှိကြက်သွန်နီ ၂၀၈ တန်ကျော်ကိုလည်းကောင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၆၅၀၀ တန်ဖိုးရှိကြက်သွန်နီ တန် ၁၀၀ နဲ့ အမေရိကန်ဒေါ်လာ ၁၂၃၅၀၀ တန်ဖိုးရှိကြက်သွန်ဖြူတန် ၂၀၀ ကိုလည်းကောင်း ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

## နနွင်း

# နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၀၀၀၀ကျော် ဝင်ငွေရ

ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်းနနွင်း ၁၁၉တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ယီမင်နိုင်ငံသို့ ၁၄တန်၊ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၈၀နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၅တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာတော့ အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅၀၀-၅၂၀ ရရှိ ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်း၁၀၄တန်နဲ့ နှိုင်းယှဉ်ရင် ၁၅တန်ချိန် တင်ပို့မှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၀၉၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

# မူဆယ်မှ နနွင်းတက် ပိုမိုတင်ပို့

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၈ သန်း တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၁၅၁တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၁၀၀ ကျော်နဲ့ နှိုင်းယှဉ်လျှင် ၅၁ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ရဲ့မိမိဘက်ပေါက်ဈေးက(ငွေလဲနှုန်းအရ)ယခင်တစ်ပတ်က ကျပ် ၉၂၉၄၆၀ရှိခဲ့ရာမှ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အတွင်း ကျပ် ၉၈၀၀၀၀ သို့ ဈေးမြင့်တက်ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၄၀တန်ဖိုးရှိ နနွင်းတက် (ကျောက်ဆည်) ၆တန်နီးပါးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

## မန်ကျည်း

# ရေလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မန်ကျည်းတန်၅၀တင်ပို့

ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းသီး တန် ၅၀ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသာ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၁၇၀ ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင်တန်ချိန် ၁၂၀ ကျော် တင်ပို့မှုလျော့နည်းခဲ့ပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

## ပရဆေး

# တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၂သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၀ မျိုးကို တန်ချိန်အားဖြင့် တန် ၃၀၀ခန့် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၆၂၇ တန်နဲ့ နှိုင်းယှဉ်ပါက ၁၃၂၇ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ သီဟိုဠ်စေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ နနွင်းတက်၊ ဆီးဆန်၊ ဆီးခွဲကြမ်း၊ ရွှေးရွက်၊ ကွမ်းသီးနဲ့ ချဉ်ပေါင်ဖာလာ တို့ ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနဲ့ရိဒ်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ၀၄၁သန်းတန်ဖိုးရှိတောင်လုံးကျော် နှစ်တန်ကျော်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ပါတယ်။ **မော်မော်အောင်**

## ချင်း

# ချင်း တန်ချိန် ၆၀၀ ကျော်တင်ပို့

ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်းချင်း ၆၄၄တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၅၉၀နဲ့ စင်ကာပူနိုင်ငံသို့ ၅၄တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။ချင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၀၀-၂၃၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်က ချင်း ၅၁၃တန်ကျော်တင်ပို့နိုင်ခဲ့တာကြောင့်ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၃၀ ကျော်တင်ပို့မှုပိုခဲ့ပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃၄၆၆၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**



## ရေထွက်ကုန်

# မူဆယ်မှ ရေထွက်ကုန်တန်ဖိုး ပိုမိုပြီး တန်ချိန်လျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇၆ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၃၄၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅၂၉ တန်နဲ့နှိုင်းယှဉ်ပါက ၁၈၅ တန် လျော့နည်းခဲ့ပေမယ့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၀၆၆ သန်း ပိုမိုခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ်တွင် ငါးဆားနယ်၊ ငါးကြင်းစီဖောင်း ၊ ငါးမျိုးစုံနဲ့ ငါးပူးတင်း ရေခွံခြောက်တို့ တင်ပို့ခဲ့တာကြောင့်ဖြစ်ပါတယ်။ တစ်ဘက်နိုင်ငံ ဈေးအနေနဲ့ ယခင်တစ်ပတ်က ငါးရှဉ့် တစ်တန်ဈေး ယွမ် ၂၅၀၀၀ ရှိရာမှ ယွမ် ၂၉၀၀၀ သို့လည်းကောင်း၊ ကဏန်းတစ်တန်လျှင် ၆၆၆၆၆ ယွမ်မှ ၇၅၀၀၀ သို့လည်းကောင်း ဈေးမြင့်တက်ခဲ့ပါတယ်။ **မော်မော်အောင်**

# ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့် ရေးသားဖော်ပြရေး

နိုင်ဦး (DOCA)

ကမ္ဘာ့သုတေသန ပညာရှင်အချို့က ကမ္ဘာပေါ်ရှိ လူသားများ ပျောက်ကွယ်ရန် တဖြည်းဖြည်း နီးကပ်လာနေပြီဖြစ်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်များနှင့်အတူ ပြောကြားခဲ့ကြသည်။ လူသားများ ကမ္ဘာမြေပေါ်မှ မပျောက်ကွယ်ဘဲ ထာဝစဉ်တည်တံ့ရပ်တည်နိုင်ရန် လူသားများကိုယ်တိုင်လည်းလိုက်နာကြမည့်အချက်များကိုလည်း ဖော်ပြကြသည်။ ထိုပညာရှင်များပြောကြားခဲ့သည့် လူသားမျိုးနွယ်များ ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားနိုင်မည့် အချက်ကြီး ၁၀ ချက်ဖြစ်သည့် လူသားများ၏ နေထိုင်စားသောက်မှု ဆင်ခြင်မှုမရှိခြင်း၊ ကပ်ရောဂါများဖြစ်ပွားခြင်း၊ မဟာမီးတောင်ပေါက်ကွဲခြင်း၊ နျူကလီးယားလက်နက်များ အသုံးပြုခြင်း၊ ဥက္ကာပျံများ ဝင်တိုက်မိခြင်း၊ နေသေဆုံးခြင်း၊ ဖန်လုံအိမ်အာနိသင် ပျက်ယွင်းခြင်း၊ ဂမ္ဘာလှိုင်းများ ပေါက်ကွဲခြင်း၊ ရေသန့်ကုန်ဆုံးခြင်း၊ လေသန့်ကုန်ဆုံးခြင်းတို့တွင် လူသားများကို ကိုယ်တိုင်ဆင်ခြင်၍ ရေရှည်အကျိုးမျှော်တွေးကာ ဆောင်ရွက်ပါက အတော်အသင့် သက်သာနိုင်သည့် အချက်များရှိသကဲ့သို့ ဖောက်ပြန်လာမည့် သဘာဝတရားကြီးကိုလည်း ထိုက်သင့်သလို ကာကွယ်ရာရောက်သည့် အချက်များလည်း ပါဝင်နေသည်ကို သတိပြုဆင်ခြင်သင့်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော အခါတွင် လူဖြစ်လာရ၍ ကံကောင်းကြသည်။ ခေတ်ကာလပြောင်းလဲမှုများအရ လူတို့နေထိုင် စားသောက်မှုပုံစံများလည်း ပြောင်းလဲလာကြသည်။ ယခင်က နံနက်စောစောကို ရေနွေးကြမ်း၊ ထမင်းကြော်၊ ပဲပြုတ်ဆီဆမ်းနှင့်ပြီးခဲ့ကြသည်။ ယခုမူ အနံ့အရသာ၊ အရောင်မျိုးစုံ ပါဝင်သော လက်ဖက်ရည်၊ ကော်ဖီ၊ ကြာရှည်ခံ မုန့်မျိုးစုံ စသည်တို့ အစားထိုးဝင်ရောက်နေရာယူနေကြသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ တောရော၊ မြို့ပါ စားသောက်မှုပုံစံများသည် ကွဲပြားခြားနားမှု မရှိတော့ပေ။ အမြင်လှလှ၊ အသွင်ကြွကြွဖြင့် စားချင်စဖွယ် ထုပ်ပိုးထားသော စားစရာများသည်လည်း ကလေး၊ လူကြီးများ၏အကြိုက် ဖြစ်လာကြသည်။ ခုံခုံမင်မင် စားသုံးလာကြသည်။ ထုပ်ပိုးသောပစ္စည်းကို မည်သည့်ပစ္စည်းများနှင့် ပြုလုပ်ထားသည်။ ဘယ်နေ့ဘယ်ရက် ဘယ်အချိန် သက်တမ်းကုန်ဆုံးမလဲ။ ဘာတွေနဲ့ ဓာတ်မတည့် ဖြစ်တတ်သည် စသည့်အခြေအနေကို မကြည့်ကြတော့ပေ။ ကြည့်ရင်လည်း မသိနိုင်သော နိုင်ငံခြားဘာသာ စကားများဖြင့် ရေးသားထားသဖြင့် ပို၍ မသိနိုင်ကြတော့ပေ။ ကြာလာတော့ ထုံးစံလို ဖြစ်လာကြသည်။ ဗိုက်ပြည့်လျှင်ပြီးရော၊ အာဟာရဘာယ်လောက်ပါပါ ကိစ္စမရှိဟုထင်လာကြသည်။ နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် ရောဂါဝေဒနာ ဖြစ်ပွားမှုကို ဂရုမစိုက်ကြတော့ပေ။

တစ်ခါကမြို့ငယ်လေးတစ်မြို့တွင် တွေ့ခဲ့ရသည့် လူရွယ်တစ်ဦးသည် ဝက်ပုံပါရှိသော ပဲစေ့အရွယ်ရောင်စုံ အစေ့များပါရှိသည့် အထုပ်တစ်ထုပ်ကိုကိုင်၍ အားရပါးရဖောက်ကာ စားသောက်နေသည်ကိုတွေ့ရသည်။ ကျွန်တော်လည်း စိတ်ဝင်စားသဖြင့် ထိုလူရွယ်ဘေးသို့သွား၍ ကြည့်လိုက်ရာ စားနေသော အထုပ်သည် ဝက်များကို ကျွေးရန်အတွက် ထုတ်လုပ်ထားသော အစာထုတ်ဖြစ်နေသည်ကို တွေ့ရှိရသဖြင့် လူရွယ်အားပြောပြသော အခါတွင် လွန်စွာထိတ်လန့်သွားပြီး ကျန်ရှိတာတွေကို လွှင့်ပစ်လိုက်သည်။ ပြီးတော့ ပြောသေးသည် အထုပ်တွင် ဝက်ပုံပါရှိ၍ ဝက်သားနှင့် ပြုလုပ်ထားသည်ထင်၍ ဝယ်စားခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ မြန်မာစာ၊ မြန်မာစကားကို ကောင်းစွာတတ်သော်လည်း နိုင်ငံခြားဘာသာဖြင့် ရေးသားထားသော အထုပ်ပေါ်က စာကိုမဖတ်တတ်၍ မသိဖြစ်ကာ စားခဲ့မိကြောင်း၊ အခုလိုပြောပြ၍ ကျေးဇူးတင်ကြောင်း ပြောပြခဲ့ပါသည်။

အလားတူပင် လူသုံးအိမ်သုံးပစ္စည်းအချို့တွင် သုံးစွဲပုံ၊ သုံးစွဲနည်း နည်းစနစ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ရေးသားဖော်ပြထားခြင်း မရှိ၍ စားသုံးသူပြည်သူများ အတိဒုက္ခရောက်ကြရသည့် ဖြစ်စဉ် ပေါင်းများစွာ ဖြစ်ပေါ်ခဲ့ရသည်။အဆိုးဆုံးမှာ ဆေးဝါးများကြောင့် အသက်သေဆုံး၊ ဒုက္ခိတဖြစ်ရသည့် ဖြစ်စဉ်များ၊ အလှကုန်ပစ္စည်းများကြောင့် အလှပျက်ခဲ့ရသည့် ဖြစ်စဉ်များ၊ အစားအသောက်များကြောင့် လူဖြစ်ရှုံးခဲ့ရသော ဖြစ်စဉ်များ၊ မီးဖိုချောင်သုံး ပစ္စည်းများကြောင့် တစ်မိသားစုလုံး ဒုက္ခဖြစ်ကြရသည့် ဖြစ်စဉ်များ၊ ဆေးရုံတက်ရောက်၍ ဆေးကုသမှု ခံယူခဲ့ကြရသည့် ဖြစ်စဉ်များ စသည်ဖြင့် ဖြစ်စဉ်များစွာ ဖြစ်ပွားခဲ့ရသည်။ ဖြစ်ပွားနေဆဲဖြစ်သည်။ ယင်းကဲ့သို့ မဖြစ်ပွားစေရန် အချိန်မီတားဆီးနိုင်ရေး ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်လာပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနသည် စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်၊ ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်ရေး၊ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသလို၊ လုပ်ငန်းရှင်များကိုလည်း နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများကို ထုတ်လုပ်ဆောင်ရွက်စေရေး၊ စီးပွားရေးကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များအထိပါ ထိုးဖောက်ဆောင်ရွက်စေနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိသော ဦးစီးဌာနတစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် မိမိနိုင်ငံသားများဖြစ်သော စားသုံးသူပြည်သူများကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးရင်း၊ အခြားတစ်ဖက်မှလည်း ကုန်စည်နှင့် ဝန်ဆောင်မှု ပြုလုပ်သူ လုပ်ငန်းရှင်များအတွက် နိုင်ငံတကာစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ဆောင်ရွက်နိုင်စေရေးအတွက် ဆောင်ရွက်လျက်ရှိနေခြင်းပင် ဖြစ်သည်။

ယနေ့အချိန်အခါ၌ နိုင်ငံအသီးသီးတွင် မိမိကိုယ်ကျိုးစီးပွားကို ကာကွယ်ရန် အပြင်းအထန်ကြိုးစားနေသော အချိန်ကာလဖြစ်သည်။ မိမိနိုင်ငံမှ ထုတ်လုပ်ထွက်ရှိသော လူသုံး၊ အိမ်သုံးပစ္စည်းများနှင့် ပတ်သက်၍ အကောင်းဆုံး ဆောင်ရွက်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြသလို အခြားနိုင်ငံများမှ အလားတူလူသုံး အိမ်သုံးပစ္စည်းများ တင်သွင်းလာလျှင်လည်း အခွန်တိုးကောက်ခံခြင်းကဲ့သို့ လည်းကောင်း၊ သူတို့နိုင်ငံ၏ စံနှုန်းသတ်မှတ်ချက် အရည်အသွေး မမီ၍လည်းကောင်း စသည်ဖြင့် အကြောင်းအမျိုးမျိုးပြ၍ ငြင်းပယ်ခဲ့ကြသဖြင့် အခြားနိုင်ငံများနစ်နာဆုံးရှုံးမှုများစွာ ပေါ်ပေါက်လျက်ရှိနေသည်ကို မြင်တွေ့နေရခြင်းက သက်သေပင်ဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း ကုန်ပစ္စည်းတင်သွင်း/တင်ပို့မှုနှင့်ပတ်သက်၍ အလားတူ ဆိုးကျိုးများစွာကို ခံစားနေကြရသည်။ စားသုံးသူရော လုပ်ငန်းရှင်များပါ ကျောကော့မတတ် ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံမှ တင်ပို့သော ကုန်စည်များနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးပြကာဝယ်ယူရန် လက်တွန့်လျက်ရှိနေကြသော်လည်း သူတို့နိုင်ငံမှ ထုတ်လုပ်ရောင်းချလျက်ရှိသော လူသုံးအိမ်သုံးပစ္စည်းများနှင့် ပတ်သက်၍ အချိန်တိုအတွင်း အမြန်ဖြန့်ဖြူးရောင်းချ၍ အမြတ်ရရှိရန် နည်းလမ်းပေါင်းစုံကို အသုံးပြု၍ ဆောင်ရွက်နေကြသည်။

အဆိုးဆုံးမှာ ပြည်ပနိုင်ငံများမှမြန်မာနိုင်ငံအတွင်းသို့ တင်သွင်းရောင်းချလျက်ရှိသော လူသုံးအိမ်သုံးပစ္စည်းများတွင် မြန်မာလူမျိုးအများစု နားမလည်သော၊ မဖတ်တတ်သော ဘာသာစကားများဖြင့် သုံးစွဲပုံ၊ သုံးစွဲနည်း၊သတင်းအချက်အလက်များဖော်ပြထား၍ စားသုံးသူများ နယ်ပယ်အသီးသီးတွင် အသက်အန္တရာယ် ဆုံးရှုံးနစ်နာမှုများစွာ ကြုံတွေ့ရလျက်ရှိသည်။ ဝက်စာ၊ ကြောင်စာ၊ ငါးစာများကို မုန့်အမှတ်ဖြင့် စားသုံးခြင်း၊ အရွယ်တူ၊ အရောင်တူဆေးများကို မှားယွင်းသောက်သုံးခြင်း စသည့် အချက်များကြောင့် စားသုံးသူများ သေဆုံး၊ ဒုက္ခိတဖြစ်သွားကြမှာ စိုးရိမ်ရပါသည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းရောင်းချဖြန့်ဖြူးလျက်ရှိသော လူသုံးအိမ်သုံးပစ္စည်းများပေါ်တွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြမှသာ စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းမှုများကို အထောက် အကူပြုနိုင်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် ၅၁ သန်းကျော်သော စားသုံးသူပြည်သူများ အကျိုးစီးပွားအတွက် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ စားသုံးသူရေးရာဦးစီးဌာနမှလည်း သက် ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော လူသုံးအိမ်သုံးပစ္စည်းများတွင် စားသုံးသူ မြန်မာနိုင်ငံသားများ အားလုံး နားလည်သဘောပေါက်သည့် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြပါရှိစေရေးအတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိနေသလို စားသုံးသူပြည်သူများနှင့်လုပ်ငန်းရှင်များကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထားကာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံရှိ စားသုံးသူ ပြည်သူများသာယာချမ်းမြေ့ပျော်ရွှင်သော လူ့ဘောင်လောကကြီးအတွင်း သက်တမ်းစေ့ နေထိုင်နိုင်ကြရေးအတွက် ဌာနဆိုင်ရာများဖြင့် ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရသင့်သလောက် ရရှိနိုင်မည်မဟုတ်ပေ။ စားသုံးသူ ပြည်သူများရော၊ စီးပွားရေး လုပ်ငန်းရှင်များပါ ကိုယ်စီ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာလျှင် ရာခိုင်နှုန်းပြည့် အောင်မြင်နိုင်မည်ဖြစ်ပါသည်။စားသုံးသူများသည် လူသုံးအိမ်သုံး ပစ္စည်းများ ဝယ်ယူသုံးစွဲပါက သုံးစွဲပုံအညွှန်း၊ သတင်းအချက်အလက်များကို မိမိနားလည်သော မြန်မာဘာသာ၊ မြန်မာဘာသာနှင့်အခြားဘာသာ စကားဖြင့် ဖော်ပြထားခြင်း ရှိ/မရှိ သေချာစွာ နားလည်သဘော ပေါက်သည်အထိ ကြည့်ရှု၍ ဝယ်ယူစားသုံးသင့်ပါသည်။ လူသုံး အိမ်သုံးပစ္စည်းများ တင်ပို့၊ တင်သွင်းဖြန့်ဖြူး ရောင်းချသော လုပ်ငန်းရှင်များမှလည်း မိမိထုတ်လုပ်ဖြန့်ဖြူးသော လူသုံးပစ္စည်းများနှင့် ပတ်သက်၍ တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် စားသုံးသူအားလုံး နားလည်သဘောပေါက်သည့် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ သိသာထင်ရှားစွာ ဖော်ပြ၍ စေတနာအပြည့်ထား၍ ရောင်းချကြရန် တိုက်တွန်းအပ်ပါသည်။

## မူဆယ်မှ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ရဲ့ သီတင်းတစ်ပတ် ကုန်သွယ်မှု

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ် ရေးဇုန်မှ ပို့ကုန်အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၁၀၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၃၃၁ သန်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၀၇ ဒသမ ၄၃၈ သန်း ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ သီတင်းပတ်အတွင်း ပို့ကုန်ပိုင်းမှာ ပြောင်း၊ ဆန်၊ ပဲ၊ သစ်သီးဝလံနှင့် လက်ဝတ်ရတနာ အချောထည်တင်ပို့မှု အနည်းငယ်လျော့နည်းခဲ့ပြီး သဘာဝဓာတ်ငွေ့ တင်ပို့မှုမရှိသောကြောင့် သိသာစွာ လျော့နည်း ခဲ့ခြင်းဖြစ်ပါသည်။ သွင်းကုန်ပိုင်းတွင် လယ်ထွန်စက်၊ ရုပ်မြင်သံကြားစက်၊ အင်ဂျင်၊ စက်နှင့် စက်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ ချည်ထည်၊ ဆေးဝါးများ တင်သွင်းမှု ပိုမိုခဲ့ပါသည်။ ပြင်ပ ငွေလဲနှုန်း အနေဖြင့် တစ်ဒေါ်လာ ကျပ် ၁၄၉၄ ၊ တစ်ဒေါ်လာ ၆ ဒသမ ၉ ယွမ်၊ ကျပ် ၁၀၀ လျှင် သုညဒသမ ၄၈၃ ယွမ် နှုန်းရှိပါသည်။

ပို့ကုန်ကား ထွက်ခွာမှု အနေဖြင့် ၂၂ ဘီးယာဉ် ၂၈၁၁ စီး၊ ၁၂ဘီးယာဉ် ၁၈၆၆ စီး၊ ၆ ဘီးယာဉ် ၂၃၆ စီး၊ ၄ ဘီး ယာဉ် ၁၄၃ စီး ဖြစ်ပြီး သွင်းကုန်ကား ထွက်ခွာမှုအနေဖြင့် ၂၂ ဘီးယာဉ် ၇၇၆ စီး၊ ၁၂ ဘီးယာဉ် ၁၀၃၄ စီး၊ ၆ ဘီးယာဉ် ၃၂၉ စီးနှင့် ၄ ဘီးယာဉ် ၃၂ စီးတို့ ဖြစ်ကြောင်း သိရပါသည်။

မော်မော်အောင်

## ဒီတစ်ပတ် ဓာတ်ဆီ/ဒီဇယ်တန်ချိန် ၈၀၀၀၀ နီးပါးဝင်

ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၁၈၅၇၅၀ တန်ဖိုးရှိ ဒီဇယ် ၂၇၁၆၁ ဒသမ ၈၀ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၃၇၃၀၂၃၀ တန်ဖိုးရှိဓာတ်ဆီ ၅၄၇၇၂ ဒသမ ၀၃ တန်၊ စုစုပေါင်း ၈၁၉၃၃ ဒသမ ၈၃ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၀၂၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၄၄၈၀ကျော် တင်သွင်းမှုပိုခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဒီဇယ်တန်ချိန် ၄၈၄၈၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၁၃၁၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့ခဲ့ပါတယ်။ နယ်စပ်စခန်းဖြစ်တဲ့မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၇၄၆၀ တန်ဖိုးရှိ ဒီဇယ် ၁၆၃ ဒသမ ၇၁ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ပြည်တွင်းသို့ ဆိုင်ကယ်များ တင်သွင်းမှုကျဆင်း

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃၀ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၅၆၀၇ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၁၈၀ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ် မှာ ၃၅၇၃ စီး လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆၃ သန်းတန်ဖိုးရှိဆိုင်ကယ် ၄၀၀၇ စီး၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၄ သန်း တန်ဖိုးရှိ ဆိုင်ကယ်အစီး ၆၀၊ မြဝတီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၂၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၅၁၇ စီး တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၈ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၂၃ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ကျဆင်း

မြန်မာအိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၁၁ ရက် မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈၇ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၃၄၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၅၈၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် မှာ ၂၃၈ တန် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၆၀ သန်းတန်ဖိုးရှိ ကွမ်းသီး၁၃၃ တန်၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၂၇ သန်း တန်ဖိုးရှိကွမ်းသီး ၁၂၁၀ တန်ကို တင်ပို့ခဲ့ပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၂၁၀ သန်းတန်ဖိုးရှိမတီရှပ်၊ စောင်၊ ထမင်း ချိုင့် ခြေသုပ်ဖိနပ်၊ ဆေးရွက်ကြီး၊ စီး ကရက်၊ ဆပ်ပြာမှုန့်၊ အချိုရည်၊ ငါး သေတ္တာတို့ကို ၄၆၆ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၆၈ သန်း တန်ဖိုးရှိ စားတော်ပဲ၊ ငရုတ်ကောင်း၊ ချင်းစို၊ ငါးခေါင်းပွ၊ ငါးမြစ်ချင်း၊ စီးကရက်၊ နန့် ဖာလုံအမယ်စုံတို့ကို ၃၁၁ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**



## Energy NYMEX 24-8-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 68.33 | 0.50 | 0.74 |
| Brent Crude Futr (USD/bbl) | 75.19 | 0.46 | 0.62 |
| Gasoline Rbob Fut (Cent/gal) | 207.07 | 1.15 | 0.56 |
| Natural Gas Futr (USD/MMBtu) | 2.97 | 0.01 | 0.30 |
| Heating Oil Futr (Cent/gal) | 218.52 | 0.98 | 0.45 |

## ဈေးအမြင့်တန်းတွင် ရပ်တည်နေခဲ့သည့် ပြည်တွင်းငွေလဲနှုန်း

ဈေးနှုန်းများဆက်တိုက်မြင့်တက်နေသော ပြည်တွင်းငွေလဲဈေးကွက်သည် ဩဂုတ်လစတုတ္ထပတ်တွင်လည်း အမေရိကန်တစ်ဒေါ်လာလျှင် ကျပ်၁၅၀၀ကျော်ဖြင့် ဈေးမြင့်တက်နေခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၄၉၈ကျပ်မှ တစ်ဒေါ်လာလျှင် ၁၄၉၉ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲဖြေရှင်းနိုင်ရေးအတွက် အမေရိကန်သမ္မတနှင့် တရုတ်သမ္မတတို့၏ ထိပ်သီးဆွေးနွေးပွဲ ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ကမ္ဘာ့ဒေါ်လာညွှန်းကိန်းမှာကျဆင်းလာကြောင်း၊ ပြည်တွင်းဈေးကွက်တွင်မူ ဒေါ်လာဈေးမှာ ကျပ် ၁၅၀၀ကျော်မြင့်တက်နေပြီး စက်သုံးဆီဈေးမြင့်တက်လာခြင်းနှင့်အတူ ဆန်ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း၊ ယခုရက်ပိုင်းအတွင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံကာ ငွေလဲနှုန်းတည်ငြိမ်နိုင်ရေးအတွက် ဆွေးနွေးတိုင်ပင်ဆောင်ရွက်မည်ဖြစ်၍ အလားအလာကောင်းများ မြင်ရကြောင်း၊ လက်ရှိအချိန်တွင်မူ ဈေးကွက်အနေအထားမှာ ခန့်မှန်းရခက်ခဲကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဩဂုတ် ၂၀ရက်ကအမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၀၅ကျပ်၊ဝယ်ဈေး ၁၄၉၀ကျပ်မှ ဩဂုတ် ၂၃ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၂၀ ကျပ်၊ ဝယ်ဈေး ၁၅၁၅ကျပ်သို့ ရောက်ရှိခဲ့ပြီး ဩဂုတ် ၂၄ရက်တွင် ရောင်းဈေး ၁၅၃၀ကျပ်၊ ဝယ်ဈေး ၁၅၂၅ကျပ်ဖြင့် အရောင်းအဝယ်ရှိခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး ထပ်မံမြင့်တက်ခဲ့သော ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည် ဩဂုတ်လ တတိယပတ်တွင် ကျပ်၉၅၀၀၀၀ ကျော်မှ ဩဂုတ်လစတုတ္ထပတ်တွင် ထပ်မံမြင့်တက်ခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှစုံစမ်းသိရှိရသည်။ ဩဂုတ်လ တတိယပတ်က ကျပ် ၉၅၃၀၀၀ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ဩဂုတ်လစတုတ္ထပတ်အတွင်း ကျပ် ၉၆၀၀၀၀သို့ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ပြည်တွင်းရွှေဈေးထပ်တက်တယ်။ ဈေးနှုန်းအပြောင်းအလဲ များလွန်းမြန်လွန်းတဲ့ ဈေးကွက်တွေမှာ လူတွေက တစ်ဘက်တည်းကိုပြေးကပ်ကြတော့ တစ်ခြမ်းစောင်းတဲ့အနေအထားမျိုးတွေ ဖြစ်တက်ပါတယ်။ တစ်ကယ်ဆို သူ့အခြမ်းနဲ့သူ မျှတအောင်ခွဲပြီးနေမယ်ဆို ဒုက္ခမတွေ့နိုင်ပါဘူး။ သင်္ဘောကြီးတစ်ခုလိုပဲ အခန့်မသင့်လို့ လှိုင်းကြီးလာတဲ့အခါ လိုက်ပါလာကြတဲ့ ခရီးသည် တွေအနေနဲ့ ဘက်မျှအောင်နေတက်ဖို့ လိုပါတယ်။ အဲ့လိုမှမဟုတ်ရင် အဝယ်စောင်းတဲ့ဘက်လိုက်လိုက် အရောင်းစောင်းတဲ့ဘက်လိုက်လိုက်နဲ့ဆိုရင်တော့ လူးနေတဲ့လှေဟာမထင်မှတ်ဘဲတိမ်းမှောက်သွားတတ်ပါတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဩဂုတ် ၂၀ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၅၁၀၀၀ရှိခဲ့ရာမှ ဩဂုတ် ၂၂ရက်တွင် ကျပ် ၉၅၅၀၀၀သို့ မြင့်တက်ခဲ့ပြီး ဩဂုတ် ၂၄ရက်တွင် ကျပ် ၉၅၆၀၀၀သို့မြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဩဂုတ် ၂၀ရက်ကရွှေတစ်အောင်စလျှင် ၁၁၈၇အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဩဂုတ် ၂၂ရက်တွင် တစ်အောင်စလျှင် ၁၁၉၇အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဩဂုတ် ၂၄ရက်တွင် ၁၁၈၉အမေ ရိကန်ဒေါ်လာသို့ပြန်လည်ကျဆင်းခဲ့သော်လည်း ယခင်ရက်သတ္တပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက အနည်းငယ်ဈေးမြင့်နေခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## FMIရှယ်ယာအစောင် ၂၀ ပိုင်ဆိုင်ပါက အပိုဆုရှယ်ယာ တစ်စောင်ပေးမည်

FMIအစုရှယ်ယာရှင်များအနေဖြင့် ဩဂုတ် ၂၃ရက်အထိ FMI အစုရှယ်ယာအစောင် ၂၀ပိုင်ဆိုင်ပါက အပိုဆုအဖြစ် အစုရှယ်ယာတစ်စောင်ကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

ဩဂုတ် ၂၃ရက်အထိ FMI အစုရှယ်ယာများကိုပိုင်ဆိုင်မှုရှိနေသ၍ FMIမှ ပေးသော အမြတ်ဝေစုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ အမြတ်ဝေစုအဖြစ် အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀နှင့် အစုရှယ်ယာ အစောင် ၂၀ပိုင်ဆိုင်ပါက အပိုဆုအဖြစ် အစုရှယ်ယာတစ်စောင်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ သတိပြုရန်မှာ FMIရှယ်ယာရှင်များအနေဖြင့် မိမိတို့ပိုင်ဆိုင်ထားသော FMIအစုရှယ်ယာများကို ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုထဲအောက်မှသာရှိနေမှ အစုရှယ်ယာအစောင် ၂၀လျှင် အပိုဆုအစုရှယ်ယာတစ်စောင်ကိုထပ်မံရရှိမည်ဖြစ်ပြီးငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမတူပါက အစုရှယ်ယာအစောင် ၂၀မပြည့်ပါက အပိုဆုရရှိနိုင်မည်မဟုတ်ကြောင်း သိရသည်။

FMIအစုရှယ်ယာများကို ၂၀လီစိတ်အချိုးဖြင့် ထုတ်ဝေပေးမည်ဖြစ်ပြီး ဥပမာ အစုရှယ်ယာ ၅၅စောင်ပိုင်ဆိုင်ပါက အပိုဆုအစုရှယ်ယာ ၂စောင်ကို ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း၊ အပိုဆုအစုရှယ်ယာများကို တစ်စုလျှင် ကျပ် ၁၀၀၀ဖြင့်ထုတ်ဝေခြင်းဖြစ်ပြီး လက်ရှိထုတ်ဝေထားသော FMIအစုရှယ်ယာများနှင့် အမျိုးအစားတူဖြစ်ကြောင်း၊ အပိုဆုအစုရှယ်ယာများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုရရှိမည်မဟုတ်ဘဲ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင်သာ အမြတ်ဝေစုခံစားခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

FMI အစုရှယ်ယာများကို ဩဂုတ် ၂၉ရက်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ အရောင်းအဝယ် ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 20-August | 14.73 | 2377.90 | 2000.35 | 5915.09 | 788.00 |
| 21-August | 14.78 | 2412.06 | 2032.75 | 5999.73 | 799.00 |
| 22-August | 14.47 | 2430.79 | 2031.43 | 5913.11 | 777.00 |
| 23-August | 14.62 | 2448.86 | 2034.51 | 5935.59 | 786.00 |
| 24-August | 14.55 | 2484.79 | 2041.35 | 5565.35 | 780.00 |

## Currency Exchange Rate

August 24, 2018
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.37 |
| BDT Bangladesh Taka | 84.11 |
| CAD Canada Dollars | 1.31 |
| CNY China Yuan Renminbi | 6.88 |
| EUR Euro | 0.86 |
| H KDHong Kong Dollars | 7.85 |
| I NR India Rupees | 70.12 |
| I DR Indonesia Rupiahs | 14640.98 |
| JPY Japan Yen | 111.39 |
| MYR Malaysia | 4.11 |
| PKR Pakistan Rupees | 123.89 |
| PHP Philippines Pesos | 53.47 |
| RUB Russia Rubles | 68.15 |
| SGD Singapore Dollars | 1.37 |
| KRWSouth Korea Won | 1118.63 |
| LKR Sri Lanka Rupe | 160.83 |
| THB Thailand Baht | 32.77 |
| GBP United Kingdom Pounds | 0.78 |
| VND VietnamDon | 23321.49 |

*Source:xe.com*

## World Gold Price

August-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 20 | 1189 | 1188 | 1186 |
| 21 | 1199 | 1197 | 1198 |
| 22 | 1195 | 1194 | 1192 |
| 23 | 1196 | 1193 | 1195 |
| 24 | 1192 | 1192 | 1188 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 20-8- 2018 | 949.00 | 949.40 |
| 21-8- 2018 | 955.00 | 955.20 |
| 22-8- 2018 | 955.40 | 954.00 |
| 23-8- 2018 | 965.50 | 965.50 |
| 24-8- 2018 | 960.00 | 959.40 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 20 | 6.86 | 33.19 | 83.56 | 69.83 |
| 21 | 6.85 | 32.68 | 83.79 | 69.82 |
| 22 | 6.87 | 32.81 | 83.81 | 69.99 |
| 23 | 6.87 | 32.79 | 83.81 | 70.09 |
| 24 | 6.88 | 32.77 | 84.11 | 70.12 |

## ဘိလပ်မြေ

# ရေကြောင်းလမ်းရော နယ်စပ်လမ်းပါ ဘိလပ်မြေအဝင်နည်း

ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၄၁၄၃ တန်ဖိုးရှိ ဘိလပ်မြေ ၄၄၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မလေးရှားနိုင်ငံမှ ၅၄ တန်နဲ့ တရုတ်နိုင်ငံမှ ၃၉၂တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ တန်ချိန် ၁၅၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၁၀၇၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဩဂုတ်လ ၁၁ရက်မှ ၁၇ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၃၇၂၇တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၁၂၀၃၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၈၃၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှရောနယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းအား

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်လည်း အေးသလို ဈေးလည်းအပြောင်းအလဲမရှိငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ယခင်တစ်ပတ်က အရောင်းအဝယ်ကောင်းပေမယ့် ဒီတစ်ပတ်မှာတော့ အရောင်းအဝယ်က ပြန်ငြိမ်လာတယ်။ ဘိလပ်မြေဈေးကလည်း အပြောင်းအလဲသိပ်မရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၅၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ ဒီတစ်ပတ်မှာတော့ အရောင်းအဝယ် နည်းနည်းဖြစ်တယ်။ ဈေးကွက်ထဲဆင်(ထိုင်း)ဘိလပ်မြေက ပစ္စည်းပြတ်နေပြီး ကမ္ဘောဇဘိလပ်မြေက ဈေးကွက်ထဲဝင်လာတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ်၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၄၀၀၊ အပါချီ ကျပ်၄၉၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်မှာဈေးကွက်ထဲ ကမ္ဘောဇအရောင်းသွက်ပြီး ကျန်ဘိလပ်မြေကအရောင်းအဝယ်ပါးတယ်။ ဈေးကွက်ထဲနဂါးဘိလပ်မြေနဲ့ ဆင်(ထိုင်း)ဘိလပ်မြေက ပစ္စည်းပြတ်နေတယ်လို့သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၃၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါးကျပ်၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## စာတ်မြေသြဇာ

# မြေသြဇာတန်ချိန် ၁၅၀၀၀ ကျော်ဝင်

ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၁၇၅၂၂ တန်ဖိုးရှိမြေသြဇာ ၁၅၉၆၉ ဒသမ ၁၁၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကနေဒါနိုင်ငံမှ တန်ချိန် ၂၀၀၀၊ တရုတ်နိုင်ငံမှ ၃၇၇၆ ဒသမ၇တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၂၀၈၀၊ အီရန်နိုင်ငံမှ ၅၂၄၇ ဒသမ ၆၆၆တန်၊ အစ္စရေးနိုင်ငံမှ ၂၄တန်၊ဂျပန်နိုင်ငံမှ ၅၁တန်၊ နော်ဝေနိုင်ငံမှ ၆၁၂ ဒသမ ၆၃၅ တန်၊ရုရှားနိုင်ငံမှ ၉၇၉ ဒသမ ၃၂တန်၊ တိုင်ဝမ်နိုင်ငံမှ ၁၂၅တန်၊ ထိုင်းနိုင်ငံမှ ၁၀၇၀ ဒသမ ၃၈တန်၊ယူအက်စ်အေ ၂ ဒသမ၄၁၇တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အာမို၊ ကွန်ပေါင်း၁၅ပတ်လည်၊ဓာတ်ဆား၊ ဖလော်ရာ၊ ယူရီးယား၊ အော်ဂဲနစ်၊ နိုက်တြိုဂျင်နဲ့ အမိုးနီးယမ်းဆာလဖိတ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာ တန်ချိန် ၁၀၉၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၄၉၉၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

# မြေသြဇာဈေးကွက် အရောင်းအား

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ ၂၂၇၃၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၈၁၅၆ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၄၅၇၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီးမှာ အရောင်းအေးပြီး မကွေးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့သိရပါတယ်။ တချို့စိုက်ကွင်းတွေထဲရေများနေတာကြောင့် မြေသြဇာအသုံးပြုမှုနည်းတယ်။ ဒါကြောင့်လည်း ဝယ်ယူမှုတွေနည်းနေသေးတယ်။ အရောင်းအဝယ်ပါးနေတာကြောင့်လည်း ဈေးလည်းအတက်အကျ သိပ်မရှိဘူးလို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးမှ ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၆၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ယူရီးယား-ပုလဲ(ကမ္ဘာလုံး)နဲ့ မြားကမ္ဘာကကျပ် ၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး၊ ရွှေတောင်)၊တီစူပါ၂၀%၊တီစူပါ၁၀း၁၀း၅နဲ့ ပိုတက်ကကျပ် ၅၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုဈေးမြင့်ရတာကလည်း အရောင်းအဝယ်ကောင်းလို့မဟုတ်ဘဲ ငွေဈေးတက်တာကြောင့် ဈေးတက်ရတာလို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေး မှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၇၇၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၇၇၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၂၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၇၁၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၅၇၀၀၊ ပိုတက်(တရုတ်) ကျပ်၂၄၂၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၅၈၀၀၊ မြားကမ္ဘာကျပ် ၁၆၆၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ပဲစိုက်ပျိုးချိန်ရောက်လာတာကြောင့် ဒီတစ်ပတ်မှာတော့ အရောင်းအဝယ်နည်းနည်းသွက်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အာမို၁၆း၁၆း၈ ကျပ် ၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ် ၅၀၀ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၃၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၅၀၀၊ အာမို၁၅း၁၅း၁၅ ကျပ် ၃၉၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၂၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၂၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၇၃၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၇၀၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၁၉၈၀၀၊ တီစူပါ ကျပ် ၂၃၇၀၀၊ တောင်သူမ ကျပ် ၁၆၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီတန်ချိန် ၅၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၅၀ ကျော်ဝင်

ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၀၉၅၇၃ တန်ဖိုးရှိ နို့ဆီ၅၃၇ ဒသမ ၄၀၈ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၁၈၇ ဒသမ ၂၀တန်နဲ့ စင်ကာပူနိုင်ငံမှ ၃၅၀ ဒသမ ၂၀၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ တီးပေါ့၊ အိုကေနဲ့ဒွန်းနို့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့နို့ဆီ၆၀၉တန်ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၇၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၁၅၇၅၂၀ တန်ဖိုးရှိ နို့မှုန့် ၅၁ ဒသမ ၇၆ တန်ကိုလည်း တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့နို့မှုန့်တန်ချိန် ၁၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါ အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၈ မှ ၁၇/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၈ မှ ၁၀/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | | - |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၄၂၇•၀၀ | ၁၁၀၉•၀၀ | (-) | ၆၈၂•၀၀ |
| ၅။ | တာချီလိတ် | ၁၅၀၀•၀၀ | ၇၅၀၀•၀၀ | (-) | ၆၀၀၀•၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၁၇၅•၀၀ | (-) | ၁၇၅•၀၀ |
| ၈။ | မြိတ် | ၁၈၀၀•၀၀ | ၃၂၅၀•၀၀ | (-) | ၁၄၅၀•၀၀ |
| | စုစုပေါင်း | ၃၇၂၇•၀၀ | ၁၂၀၃၄•၀၀ | (-) | ၈၃၀၇•၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၈ မှ ၁၇/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၈ မှ ၁၀/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၁၃၉•၇၇ | ၁၃၃၁၉•၄၀ | (+) | ၂၈၂၀•၃၇ |
| ၂။ | လွယ်ဂျယ် | ၈၆၃•၀၀ | ၃၁၅•၀၀ | (+) | ၅၄၈•၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၂၇၃•၅၀ | ၁၅၄၆•၅၀ | (-) | ၂၇၃•၀၀ |
| ၄။ | ကန်ပိုက်တီ | ၄၅၃•၀၀ | ၂၄၀•၀၀ | (+) | ၂၁၃•၀၀ |
| ၅။ | မြဝတီ | ၂၇၂၀•၉၃ | ၁၃၁၁•၀၈ | (+) | ၁၄၀၉•၈၅ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | ၈၀•၀၀ | ၂၂၅•၀၀ | (-) | ၁၄၅•၀၀ |
| ၈။ | ရိုဒ် | ၁၂၀၀•၀၀ | ၁၂၀၀•၀၀ | | - |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၂၂၇၃၀•၂၀ | ၁၈၁၅၆•၉၈ | (+) | ၄၅၇၃•၂၂ |

ခင်မိုးသူ

## မြေပဲဆန်

# မြေပဲဆန်အသစ်နှင့် အဟောင်းများဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် မိုးမြေပဲဆန် ဝင်ရောက်မှုအနေဖြင့် တစ်နေ့လျှင် အိတ် ၁၀၀ ခန့် ဝင်ရောက်မှုရှိသဖြင့် အသစ်အဝင်နည်းသွားလို့ အရောင်းအဝယ်နည်းသွားပေမယ့် အဟောင်းလက်ကျန်များဖြင့်သာ အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။

ဆီစက်လုပ်ငန်းရှင်များက ရွေးဆန်များကို ဝယ်ယူမှုရှိသဖြင့် တစ်နေ့ အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ် လျက်ရှိပါတယ်။ မြေပဲလုံးဆန်(အနီ)ရော (အဖြူ) ပါ ပဲလှော်ဖိုသမားများက ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင် အိတ် ၁၀၀ခန့်အရောင်းအဝယ်ဖြစ်ပြီး နယ်ကျော်ဝယ်ယူမှုမရှိဘဲ မြို့တွင်းသာ အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီဆန် (အသစ်) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ (အဟောင်း) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြစ်ပြီး၊ လုံးဆန်(အဖြူ)(သစ်) တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ (အဖြူ)(ဟောင်း) တစ်ပိဿာလျှင် ကျပ် ၂၆၀၀ နှင့် လုံးဆန်(အနီ)(သစ်) တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ (အနီ)အဟောင်း တစ်ပိဿာလျှင် ကျပ် ၂၇၀၀ ဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## နှမ်း

# တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ နှမ်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၁ သန်း တန်ဖိုးရှိ နှမ်းရောင် စုံ ၁၀၂၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင် စုံတွေကတော့ နှမ်းဖြူ ၃၄၂ တန်ခွဲ၊ နှမ်း နက် ၃၁၅ တန်ကျော်၊ နှမ်းညို ၂၇၁ တန်နဲ့ နှမ်းညို (အခွံချွတ်) ၉၉ တန်ဖြစ်ပါတယ်။ ယခင် သီတင်းပတ်က ၆၂၁ တန် ကျော်သာ တင်ပို့ခဲ့လို့ ယခုတစ် ပတ် ၄၀၆ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှ ယခုတစ်ပတ် နှမ်းတင်ပို့မှု မရှိပေမယ့် မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်လျှင်၁၈၆၉၄၇၄ ကျပ်ရှိရာမှ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း ၁၉၄၇၃၆၈ ကျပ်သို့လည်းကောင်း၊ နှမ်းနက်တစ်တန်လျှင် ၁၉၇၄၇၃၇ ကျပ်မှ ၂၀၅၇၀၁၈ ကျပ်သို့လည်းကောင်း ဈေးပြန်လည်မြင့်တက်ခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၇ သန်းတန်ဖိုးရှိ နှမ်းညို တန် ၂၃၀ ကျော်နဲ့ နှမ်းဖြူ ၁၆ တန်ခွဲကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

# တစ်ကျော့ပြန် MADE IN THAILAND

ထိုင်းနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် ထိုင်းကုန်စည်များအား ထိုင်းလူမျိုးများစားသုံးရန်နှင့် အသုံးပြုရန် ကြိုးစားစည်းရုံးဆောင်ရွက်ခြင်းဖြင့် လွန်ခဲ့သည့်နှစ်(၃၀)ခန့်က Made in Thailand အောင်မြင်မှုကို ပြန်လည်စတင်နိုင်ရေးနှင့် ပြည်တွင်းထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ရေး ထိုင်းအစိုးရအား တောင်းဆိုလျက်ရှိကြောင်း သိရှိရပါသည်။

The Federation Of Thai Industries (FTI) ၏ ဥက္ကဋ္ဌဖြစ်သူ Mr.Supant Mongkolsuthree မှ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တွေ့ဆုံပြီးနောက်ပိုင်း Made in Thailand ဖြစ်ရေးစည်းရုံးဆောင်ရွက်နိုင်ပါက SMEs လုပ်ငန်းများအကျိုးများစွာ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ သို့သော်လက်ရှိတွင် နည်းပညာလိုအပ်ချက်တစ်ခုတည်းသာမက ရောင်းအားကျဆင်းနေခြင်းနှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများ များစွာရှိနေပါကြောင်း ပြောကြားခဲ့ပါသည်။

Mr.Supant ၏ ပြောကြားချက်အရ ယခုနှစ်တွင် စီးပွားရေးကောင်းမွန်ရန် အလားအလာရှိနေသော်လည်း နိုင်ငံခြားငွေလဲနှုန်းနှင့် ရေနံဈေးနှုန်းမတည်ငြိမ်မှုများအပြင် နိုင်ငံအတွင်းရှိပြည်နယ်များစွာ၌ ရေကြီးနစ်မြုပ်မှုများကဲ့သို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများရှိနေခြင်းကြောင့် စိုးရိမ်ပူပန်လျက်ရှိကြောင်း၊ Made in Thailand ဖြစ်ရေးအတွက် ထိုင်းထုတ်ကုန်များအား စားသုံးမှုနှင့် သုံးစွဲမှုတိုးတက်စေရန်အတွက်သာမက နိုင်ငံတကာကုန်စည်များနှင့် အရည်အသွေးတန်းတူရှိသည့် ထိုင်းကုန်စည်များအတွက် ထိုင်းပြည်သူများကိုလည်း ဗဟုသုတဖြန့်ဝေပေးရန်လိုပါကြောင်း၊ ထို့အပြင် ထိုင်း SMEs များ ရောင်းအားမြှင့်တင်ရေးကိုလည်း ကူညီဆောင်ရွက်ပေးရန် လိုပါကြောင်း၊ Made in Thailand အားကောင်းလာစေရန်အတွက် ဝန်ကြီးဌာနမှလည်း ပူးပေါင်းဆောင်ရွက်ကူညီပေးရန် တောင်းဆိုထားကြောင်း သိရှိရပါသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ FTI မှလည်း စည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းများနှင့်စက်မှုကဏ္ဍအားလုံးကိုစည်းရုံး၍ Made in Thailand တိုးမြှင့်ရန် ဖြစ်နိုင်ချေတို့ကိုလေ့လာရန်အတွက် Working Panel လုပ်ထူထောင်ရန် ကတိပြုထားပါကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလည်း Made in Thailand ပြန်လည်စတင်နိုင်ရေးစည်းရုံးဆောင်ရွက်မှုသည် WTO ၏ စည်းမျဉ်းစည်းကမ်းများအား ထိခိုက်နိုင်ခြင်း ရှိ/မရှိ လေ့လာသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလေ့လာမှုအားလုံးအား ယခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့မှသာ အစိုးရအနေဖြင့် ယခုနှစ်နောက်ဆုံးသုံးလပတ်အတွင်း အဆိုပါကိစ္စဆောင်ရွက်မှုကို စတင်နိုင်မည်ဖြစ်ပါကြောင်း Mr.Supant မှ ပြောကြားခဲ့ပါသည်။

ထို့အပြင် FTI အနေဖြင့်Working Panel (၂)ခုကို အဆိုပြုထားရာ ၎င်းတို့မှာ စက်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲများကို ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားဝင်ကိုင်တွယ်ဆောင်ရွက်ရန်တို့ဖြစ်ပါကြောင်း၊ အဆိုပါ အဆိုပြုချက်အား ဩဂုတ်လ ၇ ရက်တွင် ကုန်သွယ်ရေး၊ စက်မှုနှင့်ဘဏ်တို့အကြား ကျင်းပပြုလုပ်မည့် the Joint Standing Committee အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

Source : Bangkok Post **သတင်းစာ**

**သန်းသန်းနိုင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၄-၈-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၄၀၀ | ၅၄၀၀ | □ | ၅၂၀၀ | ၅၂၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| မကွေး | ၅၂၀၀ | ၅၅၀၀ | △ | ၅၇၀၀ | ၅၇၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၅၁၀၀ | ၅၁၀၀ | □ | ၅၁၀၀ | ၅၁၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၄-၈-၂၀၁၈ **US$/Ton**

| အမျိုးအစား | ဩဂုတ်ဒုတိယပတ် | ဩဂုတ်တတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၆၀.၀၀ | ၅၆၀.၀၀ | □ |
| **RBD P.Olein** | ၅၅၉.၅၀ | ၅၅၄.၀၀ | ▽ |
| **RBD P.Stearin** | ၅၄၆.၅၀ | ၅၄၃.၅၀ | ▽ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၄-၈-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၈၁.၈၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၄၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၁၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၁.၀၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၄.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၃၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၂၀.၉၀၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၄-၈-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 605 ဒေါ်လာနှင့် USD ဈေး ၁၄၉၉ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၄-၈-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၄၉၉ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။



# tEd,yJ0g 'aMumifurmYavmuwG

# ဈေးကွက်ကမောက်ကမဖြစ်ပေါ်မှုအပေါ် တစေ့တစောင်း

ယမင်းရွှေစင်

ကမ္ဘာ့ပဲဈေးကွက်ကို ကိုင်လှုပ်နိုင်သည့် အများဆုံးစားသုံးသည့် အိန္ဒိယနိုင်ငံ၏ ၂၀၁၇ ခုနှစ်အတွင်း ပဲတင်သွင်းမှုကိုတာ သတ်မှတ်ခြင်းနှင့် အကောက်ခွန်မူဝါဒကြောင့် ကမ္ဘာ့ပဲထုတ်လုပ်ရောင်းချသည့် နိုင်ငံများအတွက် အကျပ်ရိုက်စေသည့် အခြေအနေကို ဖြစ်ပေါ်စေခဲ့ပါသည်။ ပြည်တွင်းပဲဈေးများကျဆင်းမှုအခြေအနေကို ထိန်းချုပ်နိုင်ရန်အတွက် ယခင်က လွတ်လွတ်လပ်လပ်တင်သွင်းခွင့်ပြုထားသော ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲတို့အပေါ် နှစ်အလိုက် တင်သွင်းခွင့်ပြုမည့် ကိုတာပမာဏကို ၂၀၁၇ ခုနှစ်တွင် သတ်မှတ်လိုက်ခြင်းနှင့် ကုလားပဲ၊ ပဲနီလေးအပေါ် အကောက်ခွန်နှုန်းထားကို ၂၀၁၈ ခုနှစ်မှာ ထပ်မံမြှင့်တင်လိုက်ခြင်း ဖြစ်ပါသည်။

ယင်းကန့်သတ်သည့် မူဝါဒကြောင့် ကမ္ဘာတစ်ဝန်းလုံးရှိ ဩစတြေးလျ၊ ကနေဒါကဲ့ သို့သော အကြီးစားထုတ်လုပ်သူများအတွက် ဈေးကွက်ကမောက်ကမ ဖြစ်သကဲ့သို့ အထူးသဖြင့် မြန်မာနှင့် အာဖရိကနိုင်ငံများဖြစ်သည့် တန်ဇန်းနီးယား၊ အီသီယိုးပီးယားတို့ရှိ အသေးစားစိုက်ပျိုးထုတ်လုပ်သူနှင့် လုပ်ငန်းရှင်များအတွက်လည်း အကြီးစား Shock ရရှိစေခဲ့ပါသည်။

ထို့အပြင် ကုန်စည်အလိုက် လေ့လာဆန်းစစ်သူများအတွက်လည်း ဝေဖန်သုံးသပ်ရန် အရေးကြီး အကြောင်းအရာ ဖြစ်လာပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် အိန္ဒိယ၏ ပဲတင်သွင်းမှု အမိန့်ကြော်ငြာစာအရ ပဲစင်းငုံအတွက် ပဲစင်းငုံ အလုံး(whole tur) နှင့် ပဲစင်းငုံခွဲခြမ်း နှစ်မျိုးလုံးတင်သွင်းမှုကို ကန့်သတ်ထားသော်လည်း မတ်ပဲနှင့် ပဲတီစိမ်းကို ကန့်သတ်ရာတွင်တော့ ပဲခွဲခြမ်းဟု ဖော်ပြထားခြင်းမရှိသဖြင့် တင်သွင်းသူများအနေဖြင့် မတ်ပဲနှင့် ပဲတီစိမ်းခွဲခြမ်းများကို တင်သွင်း၍ ရနိုင်သည်ဟု ယူဆနိုင်ကြောင်း၊ မူဝါဒအရ ယင်းခွဲခြမ်းများကို ကန့်သတ်ထားမှုမရှိသည့်အတွက် အကောက်ခွန်မှလည်း အကောက်ခွန် ရှင်းလင်းပေးရလိမ့်မည်ဖြစ်ကြောင်း မကွဲပြားသော အမိန့်ညွှန်ကြားစာနှင့် ပတ်သက်၍ global agri-business specialist တစ်ဦးမှ သုံးသပ်ထားသည်ကိုလည်း တွေ့ရပါ သည်။

ပဲမူဝါဒကို အမျိုးမျိုးကျင့်သုံးလျက်ရှိသည့်တိုင် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲဈေးမှာ သတ်မှတ်ထားသော အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း (minimum support price) အောက်ပင် လျော့နည်းလျက်ရှိကြောင်းလည်း ၎င်းမှ ထောက်ပြထားပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ယခင်က LDC နိုင်ငံများမှ တင်သွင်းသော ပဲစင်းငုံအပေါ် အကောက်ခွန် ကင်းလွတ်ထားရာမှ ၂၀၁၇ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းကို မြှင့်တင်ကောက်ခံခဲ့ခြင်း၊ ကိုတာသတ်မှတ်ခြင်းကဲ့သို့သော အကောက်ခွန်နှင့် ကုန်သွယ်မှုမူဝါဒများ ပြောင်းလဲကျင့်သုံးသည့်တိုင် အစိုးရ၏ ရည်မှန်းချက်ကို မပေါက်မြောက်ခဲ့ကြောင်းကိုလည်း သုံးသပ်ထားပါသည်။

လွန်ခဲ့သည့် ၂ နှစ်အတွင်း ပဲထုတ်လုပ်မှု စံချိန်တင်ခဲ့မှုအရ ပြည်တွင်းပဲဈေးကျဆင်းမှုကြောင့်တင်သွင်းမှုမူဝါဒကိုပြောင်းလဲခြင်းသာမက ပဲဈေးများကျဆင်းခဲ့ခြင်းကြောင့် လယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ပြည်ထောင်စု စိုက်ပျိုးရေးဝန်ကြီးဌာနမှ အနိမ့်ဆုံးထောက်ပံ့မှုဈေးနှုန်း(MSP) ဖြင့် တောင်သူများထံမှ ဝယ်ယူကာ ဈေးနှုန်းထောက်ပံ့မှုအစီအစဉ် (Price Support Schemes-PSS )အရ ဈေးကွက်ကြားဖြတ်ဆောင်ရွက်မှု ပြုလုပ်ခဲ့ ပါသည်။ ယင်းအစီအစဉ်အရ ဝယ်ယူထားသော ပဲတန်ချိန် ၄ ဒသမ ၅၄ သန်းခန့်သည် ၁၂ လ အတွင်း တစ်ကြိမ်မှ ထုတ်ရောင်းခြင်း မပြုသေးသည့်အတွက် သိုလှောင်ရုံများ မအားမလပ်ဖြစ်နေပါသည်။ လာမည့်ရာသီ ပဲရိတ်သိမ်းချိန်အတွက် သိုလှောင်ရုံများ အားလပ်စေရန်အတွက် တစ်ကြောင်း၊ သဘာဝဘေးဒဏ်ခံစားနေရသည့်ပြည်နယ်များအတွက် အကျပ်အတည်း လျော့ကျစေရန်အတွက်တစ်ကြောင်း ပဲစင်းငုံ၊ ကုလားပဲ၊ မတ်ပဲနဲ့ ပဲတီစိမ်းအစရှိတဲ့ ပဲမျိုးစုံ တန်ချိန် ၃ ဒသမ ၄၈၈ သန်းကို တစ်ကီလို ၁၅ ရူပီး (ကန်ဒေါ်လာ ၂၂ ဆင့်) နှုန်းနဲ့ ပြည်နယ်အစိုးရများကို ရောင်းချဖို့ ဩဂုတ်လ ၉ ရက်နေ့က ဆုံးဖြတ်ပြီးဖြစ်ပါသည်။

အိန္ဒိယ၏ အများပြည်သူ ဖြန့်ဖြူးရေးအစီအစဉ်ဖြစ်သော အစိုးရထောက်ပံ့မှု သက်သာချောင်ချိရေး အစီအစဉ်မှတစ်ဆင့် ပဲမျိုးစုံဖြန့်ဖြူးခြင်းဖြင့် ပြည်သူများ၏ ပဲစားသုံးမှု မြှင့်တင်ခြင်းသည် လက်ရှိအစိုးရ၏ မဲဆွယ်စည်းရုံးရန်အတွက် ဦးစားပေးမူဝါဒတစ်ရပ်လည်းဖြစ်ပါသည်။ အိန္ဒိယ၏ နောက်ရွေးကောက်ပွဲကာလသည် ၂၀၁၉ ခုနှစ်၊ မေလမတိုင်မီ ဖြစ်သည့်အတွက် သိုလှောင်ပဲများ ထုတ်ရောင်းခြင်းသည် နိုင်ငံရေးတစ်ရပ်လည်းဖြစ်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးမှလည်း သုံးသပ်ထားပါသည်။

## ဩစတြေးလျအစိုးရချင်းညှိနှိုင်း

အိန္ဒိယပဲတင်သွင်းမှု ကန့်သတ်ချက်များကြောင့် ကုလားပဲ အများဆုံးထုတ်လုပ်သည့် ဩစတြေးလျပဲဈေးကွက်သည်လည်း ကမောက်ကမဖြစ်ခဲ့ရကာ အခြားသော ဈေးကွက်များဖြစ်သည့် ပါကစ္စတန်သို့ ဈေးကွက်ခိုင်မာရေး ကြိုးပမ်းလျက်ရှိပါသည်။ ထို့အပြင် ၂၀၁၈ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ကုလားပဲတင်သွင်းခွန်ကို ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်လိုက်ခြင်းသည် ကုလားပဲတင်ပို့သည့်ဈေးကွက်ကို ပိတ်သိမ်းရန်အထိ သက်ရောက်စေသည်ဟု သုံးသပ်ကြပါသည်။

အဆိုပါအခြေအနေအပေါ် တောင်သူများကို ကူညီနိုင်ရေး စိုက်ပျိုးရေးဝန်ကြီး David Littleproud မှ အိန္ဒိယသို့ သွားရောက်၍ ညှိနှိုင်းသော်လည်း အမေရိကန်နှင့် အီးယူအကြား ဖြစ်ပေါ်သည့် စတီးအကောက်ခွန်နှုန်းပြဿနာများက အိန္ဒိယအပေါ် လွှမ်းမိုးနေဆဲဖြစ်ပါသည်။ ယင်းအခြေအနေကြောင့် ဩစတြေးလျရှိ ကုလားပဲ စိုက်တောင်သူများအတွက် ဝင်ငွေများစွာ ထိခိုက်လျက်ရှိပါသည်။ ဩစတြေးလျမှ အိန္ဒိယသို့ ၂၀၁၆-၁၇ အတွင်း ကုလားပဲတင်ပို့မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံဖိုးနှင့် ပဲနီလေးတင်ပို့မှု ကန်ဒေါ်လာ ၁၉၆ သန်းဖိုးရှိခဲ့ကြောင်း သိရပါသည်။

## ပဲဈေးကွက်ချဲ့ထွင်ပြီးပြုပြင်ထုတ်လုပ်သော စက်ရုံများပေါ်ပေါက်ရန် ကနေဒါမျှော်မှန်း

ပဲနီလေးစိုက်ပျိုးမှု တတိယအကြီးဆုံးနဲ့ ပဲလုံးစိုက်ပျိုးမှု စတုတ္ထအကြီးဆုံးဖြစ်သည့် ကနေဒါ နိုင်ငံ၊ Alberta ပြည်နယ်၏ ပုံမှန်လည်ပတ်နေသည့် ပဲဈေးကွက်သည်လည်း အိန္ဒိယပဲမူဝါဒကြောင့် စိန်ခေါ်မှုများကြုံတွေ့နေရပါသည်။ တောင်သူများအနေဖြင့် ပဲမျိုးစုံ စိုက်ပျိုးမှု အနည်းငယ် လျော့နည်းသော်လည်း ပုံမှန်စိုက်ပျိုးနေကျဖြစ်သဖြင့် ထူးထူးခြားခြား ပြောင်းလဲစိုက်ပျိုးမှု မရှိသည့်အတွက် ဈေးကွက်တွင် ဝယ်သူထက် ရောင်းချမှုပိုများနေသည်ဟု Alberta Pulse Growers ၏ EC ဖြစ်သူ Leanne Fischbuch မှ Retures ကို ပြောကြားထားပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု ကန့်သတ်ချက်များနဲ့ အခွန်မူဝါဒများပြောင်းလဲနိုင်မှုကို ခန့်မှန်းရန် စောနေသေးသော်လည်း ပြောင်းလဲမှုများစွာအနက် တစ်ခုမှာ တရုတ်နိုင်ငံ၏ ပဲဝါလေးတင်သွင်းမှု မြင့်တက်လာခြင်းဖြစ်ပြီး ၂၀၁၈-၁၉ သီးနှံရာသီတွင် တင်သွင်းမှု ပိုမိုမြင့်တက်လာနိုင်သည်ဟုလည်း ဆိုပါသည်။ သို့သော် လည်း တရုတ်-အမေရိကန်အကြား ကုန်သွယ်ရေးစစ်ပွဲ (trade war)အလားအလာသည်လည်း ပဲဈေးကွက်အတွက် ဝှက်ဖဲတစ်ခုဖြစ်ကြောင်း ၎င်းမှ သုံးသပ်ထားပါသည်။

ပြည်ပဈေးကွက်များကို ချဲ့ထွင်ဖို့လိုအပ်သကဲ့သို့ ပြည်တွင်းတွင် ပဲပြုပြင်ထုတ်လုပ်သည့် စက်ရုံများစွာ ပေါ်ပေါက်ရန် လိုအပ်နေသော်လည်း လက်ရှိပဲပြုပြင်စက်ရုံ တည်ဆောက်မှုအခြေအနေများအရ ပဲမျိုးစုံ ရေရှည်အလားအလာအနေဖြင့် တောက်ပနေဆဲဖြစ်ကြောင်း ကနေဒါပဲစိုက်ပျိုးသူတစ်ဦးအနေဖြင့် ၎င်း၏အမြင်ကိုဖော်ပြထားပါသည်။

## တန်ဇန်းနီးယားတောင်သူများ အထိနာ

၂၀၀၀ ခုနှစ်တွင်အိန္ဒိယနှင့် တန်ဇန်းနီးယားနှစ်နိုင်ငံ နားလည်မှုစာချွန်လွှာရေးထိုးသည့်တိုင် အိန္ဒိယ၏ ၂၀၁၇ ခုနှစ် ပဲတင်သွင်းမှုတားမြစ်ချက်ကြောင့် ပဲစင်းငုံအပေါ် အမှီပြုနေရသည့်Supply Chain တစ်လျှောက်ရှိ တောင်သူနှင့် ကုန်သည် ၃ သိန်းခန့်ကို အထိနာစေပါသည်။ ယင်းအခြေအနေအပေါ် တန်ဇန်းနီးယား အစိုးရအနေဖြင့် အိန္ဒိယနှင့် နှစ်နိုင်ငံညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါသည်။ တန်ဇန်းနီးယားသည် ပဲစင်းငုံတန်ချိန် ၂ သိန်းခန့်ထွက်ရှိသည့်အနက် ၉၇ ရာခိုင်နှုန်းခန့်ကို အိန္ဒိယသို့ တင်ပို့လျက်ရှိပါသည်။

## ကမ္ဘာ့ဝယ်လိုအားနှင့် ရောင်းလိုအားအခြေခံအချက်များ

လွန်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ပဲဈေးကွက် ဝရုန်းသုန်းကားအခြေအနေ ဖြစ်လာခဲ့သဖြင့် ပဲလုပ်ငန်းကို သက်ရောက်နိုင်သော ကမ္ဘာ့ရောင်းလိုအား၊ ဝယ်လိုအားနှင့် ထုတ်လုပ်၊ တင်သွင်းနိုင်ငံများ၏ မူဝါဒကို အလေးထားသုံးသပ်ရန် မဖြစ်မနေ လိုအပ်လာပါသည်။ အထူးသဖြင့် ပဲထုတ်လုပ်သော မိမိတို့လိုနိုင်ငံများအနေဖြင့် ယင်းအခြေအနေများအပေါ် စဉ်ဆက်မပြတ် လေ့လာသုံးသပ်ရမည့် အနေအထားရှိပါသဖြင့် ဩစတြေးလျ Grains Research & Development Corporation (GRDC)၏ အစီရင်ခံစာကို လေ့လာ၍ ဖော်ပြလိုက်ပါသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှု ၇ ရာခိုင်နှုန်းခန့်ရှိနေခြင်းသည် ဆင်းရဲသား ပြည်သူများအတွက် အသုံးပြုနိုင်သည့်ဝင်ငွေ ပိုမိုလာဖွယ်ရှိပြီး ပဲစားသုံးမှုလည်း ပိုမိုလာမည်ဖြစ်ရာ ရေရှည်တွင် ပဲဝယ်လိုအား ဆက်လက်တက်လာဖွယ်ရှိသည့် အခြေအနေဖြစ်ပါသည်။

စက်မှုလုပ်ငန်းများ ချဲ့ထွင်ခြင်းများကြောင့် ပဲတင်သွင်းမှု တစ်နှစ်လျှင် တန်ချိန် ၁ သန်းကျော်ရှိနေသည့် တရုတ်နိုင်ငံ၏ဝယ်လိုအားမှာဆက်လက်ကြီးထွားနေပြီး မြောက်အမေရိကမှလည်းကနေဒါကုလားပဲကို ဝယ်လိုအားပြည့်မီစေရန် တင်သွင်းမှုများလာခြင်းနှင့်အတူ ဝယ်လိုအားပိုမို လာနေပါ သည်။

ဩစတြေးလျနိုင်ငံအတွင်းတွင် တိရစ္ဆာန်အစာပြတ်လပ်မှုအရ ပဲပြားနှင့် ပဲလုံးအတွက် အခြေအနေပိုမိုကောင်းမွန်လာစေပြီး အိန္ဒိယနိုင်ငံ၏ ပဲဝါလေးတင်သွင်းမှုအပေါ် ကန့်သတ်မှုများကြောင့် အခြားပဲများဖြစ်သည့် ကုလားပဲစားသုံးမှုကို တိုးတက်စေပြီး ၎င်းတို့လက်ကျန်သိုလှောင်မှုကို လျော့ကျစေနိုင်သည့် အလားအလာ ဖြစ်ပေါ်စေနိုင်ပါသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် ပဲရောင်းချမှုလျော့နည်းခြင်းဆက်လက်ရှိနေသဖြင့် ၂၀၁၈ ခုနှစ်အတွင်း ပဲလိုအပ်ချက်ကို ဖြည့်ဆည်းရန် တင်သွင်းလာမည်ဖြစ်သော်လည်း အစိုးရကြားဖြတ် ဆောင်ရွက်မှုများက ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေနိုင်မည်ဟု ခန့်မှန်းထားပါသည်။

ရောင်းလိုအားဘက်ကိုကြည့်မည်ဆိုပါက အိန္ဒိယနိုင်ငံပဲထုတ်လုပ်မှု မြင့်တက်သည်ဆိုသော်လည်း စားသုံးမှုကြောင့် လက်ကျန်လျော့ကျလျက်ရှိပြီး အထူးသဖြင့် ပဲအချို့တင်သွင်းမှုကို ကန့်သတ်ခြင်းကြောင့် ကုလားပဲရောင်းချရမှု ပိုမိုလာပါသည်။ ၂၀၁၈ နွေပဲသီးနှံရာသီချိန်တွင် တန်ချိန် ၁ ဒသမ ၃ သန်းခန့် ထွက်ရှိမည်ဟု မျှော်မှန်းသဖြင့် ၂၀၁၇ ခုနှစ်ထက် လျော့ကျကြောင်း၊ အကြောင်းအရင်းအနေဖြင့် ပြည်တွင်းပဲဈေးနိမ့်ကျခြင်းကြောင့် စိုက်ပျိုးမှုတွင် လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။ တောင်သူများ ပိုမိုစိုက်ပျိုးစေရန်အတွက် အစိုးရမှပေးသည့် အနိမ့်ဆုံး ထောက်ပံ့ဈေးနှုန်းသည်လည်း သက်ရောက်မှုမရှိသည့် လက္ခဏာဖြစ်ပေါ်ခဲ့ပါသည်။ လက်ရှိ အိန္ဒိယမိုးရာသီတွင် အချို့သော ပြည်နယ်များတွင် မိုးကြီးသော်လည်း အချို့သောပြည်နယ်တွင် မိုးရေမလုံလောက်သည့် အခြေအနေက ပဲအထွက်ကို သက်ရောက်စေနိုင်သည်ဟုလည်း သုံးသပ်ကြပါသည်။ လက်ရှိ ကုလားပဲဈေးနိမ့်ကျမှုကြောင့် ဆောင်းပဲစိုက်ရာသီတွင် စိုက်ပျိုးမှု လျော့နည်းနိုင်သည့်အခြေအနေများသည် အိန္ဒိယ၏ ပဲရောင်းလိုအား တိုးတက်လာနိုင်သည်ဟု ကောက်ချက်မချနိုင်သည့်အနေအထားဖြစ်ပါသည်။

ရာသီစချိန် ကနေဒါနှင့် ဩစတြေးလျတွင် ရာသီဥတု ခြောက်သွေ့မှုကြောင့် စိုက်ပျိုးမှု နောက်ကျခဲ့ရပြီး အိန္ဒိယကို တင်ပို့မှုလျော့နည်းခဲ့ရသဖြင့် အဓိကပဲဈေးများ လျော့နည်းရခြင်း အကြောင်းရင်းများက အဓိကပဲစိုက်ပြည်နယ်များတွင် ပဲစိုက်တောင်သူများကို လွှမ်းမိုးလျက်ရှိနေပါသည်။

စာမျက်နှာ ၂၅ သို့

# စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာ ဆပ်ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၁၈)ကျင်းပ

စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ၏လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကို ဩဂုတ် ၁၇ ရက်နေ့ မွန်းလွဲ ၁း၀၀ နာရီတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ သုတေသနနှင့်တီထွင်ဆန်းသစ် မှုဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲကို စိုက်ပျိုးရေးအခြေခံထုတ်ကုန်စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာ ကော်မတီအတွင်းရေးမှူး ဦးမြင့်ဝေနှင့် ကော်မတီဝင်အဖွဲ့ဝင် များ၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ တာဝန်ရှိ သူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲ၌ စိုက်ပျိုးရေးအခြေခံထုတ်ကုန်များ ဖြစ်သော ငှက်ပျောသီး စံချိန်စံညွှန်းနှင့်ကျွဲကောသီးစံချိန် စံညွှန်းအတွက် သက်ဆိုင်ရာ သစ်သီးဝလံအသင်းအဖွဲ့များ၊ ဌာနအသီးသီးမှ ကော်မတီဝင်များနှင့် ပူးပေါင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ဆက်လက်၍ ကော်မတီ အတွင်းရေးမှူးမှ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ကရင်ပြည်နယ်ခရီးစဉ်တွင် ကရင်ပြည်နယ်ရှိ အလားအလာရှိသော ဒူးရင်းနှင့် မင်းကွတ် သီးနှံများအတွက် အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ် နိုင်ရေးနှင့်ထုပ်ပိုးမှုစိတ်ကူးစိတ်သန်းကောင်းများ စဉ်းစားကြ ရန် ညွှန်ကြားထားမှုရှိပါကြောင်း၊ ထို့ကြောင့် အဆိုပါသီးနှံများ အတွက် အရည်အသွေးဆိုင်ရာစီမံခန့်ခွဲနိုင်ရေးအတွက် စံချိန် စံညွှန်းများရေးဆွဲ၍ကော်မတီတွင် ဆွေးနွေးမှုများပြုလုပ် လိုပါကြောင်းပြောကြားခဲ့ပါသည်။ပုဂ္ဂလိကကဏ္ဍမှ တောင်းဆို



ထားသော ခနိဖူး စံချိန်စံညွှန်းရေးဆွဲရေးအတွက် ပုဂ္ဂလိက ကဏ္ဍမှပညာရှင်များနှင့်ဌာနအသီးသီးမှ ပညာရှင်များ ပါဝင် သည့် working committee ဖွဲ့စည်းမှုလုပ်ငန်းများ ဆောင် ရွက်ခဲ့ပါသည်။ စိုက်ပျိုးရေး အခြေခံထုတ်ကုန်စံချိန်စံညွှန်း ရေးဆွဲရေးနည်းပညာဆပ်ကော်မတီသည် စိုက်ပျိုးရေး အခြေခံထုတ်ကုန် အမျိုးပေါင်း(၂၁)မျိုးကို စံချိန်စံညွှန်းရေး ဆွဲရန် လျာထားလျက်ရှိပြီး အမျိုးသားစံချိန်စံညွှန်းကောင်စီ မှ မြန်မာ့ဆန်နှင့် ပဲအချို့ စံချိန်စံညွှန်း သတ်မှတ်ချက်များကို ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ မြေပဲ၊နှမ်း၊ ထောပတ်သီးနှင့် ဖရဲသီးတို့၏ စံချိန်စံညွှန်းများကိုလည်း ရေးဆွဲပြီးဖြစ်ပြီး စံချိန် စံညွှန်းကောင်စီသို့ တင်ပြထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်သောလယ်ယာထွက်ကုန်သီးနှံများသည် စံချိန် စံညွှန်းနှင့်အညီ ထုတ်လုပ်တင်ပို့ရောင်းချမှသာ နိုင်ငံတကာ ဈေးကွက်တွင် ဈေးကောင်းရရှိမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ညနေ၄း၀၀နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

**မောင်မောင်-CTQM**

# လားရှိုးမြို့နယ်အတွင်းရှိ ကျောင်းပေါင်း (၃၉)ကျောင်းမှ ကျောင်းမုန့်ဈေးသည်များထဲမှ ကျောင်းဈေးသည်စံပြဆုချီးမြှင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ကျောင်းကျန်းမာရေး ကော်မတီမှဦးစီးကျင်းပသော ကျောင်းပေါင်း ၃၉ ကျောင်းမှ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်း ကျန်းမာရေးထူးချွန်ဆုရကျောင်း(၉)ကျောင်းကိုရွေးချယ်ပြီး ဩဂုတ် ၁၉ ရက် တွင် လားရှိုးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ အဆိုပါဆုချီးမြှင့်သည့်အခမ်းအနားသို့ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ် ရေးမှူးဦးကျော်သူဇော်၊ စားသုံးသူရေးရာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ၊ ကျောင်း အသီးသီးမှ ဆရာ/ဆရာမများ၊ ဆုရကျောင်းများနှင့် ဆုရဈေးသည်များ တက်ရောက်ခဲ့ပါသည်။

ဆုများချီးမြှင့်ရာတွင် ကျောင်းကျန်းမာရေးကော်မတီအဖွဲ့မှ ကျောင်း မုန့်ဈေးသည်များအား ရှောင်တခင်သွားရောက်စစ်ဆေး၍ အမှတ်ပေးနည်း စနစ်ဖြင့်ဆုံးဖြတ်ခဲ့ရာ ကျောင်းကျန်းမာရေး ထူးချွန်ဆုရကျောင်းကိုပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူးဦးကျော်သူဇော်မှပေးအပ်ခဲ့ပြီး ကျောင်း ဈေးသည်စံပြဆုကိုစားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းမှ ပေးအပ်ချီးမြှင့်ခဲ့ရာ ပထမဆုကို အထက(၁)ကျောင်းမှ ဒေါ်နန်းရွှေအောင်နှင့် ဒုတိယဆုကိုဒေါ်နန်းကျန်တို့မှလည်းကောင်း၊တတိယ ဆုကို အလက(၂)ကျောင်းမှ ဒေါ်လုမိုင်တို့မှ အသီးသီးရရှိခဲ့ကြောင်း သိရှိရ ပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

# ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ(၆/၂၀၁၈)ပါ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

(ယခင်တစ်ပတ်မှအဆက်)

**ကုမ္ပဏီများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ် လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၈။ ကုမ္ပဏီများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ် လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုမ္ပဏီ၏ Phone ၊ Fax ၊ Email တို့ပါရှိသည့် Letter Head ဖြင့်လျှောက်လွှာ

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ Online စနစ်ဖြင့် ထုတ်ပေး သောကုမ္ပဏီမှတ်ပုံတင်လက်မှတ် (အများပိုင်ကုမ္ပဏီများအတွက် လုပ်ငန်းစတင် ဆောင်ရွက်ခွင့်လက်မှတ်အပါအဝင်)နှင့် ကုမ္ပဏီမှတ်တမ်းအကျဉ်းချုပ်တို့အား Print Out ထုတ်ထားသည့် မိတ္တူအထောက်အထားများ **နောက်ဆက်တွဲ(က)**

(ဂ) ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်၊ ရာထူး၊ လိပ်စာ၊ ပတ်စပို့ဓာတ်ပုံနှင့် လက်မှတ် နမူနာတို့ပါဝင်သော ဓာတ်ပုံဇယား **နောက်ဆက်တွဲ(ခ)**

(ဃ) MIC ခွင့်ပြုမိန့်(MIC ခွင့်ပြုချက်ဖြင့်လျှောက်ထားသောကုမ္ပဏီများသာ)

(င) လျှောက်ထားသူ MD/Director ၏နိုင်ငံသားစိစစ်ရေးကတ်/ PASSPORT မိတ္တူ၊

(စ) အခြားနိုင်ငံတစ်ခုမှလွှဲပို့သည့် Capital Brought In,Bank အထောက်အထား (ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီများအတွက်သာ) (မူရင်း၊ မိတ္တူ)

**သမဝါယမအသင်းများပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ် လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ**

၉။ သမဝါယမအသင်းများ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ် လျှောက်ထားရာတွင် တင်ပြ ရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အသင်း၏ Phone ၊ Fax ၊ Email တို့ပါရှိသော Letter Head ဖြင့်လျှောက်လွှာ

(ခ) သမဝါ ယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံစာ

(ဂ) သမဝါယမအသင်း မှတ်ပုံတင်လက်မှတ် (မိတ္တူ/မူရင်း)

(ဃ) သမဝါယမအသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း

(င) သမဝါယမအသင်းဒါရိုက်တာအဖွဲ့ဝင်များ၏ ဓာတ်ပုံဇယား

(စ) သမဝါယမအသင်းစည်းကမ်းစာအုပ်

(ဆ) လျှောက်ထားသူ အမှုဆောင်၏နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

**မှတ်ပုံတင်သက်တမ်းကာလနှင့် မှတ်ပုံတင်ကြေး**

၁၀။ ကုမ္ပဏီများအတွက် မှတ်ပုံတင်သက်တမ်းကာလမှာ သာမန်အားဖြင့် (၅)နှစ်ဖြစ်ပြီး မှတ်ပုံတင် ကြေးမှာ ၂၀၀၀၀၀ ကျပ် ဖြစ်ပါသည်။

၁၁။ သမဝါယမအသင်းများအတွက်မှတ်ပုံတင်သက်တမ်းကာလနှင့်မှတ်ပုံတင်ကြေးတို့မှာအောက် ပါအတိုင်းဖြစ်ပါသည် -

| | | |
|---|---|---|
| (ခ) | (၁) နှစ် အထိ | ၅၀၀၀၀ ကျပ် |
| (ဂ) | (၂) နှစ် အထိ | ၁၀၀၀၀၀ ကျပ် |
| (ဃ) | (၃) နှစ် အထိ | ၁၅၀၀၀၀ ကျပ် |
| (င) | (၃) နှစ်မှ (၅)နှစ်အထိ | ၂၀၀၀၀၀ ကျပ် |

၁၂။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းအား စတင်ခွင့်ပြုသည့်နေ့မှ သက်တမ်း (၅) နှစ်အထိတစ်ဆက်တည်းသတ်မှတ်ခွင့်ပြုပါသည်။သို့ရာတွင်သမဝါယမအသင်းများကိုမူ သက်ဆိုင်ရာ ဌာနမှခွင့်ပြုသည့် သက်တမ်းသည် (၅)နှစ် အောက်ဖြစ်ပါက ယင်းသက်တမ်းအတိုင်း ခွင့်ပြုပြီး ၅ နှစ် အထက်ဖြစ်ပါက ၅ နှစ်သာခွင့်ပြုပါမည်။

**မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခွင့်လျှောက်ထားရမည့်ကာလ**

၁၃။ မိမိမှတ်ပုံတင်ထားသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးမည့် နေ့မတိုင်မီ (၃)လ ကြိုတင်၍ လျှောက်ထားနိုင်ပါသည်။

၁၄။ ထိုသို့လျှောက်ထားရာတွင် သမဝါယမအသင်းများအတွက် သမဝါယမဦးစီးဌာနတွင် သက်တမ်းတိုးခွင့် ဦးစွာဆောင်ရွက်ပြီးမှသာ လျှောက်ထားရပါမည်။

**မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခွင့်လျှောက်ထားခြင်း**

၁၅။ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်ရက်နှင့် ယင်းရက်မတိုင်မီ ကြိုတင်လျှောက်ထားခြင်းကို သတ်မှတ်သက်တမ်းတိုးမြှင့်ကြေးများ ပေးဆောင်စေပြီး သက်တမ်းကုန်ဆုံးရက်၏ နောက်တစ်ရက် မှစ၍ ၅ နှစ် ထပ်မံသက်တမ်းတိုးမြှင့်ခွင့်ပြုပါသည်။သက်တမ်းကုန်ဆုံးပြီးတစ်နှစ်အတွင်း လျှောက်ထားမှုများ

(ဆက်လက်ဖော်ပြပါမည်)

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်နှင့် သကြား ပြည်တွင်းဈေးနှုန်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီ ဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဩဂုတ်လ တတိယပတ်အတွင်း ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၃ နိုင်ငံရှိ၍ Turkey နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၉ ဒသမ ၈၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၆၁ နိုင်ငံရှိပြီး မြန်မာ၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်ဝမ်၊ ပါကစ္စတန်နှင့် ဗီယက်နမ် စသည့်နိုင်ငံများပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံအနေဖြင့် ၁၈ နိုင်ငံရှိ၍ ဂျပန်၊ ဘရာဇီး၊ နယ်သာလန်၊ ကနေဒါ၊ ဆွစ်ဇာလန်၊ ထိုင်း၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့ ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံသည် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသည် သုည ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံသည် သုည ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေ၍ ထိုင်းနိုင်ငံသည် သုည ဒသမ ၈၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဩဂုတ်လ တတိယပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၀ နိုင်ငံရှိခဲ့၍ Turkey နိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၉ ဒသမ ၈၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် မြန်မာ၊ တရုတ်၊ အီတလီ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ ပါကစ္စတန်၊ ရုရှားနှင့်ထိုင်ဝမ် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံ ၅၉ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ၁၃ နိုင်ငံရှိ၍ ထိုင်း၊ အမေရိကန်၊ ဂျပန်၊ ကနေဒါနှင့် ဘရာဇီးနိုင်ငံတို့ဖြစ်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုညဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံသည် ၃ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသည် သုည ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်သည် သုည ဒသမ ၆၀ ရာခိုင်နှုန်းထိ ဈေးတက်ခဲ့ကာ မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေ၍ ထိုင်းနိုင်ငံသည် ၂ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၀ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၈ | ၀.၅၇ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၇၆ |
| ၃ | ထိုင်း | လီတာ | ၁.၁၄ | ၀.၈၈ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၇၆ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၂ | ၁.၂၅ |
| ၆ | မလေးရှား | လီတာ | ၀.၅၄ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၆ | ၀.၈၄ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၄ | ၀.၉၂ |
| ၉ | လာအို | လီတာ | ၁.၂၂ | ၀.၉၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ ရှိပြီး စက်သုံးဆီ

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၄ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၆ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၃၈၄ ဖြင့် လည်းကောင်းရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၇၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၂ နှင့် အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ကြည့်ပါက ပါကစ္စတန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဧည့်မထ ၅ မှတ်၊ ဧည့်မထ ၂၅ မှတ် ဆန်ဈေးနှုန်းများ အနည်းငယ် ဈေးတက်သွားကြောင်း သိရပါသည်။ ထိုင်းဆန်ဈေးနှုန်းမှာ ဈေးအနည်းငယ်သာကျသွားခဲ့ပြီး အိန္ဒိယဆန်ဈေးနှုန်းမှာမူ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဆန်ဈေးနှုန်းအနည်းငယ်တည်ငြိမ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

၂၀၁၈ ခုနှစ်ဇန်နဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၁၄ ရက်နေ့အထိ၊ ထိုင်းနိုင်ငံသည် ကမ္ဘာ့ဈေးကွက် အသီးသီးသို့ ဆန်တန်ချိန် ၆ဒသမ၉၉ သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ် ကာလတူထက် ၂ရာခိုင်နှုန်း တိုးတက်တင်ပို့နိုင်ခဲ့ပါကြောင်း၊ နိုင်ငံခြားကုန်သွယ်မှုဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အတည်ပြုပြောကြားခဲ့ပြီး ယင်းတင်ပို့မှုမှ ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ဒသမ၅၂ သန်းရရှိခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် ၁၉ဒသမ၁၅ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပါကြောင်း သိရှိရပါသည်။ အကောက်ခွန်ဌာနမှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ဆန်တင်ပို့မှုတွင် အင်ဒိုနီးရှားနိုင်ငံသို့ ၆၉၆ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံသို့ ၂၅ဒသမ၃၇ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံသို့ ၅၃ ဒသမ ၀၇ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံသို့ ၈ဒသမ၈၄ ရာခိုင်နှုန်း၊ ကနေဒါနိုင်ငံသို့ ၂ ဒသမ ၈၉၇ ရာခိုင်နှုန်းနှင့် မက္ကဆီကိုနိုင်ငံသို့ ၉၇၃ ရာခိုင်နှုန်း တိုးတက်တင်ပို့နိုင်ခဲ့ပြီး ကမ္ဘာ့ဈေးကွက်ကြီးများအားလုံးသို့ တင်ပို့မှုပိုမိုခဲ့ပါကြောင်း သိရှိရပါသည်။ ယခုလတွင် အစိုးရသည် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁ သိန်း ၂ သောင်း ကို အစိုးရအချင်းချင်း သဘောတူညီမှုဖြင့် ရောင်းချရန် စီစဉ်လျက်ရှိပြီး၊ ဆန်တန်ချိန် ၂ သိန်း ၁ သောင်း ၅ ထောင်ကို ပုဂ္ဂလိကကဏ္ဍနှင့်ချိတ်ဆက်ပြီး ရောင်းချနိုင်ရန် သဘောတူထားပြီးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် စပါးစိုက်တောင်သူ များအတွက် အခြားသော ဆန်အမျိုးအစားများမှလည်း ဝင်ငွေတိုးတက်လာစေရန် ဆန်ဖြူ ပေါင်းဆန်၊ ဟွန်မလီနှင့် (Riceberry) မြန်မာ အခေါ် ကောက်ညှင်း ငချိတ်ဆန်တင်ပို့နိုင်မှု ဈေးကွက်သစ်ကို EU၊ U.S၊ ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံများသို့ ဈေးကွက်ဝင်ရောက် တိုးချဲ့နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်း အနေဖြင့် ၁ ဘတ်လျှင် ၄၆ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင် ၂၄၅၀၄ ကျပ်ခန့်ပေါက်ဈေးရှိသဖြင့် ယခင် တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲမှု မရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဩဂုတ်လ ၂၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်း များအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၂၀ ကျပ် နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်လျှင် ၂၆၆၂၀ ကျပ် မှ ၂၆၈၄၀ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း အနည်းငယ်တက်သွားကြောင်း သိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ်ဩဂုတ်လအတွင်း ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၀၀ သန်း၊ ကင်မရွန်း သုညဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၅၀ သန်း၊ ကျူးဘား သုည ဒသမ ၅၄၀ သန်း ၊ EU ၂ သန်း၊ ဂါနာ သုညဒသမ ၆၈၀ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၁၀၀ သန်း၊ အင်ဒို နီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုညဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၂၅၀ သန်း၊ ကင်ညာ သုညဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုညဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဆော်ဒီအာရေးဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုညဒသမ ၉၀၀ သန်း၊ US သုညဒသမ ၈၅၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၅ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားသဖြင့် မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံလည်းဖြစ် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဈေးကွက်လိုအပ်ချက်များစွာရှိနေသောကြောင့် မြန်မာနိုင်ငံမှ ဆန်ပမာဏ အမြောက်အမြား တင်ပို့နိုင်မည်ဆိုလျှင် ပြည်ပသို့တင်ပို့သော ဆန်ဈေးကွက် မြင့်တက်လာနိုင်ကြောင်း သုံးသပ်သိရှိရပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် တစ်ပတ်အတွင်း ဧည့်မထ ၅ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းဆန်များ ဈေးအနည်းငယ်တက်ခဲ့ပြီး အခြားဆန်အမျိုးအစားများမှာ ယခင်တစ်ပတ် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ကြည့်ပါက ဆန်အမျိုးအစားကိုလိုက်၍ ဈေးနှုန်းအနည်းငယ် တည်ငြိမ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခုတစ်ပတ်အတွင်း ဧည့်မထဆန် ၂၅ မှတ်နှင့် ၃၅ မှတ်ဆန်များ ပုံမှန်အရောင်းအဝယ်သွက်နေကြောင်း သိရှိရပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ရက်သတ္တပတ်အတွင်း အနည်းငယ်ဈေးတက်ခဲ့သည်ကို တွေ့ရှိရပါသည်။ မုံရွာမြို့တို့တွင် ဧည့်မထဆန် (ရောမင်း) တစ်ပြည်လျှင်

# နှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

ဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁၈ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁၈ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်းသက်သာသော နိုင်ငံများတွင် ပါဝင်ပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး၊ အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဘာဘေဒို | လီတာ | ၁.၉၄ |
| ၂ | အီရန် | လီတာ | ၀.၂၉ | နယ်သာလန် | လီတာ | ၁.၉၅ |
| ၃ | ဆူဒန် | လီတာ | ၀.၃၄ | နော်ဝေ | လီတာ | ၂.၀၂ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | အိုက်စလန် | လီတာ | ၂.၁၀ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၆ | ဟောင်ကောင် | လီတာ | ၂.၁၅ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၀ | ဆွီဒင် | လီတာ | ၁.၇၇ |
| ၂ | အီရန် | လီတာ | ၀.၀၇ | ဆွစ်ဇာလန် | လီတာ | ၁.၇၇ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | မိုနာကို | လီတာ | ၁.၇၉ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၂၀ | နော်ဝေ | လီတာ | ၁.၈၇ |
| ၅ | ဆူဒန် | လီတာ | ၀.၂၃ | အိုက်စလန် | လီတာ | ၂.၀၂ |

Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Curde Oil) နေ့စဉ် ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၈.၈.၂၀၁၈ | စည် | ၆၅.၄၆ |
| ၂ | ၁၉.၈.၂၀၁၈ | စည် | ၆၅.၉၁ |
| ၃ | ၂၀.၈.၂၀၁၈ | စည် | ၆၆.၄၃ |
| ၄ | ၂၁.၈.၂၀၁၈ | စည် | ၆၅.၈၄ |
| ၅ | ၂၂.၈.၂၀၁၈ | စည် | ၆၇.၈၆ |
| ၆ | ၂၃.၈.၂၀၁၈ | စည် | ၆၇.၈၃ |

source : http://www.oil-price.net/

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

သို့ဖြစ်ပါ၍ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) ဈေးနှုန်းများသည် ယခုဩဂုတ်လ တတိယပတ်အတွင်း ကမ္ဘာ့ ဈေးနှုန်းများမှာ တည်ငြိမ်နေသကဲ့သို့ အာရှဒေသနိုင်ငံ များဖြစ်သော မြန်မာ၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ထိုင်ဝမ်နှင့် ဗီယက်နမ်နိုင်ငံများ၏ဈေးနှုန်းများလည်း တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာတော့ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အနည်းငယ်တက်လာကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## ကြည်စိမ့်သူ

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | ဒီဇယ်ဆီ | | | |
| | | ဩဂုတ် ၁၇ | ဩဂုတ် ၂၀ | ဩဂုတ် ၂၁ | ဩဂုတ် ၂၃ | ဩဂုတ် ၁၇ | ဩဂုတ် ၂၀ | ဩဂုတ် ၂၁ | ဩဂုတ် ၂၃ |
| ၁ | မြစ်ကြီးနား | ၄၅၆၀ | ၄၆၂၀ | ၄၆၂၀ | ၄၆၆၅ | ၄၆၀၀ | ၄၆၆၀ | ၄၆၇၀ | ၄၇၀၀ |
| ၂ | လားရှိုး | ၄၄၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၃ | ကျိုင်းတုံ | ၅၁၃၀ | ၅၁၃၀ | ၅၁၃၀ | ၅၁၃၀ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ |
| ၄ | တောင်ကြီး | ၄၄၀၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၄၅၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၅ | လွိုင်ကော် | ၄၁၀၀ | ၄၁၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၅၀၀ | ၄၆၀၀ |
| ၆ | ဘားအံ | ၄၂၇၅ | ၄၂၇၅ | ၄၃၂၀ | ၄၃၂၀ | ၄၄၁၀ | ၄၄၁၀ | ၄၄၅၅ | ၄၄၅၅ |
| ၇ | မော်လမြိုင် | ၄၄၁၀ | ၄၅၂၂ | ၄၅၂၂ | ၄၅၄၅ | ၄၄၁၀ | ၄၅၄၅ | ၄၅၄၅ | ၄၅၄၅ |
| ၈ | ထားဝယ် | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၉ | မြိတ် | ၄၀၅၀ | ၄၀၅၀ | ၄၁၆၃ | ၄၁၆၃ | ၄၀၉၅ | ၄၀၉၅ | ၄၂၀၈ | ၄၂၀၈ |
| ၁၀ | ရန်ကုန် | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၃၁၉ | ၄၃၆၄ | ၄၃၆၄ | ၄၃၆၄ |
| ၁၁ | ပုသိမ် | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၁၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၂ | စစ်တွေ | ၃၉၆၀ | ၄၀၀၀ | ၄၀၈၀ | ၄၀၈၀ | ၄၀၀၀ | ၄၁၂၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၃ | ဟားခါး | ၄၆၄၀ | ၄၇၆၀ | ၄၇၆၀ | ၄၇၆၀ | ၄၄၅၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | ၄၁၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ |
| ၁၇ | မကွေး | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၅၀ | ၄၄၅၅ | ၄၅၂၃ | ၄၅၂၃ | ၄၅၂၃ |
| ၁၈ | ပြည် | ၄၂၅၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၁၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၉ | ပဲခူး | ၄၂၅၀ | ၄၂၇၅ | ၄၂၇၅ | ၄၂၇၅ | ၄၃၇၅ | ၄၃၉၀ | ၄၃၉၀ | ၄၃၉၀ |
| ၂၀ | ပျဉ်းမနား | ၄၂၇၅ | ၄၂၇၅ | ၄၃၆၅ | ၄၃၆၅ | ၄၂၉၇ | ၄၂၉၇ | ၄၃၈၇ | ၄၄၁၀ |
| ၂၁ | နေပြည်တော် | ၄၂၇၅ | ၄၂၇၅ | ၄၃၆၅ | ၄၃၆၅ | ၄၂၉၇ | ၄၂၉၇ | ၄၃၈၇ | ၄၄၁၀ |
| ၂၂ | ကလေး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ | ၄၄၅၀ |

Souece:doca_domestic

၂၈၀၀ ကျပ်၊ ဟားခါးမြို့တွင် ၂၀၀၀ ကျပ်၊ ကျိုင်းတုံမြို့တွင် ကျပ် ၁၈၀၀ အသီးသီးဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့ပါသည်။ စစ်တွေမြို့တွင် ၁၁၅၀ ကျပ်ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | |
|---|---|---|---|---|---|
| | | ၁၇.၈.၂၀၁၈ | ၂၀.၈.၂၀၁၈ | ၂၁.၈.၂၀၁၈ | ၂၃.၈.၂၀၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂ | လားရှိုး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၃ | ကျိုင်းတုံ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၄ | တောင်ကြီး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၅ | လွိုင်ကော် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၈ | ထားဝယ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၉ | မြိတ် | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၁၀ | ရန်ကုန် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၁ | ပုသိမ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၂ | စစ်တွေ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၁၃ | ဟားခါး | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၁၄ | မုံရွာ | ၂၆၀၀ | ၂၆၀၀ | ၂၇၀၀ | ၂၈၀၀ |
| ၁၅ | မန္တလေး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၂၅၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၈ | ပြည် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၉ | ပဲခူး | ၁၂၀၀ | ၁၂၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၀ | ပျဉ်းမနား | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၁ | နေပြည်တော် | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source-doca_domestic

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ် ပါကဈေးနှုန်းတည်ငြိမ်နေသည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်ဩဂုတ်လတတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာ နိုင်ငံတွင်လည်း ဆန်ဈေးနှုန်း အနည်းငယ်ပြောင်းလဲမှု ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## သကြား ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ပေါ်တွင် သကြားစားသုံးမှုအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ တစ်ကမ္ဘာလုံး သုံးစွဲမှု၏ ၇၇ ရာခိုင်နှုန်းရှိပြီး၊ သကြားအဓိက စားသုံးသောနိုင်ငံများအနေဖြင့် အိန္ဒိယ၊ EU-28၊ တရုတ်၊ ဘရာဇီးလ်၊ အမေရိကန်ပြည်ထောင်စု၊ အင်ဒိုနီးရှား၊ ရုရှား၊ ပါကစ္စတန်၊ မက်ဆီကို၊ အီဂျစ်/အာရပ်ပြည်ထောင်စုတို့ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ဘရာဇီးလ်နိုင်ငံသည် ကမ္ဘာပေါ်တွင် သကြားအဓိက ထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ကမ္ဘာ့သကြားအများဆုံး တင်ပို့နိုင်သည့် နိုင်ငံလည်း ဖြစ်ပါသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 22-Aug-18 | 10.84 cts/lb | 11.14 cts/lb | 306.85 $/T | 13.92 cts/lb |
| 21-Aug-18 | 10.83 cts/lb | 11.16 cts/lb | 307.15 $/T | 13.93 cts/lb |
| 20-Aug-18 | 10.75 cts/lb | 11.18 cts/lb | 304.90 $/T | 13.83 cts/lb |
| 17-Aug-18 | 10.84 cts/lb | 11.23 cts/lb | 308.15 $/T | 13.98 cts/lb |
| 16-Aug-18 | 10.93 cts/lb | 11.28 cts/lb | 311.80 $/T | 14.14 cts/lb |
| 15-Aug-18 | 10.91 cts/lb | 11.33 cts/lb | 311.45 $/T | 14.13 cts/lb |
| 14-Aug-18 | 11.04 cts/lb | 11.39 cts/lb | 312.50 $/T | 14.17 cts/lb |
| 13-Aug-18 | 11.08 cts/lb | 11.44 cts/lb | 312.85 $/T | 14.19 cts/lb |
| 10-Aug-18 | 11.26 cts/lb | 11.47 cts/lb | 316.85 $/T | 14.37 cts/lb |
| 9-Aug-18 | 11.40 cts/lb | 11.50 cts/lb | 319.85 $/T | 14.51 cts/lb |
| 8-Aug-18 | 11.47 cts/lb | 11.50 cts/lb | 320.05 $/T | 14.52 cts/lb |
| 7-Aug-18 | 11.55 cts/lb | 11.51 cts/lb | 323.25 $/T | 14.66 cts/lb |
| 6-Aug-18 | 11.56 cts/lb | 11.52 cts/lb | 326.25 $/T | 14.80 cts/lb |
| 3-Aug-18 | 11.45 cts/lb | 11.52 cts/lb | 323.85 $/T | 14.69 cts/lb |
| 2-Aug-18 | 11.19 cts/lb | 11.52 cts/lb | 318.05 $/T | 14.43 cts/lb |
| 1-Aug-18 | 11.09 cts/lb | 11.55 cts/lb | 314.65 $/T | 14.27 cts/lb |

မြန်မာနိုင်ငံတွင် လတ်တလော၌ ပြည်ပမှသကြားကို ဝယ်ယူတင်သွင်းပြီး (Re-Export) စနစ်ဖြင့် ပြန်လည်တင်ပို့ခွင့် လိုင်စင်ထုတ်ပေးမှုကို ယခုလ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၇ ရက် နေ့မှစပြီး ယာယီရပ်ဆိုင်းလိုက်ကြောင်း၊ သို့ရာတွင် Re-Export စနစ်ဖြင့် သကြားတင်သွင်း/တင်ပို့ရန်အသစ်လျှောက်ထားသည့် လိုင်စင်များကိုသာ ယာယီရပ်ဆိုင်းလိုက်ခြင်းဖြစ်သော်လည်း ယခင်က ခွင့်ပြုပေးထားသည့် ပါမစ်များကိုမူ ဆက်လက် တင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ကမ္ဘာ့သကြားဈေးကွက် အနေဖြင့် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ ကမ္ဘာ့သကြားဈေးအနေဖြင့် ယခင်တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် ဈေးနှုန်းလျော့နည်းလာကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar ) တစ်တန်လျှင် ဩဂုတ်လ ၁၆ ရက်နေ့တွင် အမေ ရိကန်ဒေါ်လာ ၃၁၁ဒသမ၈၀ ပေါက်ဈေးရှိခဲ့ရာမှ ဩဂုတ် ၂၂ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃၀၆ ဒသမ ၈၅ သို့ ကျဆင်း လာခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၁၈ ခုနှစ် ဩဂုတ်လ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၈ ဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်း ယှဉ်ပါက တရုတ်နိုင်ငံတွင် အနည်းငယ် ဈေးကျခဲ့ကြောင်း သိရှိရပါသည်။ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၁၂ - ၄၂၁၊ အိန္ဒိယနိုင်ငံတွင် အမေရိကန် ဒေါ်လာ ၄၆၃ - ၆၁၇ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျခဲ့ကြောင်း သိရှိရပါသည်။ အမေရိကန်နိုင်ငံတွင် တစ် တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၃ ဖြစ်ပြီး၊ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၄၉ ဖြစ်ကြောင်းသိရှိရပါသည်။

**စာမျက်နှာ ၂၇ သို့**

# ထိုင်းကုမ္ပဏီများ အိန္ဒိယတွင် ရင်းနှီးမြှုပ်နှံရန်တိုက်တွန်း

**သန်းသန်းနိုင်**

ထိုင်းစီးပွားရေး လုပ်ငန်းရှင်များသည် "Act West"ကိုလည်း အားပေးလျက်ရှိပြီး အရှေ့တောင်အာရှဒေသနှင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေး ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရန်အတွက် အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ ပြည်နယ်(၈)ခုတွင် ရှယ်ယာတန်ဖိုး ဘတ် ၆ ဒသမ ၂ ထရီလီယံရှိ စီမံကိန်းတစ်ခုတွင် ပထမဆုံးရင်းနှီးမြှုပ်နှံမည့်သူများ ဖြစ်လာပါသည်။ ဇူလိုင်လ ၁၉ ရက်နေ့ မှ ၂၀ ရက်နေ့အတွင်း နယူးဒေလီမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၀)ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲ အစည်းအဝေးတွင် ထိုင်းသံအမတ်ကြီးမှ အဆိုပါကိစ္စအား စတင်အဆိုပြုခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံခြားရေး ဒုတိယဝန်ကြီး Mr VK Singh မှလည်း အစိုးရ၏ "Act East" မှာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် စီးပွားရေးဆက်ဆံမှု ခိုင်မာစေရန် ရည်ရွယ်သည့် ပထမခြေလှမ်းဖြစ်ပါကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။ အဆိုပါ အဆင့်မြင့်ထိပ်သီးဆွေးနွေးပွဲသို့ ဒေသတွင်းနိုင်ငံခြားရေးရာ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးပညာရှင်များ အပါအဝင် ထိုင်းနိုင်ငံမှ CP ဥက္ကဋ္ဌဖြစ်သူ Mr. Dhanin Chearavanont တို့တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

အရှေ့တောင်အာရှ၊ အာဖရိက၊ ဥရောပတို့နှင့်ချိတ်ဆက်၍ ကုန်းလမ်း၊ ရေလမ်းဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ရည်ရွယ်ဆောင်ရွက်ခဲ့သည့် တရုတ်နိုင်ငံ၏ Belt & Road ကနဦး ဆောင်ရွက်မှုအား တွက်ချက်၍ အိန္ဒိယမှ "Act East" ကို ဆောင်ရွက်ခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံ၏ Belt & Road အစီအစဉ်အရ ဘင်္ဂလားဒေ့ရှ်မှာ အဆိုပါစီမံကိန်း၏ ရှုထောင့်အဖြစ်ရည်ရွယ်ထားခဲ့ပြီး အိန္ဒိယနိုင်ငံကို ရှောင်ကွင်းရန် ကြိုးစားခြင်းဖြစ်သည်ဟု သုံးသပ်ကြောင်း သိရှိရပါသည်။

"Act East"သည် အိန္ဒိယဝန်ကြီးချုပ် Mr.Modi ၏ မူဝါဒဖြစ်ပြီး ပစိဖိတ်နိုင်ငံများနှင့် စီးပွားရေးတိုးတက် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထို့အပြင် အရှေ့တောင်အာရှနိုင်ငံများနှင့် ချိတ်ဆက်ရန် အဓိကစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက် (၂)ခုအတွက်လည်း ဖြစ်ကြောင်း၊ အဆိုပါ အဓိကစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်(၂)ခုမှာ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ပြည်နယ်(၈)ခုတွင် ဒေသတွင်းစီးပွားရေးဇုန်သစ် (၁)ခု တည်ဆောက်ရန်နှင့် ရေကြောင်းစီးပွားရေး မြှင့်တင်ရေးအတွက် အခြေခံအဆောက်အဦနှင့် အဓိကပင်လယ်ဆိပ်ကမ်း (၁၂)ခု ဖွံ့ဖြိုးတိုးတက်ရေးတို့ပါဝင်သည့် The Sagarmala Port Development Project ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရှိရပါသည်။

Act East သည် အိန္ဒိယအစိုးရ၏ ယန္တရားအစိတ်အပိုင်းတစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၃၀ ခုနှစ်တွင် ကမ္ဘာ့တတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံအဖြစ် မျှော်မှန်းထားကြောင်း၊ ဒေသတွင်း၌ ကိုယ်ပိုင်စီးပွားရေး အမှတ်အသားပြုလုပ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ Act East အောက်တွင် အိန္ဒိယအစိုးရအနေဖြင့် လာမည့်(၁၀) နှစ်တာကာလအတွင်း ရေကြောင်းဆိုင်ရာ အခြေခံအဆောက်အဦများ၊ စီးပွားရေးဇုန်များနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ငွေ ၆ ဒသမ ၂ ထရီလီယံ အသုံးပြုရန် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

အဆိုပါ အစည်းအဝေးတွင် Mr.Singh မှ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများအတွက် အဓိကကျသည့် စက်မှုလုပ်ငန်း ၂၇ တွင် ရင်းနှီးမြှုပ်နှံခြင်း၌ နိုင်ငံအတွက် အကျိုးအမြတ်များရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။ အိန္ဒိယဝန်ကြီးချုပ် Mr.Modi သည် သယ်ယူပို့ဆောင်ရေးစရိတ်များလျှော့ချရန်နှင့် သင်္ဘောတင်ခြင်းဆိုင်ရာ ဖြေလျှော့မှုများအတွက် ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရန် ၂၀၁၅ ခုနှစ်အတွင်း အကျယ်အဝန်း ၁၄၅၀၀ ကီလိုမီတာရှိ "Sagarmala" စီမံကိန်းကို ကြေညာခဲ့ပါသည်။ "Sagarmala"၏ အဓိပ္ပာယ်အား ခွဲခြမ်းစိတ်ဖြာပါက Hindi ဘာသာအရ "Sagar" မှာ ပင်လယ်သမုဒ္ဒရာဖြစ်ပြီး "Mala" မှာ သီကုံးသည့်ကြိုးဟု အဓိပ္ပာယ်ရှိခြင်းကြောင့် အဆိုပါစီမံကိန်းမှာ ပင်လယ်ကိုဖြတ်သန်းချိတ်ဆက်မည့် ကွန်ရက်၏ ပုံရိပ်တစ်ခုဖြစ်သည်ဟု သိရှိရပါသည်။

အခြားစီမံကိန်းတစ်ခုမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါ၊ မြန်မာနိုင်ငံတို့နှင့် ထိစပ်နေသည့် အရှေ့မြောက်ဒေသရှိ ပြည်နယ် ၈ ခုအတွင်းဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်စီမံကိန်းဖြစ်ပါသည်။ အဆိုပါဒေသသည် အာဆီယံနှင့် ရေရှည်ဆက်ဆံလိုသည့် Mr.Modi ၏ ဥပဒေပိုမိုသက်ရောက်မှုရှိသည့် ဒေသဖြစ်ပြီး အိန္ဒိယသမုဒ္ဒရာမှာလည်း အိန္ဒိယနှင့် အာဆီယံနိုင်ငံတို့အကြား စီးပွားရေးကို အဓိကပေါင်းကူးပေးမည့် သော့ချက်တစ်ခုဟု Mr.Modi က ယုံကြည်ထားကြောင်း သိရှိရပါသည်။

ထိုင်းအာဆီယံရေးရာဦးစီးဌာန၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သည့် Mr.Pradap မှ Act East မူဝါဒသည် ထိုင်းနိုင်ငံအတွက် ကြီးမားသောအခွင့်အလမ်းတစ်ခုဖြစ်ခြင်းကြောင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပထမဦးဆုံး ရှေ့ဆောင်ပါဝင်သင့်ပါကြောင်း၊ အောင်မြင်မှုရရှိချိန်မှလိုက်ပါဆောင်ရွက်မည်ဆိုပါက နောက်ကျသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် ချူလာလောင်ကွန်းတက္ကသိုလ်မှ အရှေ့အာရှဆိုင်ရာ ကျွမ်းကျင်ပညာရှင် Mr.Piti SriSangnan မှလည်း အဆိုပါဒေသသည် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့်အပြင်လယ်ယာကဏ္ဍနှင့် ခရီးသွားလုပ်ငန်းများအတွက် အလားအလာကောင်းများရှိနေပါကြောင်း၊ မိမိတို့အနေဖြင့် လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ကို ဖြည့်တင်းပေးနိုင်ရေး ဈေးကွက်အတွင်း အားသာချက်အရင်ဆုံးရရှိနိုင်ရန်အတွက် ပထမဆုံးဆောင်ရွက်သင့်ကြောင်း၊ အဆိုပါ အာသံပြည်နယ်သည် ဗုဒ္ဓသမိုင်းဝင်နယ်မြေဖြစ်၍ ထိုင်းလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည့် ရွေးချယ်မှုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ အကြောင်းရင်းများကြောင့် ထိုင်းနိုင်ငံနှင့် အာသံပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာန၏ အစီအမံဖြင့် လေ့လာမှုပြုလုပ်ရန် တွေ့ဆုံသွားမည်ဖြစ်ကြောင်း၊ ထိုင်းဝန်ကြီးချုပ် Mr Prayut Chan-o-Chan မှ ၂၀၁၆ ခုနှစ်အတွင်း အိန္ဒိယနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် Act West မူဝါဒကိုချမှတ်ခဲ့ပါကြောင်း၊ အိန္ဒိယအရှေ့မြောက်ဒေသသည် အာဆီယံနိုင်ငံများအတွက် အဓိကဝင်ပေါက်မဟုတ်သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ရေးအတွက် အချက်အချာကျသည့် နေရာဖြစ်ကြောင်း၊ ပထဝီနိုင်ငံရေးအရ Act East သည်ကြီးမားသည့် Belt and Road စီမံကိန်းကြီးအားယှဉ်ပြိုင်နိုင်ရန်လိုအပ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်အချို့နှင့် တရုတ်နိုင်ငံအကြား ဖြစ်ပွားနေသည့် တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းစုဆိုင်ရာ နယ်မြေအငြင်းပွားမှုများနှင့် အခြားသောကုန်သွယ်မှုဆိုင်ရာ ချိတ်ဆက်မှုများကိုလည်း လျစ်လျူရှုမထားသင့်ကြောင်း Mr. Prayut မှ ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

**Source:Bangkok Post သတင်းစာ**

# ဆန်တင်ပို့မှု ခန့်မှန်းချက် မေးမိုန်

ထိုင်းနိုင်ငံ၊ ဆန်တင်ပို့သူများအသင်းသည် ယခုနှစ်အတွင်း ဆန်တန်ချိန်ပေါင်း (၁၁)သန်း တင်ပို့ရန် မျှော်မှန်းထားခဲ့ပါသည်။ သို့သော် ဘတ်ငွေတန်ဖိုးကျဆင်းနေခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဆန်ဝယ်လိုအား ခိုင်မာမှုရှိနေသော်လည်း ဆန်ရောင်းချမှုကို လျော့ကျစေနိုင်ကြောင်း သိရှိရပါသည်။ ဆန်တင်ပို့သူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr Charoen မှ ၎င်းတို့၏အသင်းအနေဖြင့် ဆန်တန်ချိန်ပေါင်း ၉. ၅ သန်း၊ တန်ဖိုးဒေါ်လာ ၄. ၃ ဘီလီယံတင်ပို့နိုင်လိမ့်မည်ဟု ဇန်နဝါရီလကပင် ကြိုတင်ခန့်မှန်းထားခဲ့ကြောင်း၊ ယခုအခါ ထို့ထက်ကျော်လွန်၍ တန်ချိန် ၁၁သန်းထိ တင်ပို့နိုင်ရန်နှင့် တန်ဖိုး ၅. ၆ ဘီလီယံရရှိနိုင်မည်ဟု ယုံကြည်ထားကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ၎င်းမှမိမိတို့အနေဖြင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဂျပန်နှင့် အာဖရိကနိုင်ငံများကဲ့သို့ ဝယ်လိုအား ခိုင်မာသည့် ဝယ်လက်များရှိနေဆဲဖြစ်ကြောင်း၊ အဆိုပါနိုင်ငံများအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုနည်းပါးသဖြင့် နိုင်ငံတွင်းဖူလုံမှုရှိစေရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်စပိုင်းတွင် တစ်ဒေါ်လာလျှင် ပျမ်းမျှ ၃၁ ဘတ်သာရှိခဲ့သော်လည်း လက်ရှိငွေလဲနှုန်းအရ တစ်ဒေါ်လာလျှင် ၃၃ ဘတ်နှုန်းဖြင့် ကုန်သွယ်မှုပြုလုပ်နေကြောင်း၊ ကမ္ဘာ့ဈေးကွက်အတွင်း ပိုမိုယှဉ်ပြိုင်လာမှုကြောင့် ဈေးနှုန်းများတက်လာခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Mr Charoen ၏ ပြောကြားချက်အရ အစောပိုင်းကာလအတွင်း တရုတ်နိုင်ငံနှင့် သဘောတူညီထားသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သော မြန်နှုန်းမြင့်မီးရထားလမ်းစီမံကိန်းနှင့် ဆန်တန်ချိန် နှစ်သန်း၊ ရော်ဘာတန်ချိန် နှစ်သိန်းဝယ်ယူမည့် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယခုနှစ်အတွင်း တရုတ်နိုင်ငံမှ ဆန်တန်ချိန် တစ်သန်းဝယ်ယူရန် မကြာမီ သဘောတူညီမှုရရှိလိမ့်မယ်ဟု မျှော်လင့်ထားကြောင်း သိရှိရပါသည်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆန်ဟောင်း/ဆန်သစ် တန်ချိန် တစ်သန်းစီနှင့် ရော်ဘာ တန်ချိန် နှစ်သိန်းဝယ်ယူရန်အတွက် သဘောတူလက်မှတ်ရေးထိုးထားရာ ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ဆန်တန်ချိန် တစ်သန်းတင်ပို့ရေး လက်မှတ်ရေးထိုးရန် အဆင်သင့်ရှိနေကြောင်း သိရှိရပါသည်။

ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဖြစ်သူ Mr Chookiat မှ ယခုနှစ်အတွင်း အင်ဒိုနီးရှားမှလည်း ဆန်တန်ချိန် တစ်သန်းမှ နှစ်သန်းထိကိုလည်းကောင်း၊ ဖိလစ်ပိုင်မှလည်း ဆန်တန်ချိန် ငါးသိန်းကိုလည်းကောင်း ဝယ်ယူလိမ့်မည်ဟု မျှော်လင့်ထားပါကြောင်း၊ အဓိကအားဖြင့် တရုတ်နိုင်ငံနှင့် အာဖရိကနိုင်ငံတို့မှ ဝယ်လိုအား ပိုမိုရရှိရန် မျှော်လင့်ထားပါကြောင်း၊ ထိုင်းနိုင်ငံအတွင်း ဧရိယာများစွာ၌ ရေကြီးနစ်မြုပ်မှုများ ရှိသော်လည်း နှစ်စဉ် ဆန်ထုတ်လုပ်မှုနှင့် ဈေးနှုန်းကို ထိခိုက်မှုမရှိပါကြောင်း၊ အဆိုပါ ရေကြီးနစ်မြုပ်သည့် ဧရိယာများမှာ ဆန်အဓိက စိုက်ပျိုးသည့်နေရာများ မဟုတ်ပါကြောင်း၊ အစိုးရ၏ အဆင့်နိမ့်သည့် ဆန်သိုလှောင်ရုံများနှင့်ပတ်သက်၍ ဖြေရှင်းရန်ကိစ္စများလည်း ရှိနေပါကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအစိုးရသည် လက်ရှိတွင် စားသုံး၍မရသော ဆန်လက်ကျန် တန်ချိန် ခုနစ်သောင်းရှိရာ အဆိုပါ လက်ကျန်များမှ တန်ချိန် နှစ်သောင်းအား တိရစ္ဆာန်အစာအဖြစ် ရောင်းချသွားမည်ဖြစ်ပြီး လစဉ်တန်ချိန် ငါးသောင်းအား Biofuel ထုတ်လုပ်မည်ဟု သိရှိရပါသည်။

ထိုင်းအစိုးရအနေဖြင့် ယခုလအတွင်း ကျန်ရှိနေသည့် ဆန်လက်ကျန်များကို လေလံတင်ရောင်းချရန် စီစဉ်ထားရာ ပြည်တွင်းဈေးကွက်အတွင်း ဆန်ဈေးနှုန်းများတက်လာနိုင်ကြောင်း၊ ပို့ကုန်တင်ပို့မှုကိုလည်း ယခင်ခန့်မှန်း ထားသည်ထက်ပိုမို တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊ ထိုင်းနိုင်ငံအတွင်း ရာသီဥတုအခြေအနေကြောင့် ထုတ်လုပ်မှုနှုန်းကျဆင်းနိုင်ပါကြောင်း၊ ဆန်တင်ပို့သူများအသင်းအနေဖြင့် ရေကြီးနစ်မြုပ်မှုကြောင့် သယ်ယူပို့ဆောင်ရေးပြဿနာများရှိနေ၍ ထိုင်း Hommali ဆန်မွှေးထုတ်လုပ်မှုကို ယခုနှစ်အတွင်း (၄၀%) လျှော့ချသွားဖွယ်ရှိကြောင်း သိရှိရပါသည်။

Mr Charoen မှ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရရှိပြီး ဝယ်လိုအားများသည့် ပျော့ပျောင်းနူးညံ့မှုရှိသော ဆန်ဖြူကို သိုလှောင်ထားမှုမရှိကြောင်း၊ ထိုင်းနိုင်ငံသည် နှစ်စဉ် ဆန်တန်ချိန် (၉-၁၀)သန်းထိ တင်ပို့လျက်ရှိရာ ဆန်ဖြူအား နှစ်စဉ် ငါးသန်း တင်ပို့နိုင်ပါကြောင်း၊ ၎င်းနောက် Hommali ဆန်မွှေးတန်ချိန် နှစ်သန်း၊ Parboiled ဆန်တန်ချိန် နှစ်သန်းတို့ တင်ပို့နိုင်ခဲ့သည်ဟု ပြောကြားခဲ့ကြောင်း လေ့လာသိရှိရပါသည်။

**သန်းသန်းနိုင်**

**Source:Bangkok Post သတင်းစာ**

# စီးပွားရေးကျင့်ဝတ်နှင့်အညီ ကုန်သွယ်မှုဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြပါစို့

**မောင်မောင်ချိန်ခွင်**

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူအားလုံး၏ မျှော်လင့်ချက်ရောင်ခြည်ဖြစ်၏။ စီးပွားရေးဖွံ့ဖြိုးရန် အစိုးရ၊ ပြည်သူ၊ လုပ်ငန်းရှင်များအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်လို၏။ စီးပွားရေးကျင့်ဝတ်နှင့်အညီ ကုန်သွယ်မှုဆောင်ရွက်ခြင်းဆိုသည်မှာ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ၊ တရားမျှတစွာဖြင့် မိမိနှင့်မိမိ ပတ်ဝန်းကျင်၏အကျိုးစီးပွားကိုရှေ့ရှု၍စီးပွားရေးလုပ်ကိုင်ခြင်းကိုဆိုလိုခြင်းဖြစ်ပါတယ်။ ၂၀၁၄ခုနှစ်၊ မတ်လ ၁၄ ရက်နေ့က ပြဋ္ဌာန်းခဲ့သည့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအခန်း (၆)၊ ပုဒ်မ-၇၊ ပုဒ်မခွဲ (ခ)၌ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များနှင့်ပတ်သက်ပြီး အချက် ၉ချက် ထည့်သွင်းရေးဆွဲထားရာ ပထမဆုံးအချက်မှာ စီးပွားရေးလုပ်ငန်းကို စီးပွားရေးကျင့်ဝတ်စည်းကမ်းနှင့်အညီ လုပ်ကိုင်ခြင်းဟု ဖော်ပြထားခြင်းဟာ ကျင့်ဝတ်နှင့်ပတ်သက်၍ မည်မျှအရေးကြီးသည်ကို သိသာထင်ရှားစေပါတယ်။

ပြည်တွင်းမှာဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခုနှင့် ကုန်သွယ်မှုပြုလုပ်မည့်သူဖြစ်စေ လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးကျင့်ဝတ်များအကြောင်းကို သိထားရန် အထူးလိုအပ်လှပါတယ်။ စီးပွားရေးလုပ်ငန်းမှာ လိုက်နာသင့်တဲ့ကျင့်ဝတ်က Services ပဲပေးပေး၊ ပစ္စည်းပဲရောင်းရောင်း စားသုံးသူတွေကို အမြဲတမ်းတန်ဖိုးထားရမှာ ဖြစ်တယ်။ ဥပမာ- အာမခံပေးထားတဲ့အချိန်အတွင်းမှာ ဘေးပယောဂမပါဘဲ ကိုယ်ဝယ်ထားတဲ့ပစ္စည်းပျက်သွားတယ်ဆိုရင် ဘယ်လိုခံစားရမယ်ဆိုတာ Customer နေရာကကိုယ်ချင်းစာစိတ်နဲ့ ရောင်းသူက နားလည်ပေးရပါမယ်။ ပျက်စီးသွားတာဟာ ဝယ်သူရဲ့ပေါ့လျော့မှုကြောင့်လား၊ မိမိပစ္စည်းကြောင့်လားဆိုတာစစ်ဆေးပြီး ပြုပြင်ပေးသင့်ရင် ပြုပြင်ပေးရမယ်။ အသစ်လဲလှယ်ပေးသင့်ရင် နောက်ပစ္စည်းအသစ်တစ်ခု အစားထိုးပြီးလဲပေးရပါမယ်။ အဓိက တော့ Customer စိတ်ကျေနပ်မှုရအောင် လုပ်ပေးတာပဲ။ အဲဒါဟာစီးပွားရေးလုပ်ငန်းရဲ့ အခြေခံကျတဲ့ကျင့်ဝတ်လို့ ဆိုရပါမယ်။

ပစ္စည်းတစ်ခုကို ကိုယ်ပိုင်တံဆိပ်နဲ့ ထုတ်လုပ်တဲ့ လုပ်ငန်းရှင်များအနေနဲ့လည်း ကိုယ့်ပစ္စည်းကို အရည်အသွေးကောင်းအောင် ရေရှည်ထိန်းသိမ်းရန် လိုအပ်သလို၊ Social Responsibility ဘယ်လောက်ရှိသလဲ၊ Customer တွေအပေါ် ဘယ်လောက် Ethicsရှိသလဲ ဆိုတဲ့ အချက်တွေနဲ့တိုင်းတာကြည့်ဖို့လိုပါတယ်။ နောက်တစ်ချက်က Customer တွေအပေါ် မှာထားရှိတဲ့စေတနာပါ။ ဥပမာ- ထမင်းဆိုင်ဖွင့်တယ်ဆိုပါစို့။ မိမိဆိုင်လာပြီး စားသောက်ကြသူတွေကို မိမိရဲ့အိမ်သားတွေလို သဘောထားပြီး ကောင်းကောင်းမွန်မွန် ချက်ပြုတ်ကျွေးမွေး ဖို့လိုပါတယ်။ ထမင်းထဲမှာ စပါးလုံး၊ ကျောက်ခဲ၊ သဲနဲ့ကြွက်ချေးကအစ ပြောင်စင်အောင်ရွေးထားရပါမယ်။ အသီးအရွက်တွေဟာ လတ်ဆတ်ဖို့လိုပါတယ်။ ဖြစ်နိုင်ရင် အော်ဂဲနစ်စစ်စစ် ရရှိအောင် ခြံတွေက တိုက်ရိုက်ဝယ်ယူနိုင်ပါက ကျန်းမာရေးအတွက် စိတ်ချရလို့ ကုသိုလ်လည်းရဝမ်းလည်းဝမို့ နှစ်ဦးနှစ်ဖက်အကျိုးရှိလှပါတယ်။ အသား၊ ငါး တွေကိုလည်း လတ်လတ်ဆတ်ဆတ်ဖြစ်နေရပါမယ်။ အနံ့ထွက်ပြီး ရက်လွန်နေတဲ့ အသားငါးများကို အရင်းရှုံးမည် စိုး၍ ချက်ပြုတ်ပြီးမရောင်းချသင့်ပါ။ စားသုံးရန်ထည့်မည့် ပုဂံခွက်ယောက်များကိုလည်း ပြောင်ပြောင်စင်စင်ဖြစ်အောင် ရေသန့်သန့်နဲ့ဆေးကြောသန့်စင်ထားရပါမယ်။ ထပ်ခါတလဲလဲ အသုံးပြုထားသော ရေဟောင်းများနဲ့ ပြန်ပြီးမဆေးကြောသင့်ပါဘူး။ ဒါဟာ ကိုယ့်ရဲ့ဖောက်သည်များအပေါ် မှာ မဖြစ်မနေထားရှိသင့်တဲ့စေတနာပဲဖြစ်ပါတယ်။

စီးပွားရေးအရကြည့်မယ်ဆိုရင် Customer တွေဟာသူတို့ပေးရတဲ့ငွေကြေးတန်ဖိုးနဲ့ သူတို့ရရှိလိုက်တာဟာ တန်ရဲ့လားလို့ အမြဲတစေစဉ်းစားတတ်ကြပါတယ်။ ဝယ်ယူ၊ အသုံးပြု၊ စားသောက်နေစဉ်မှာပင် တန်ရာတန်ကြေးရရှိတယ်ဆိုတဲ့ စိတ်ကျေနပ်မှုမျိုးကို ပေးစွမ်းနိုင်မှသာ မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းဟာ ရေရှည်တည်တံ့နေမှာဖြစ်ပါတယ်။ အဓိကတော့ Customer တွေကို ယုံကြည်မှုတည်ဆောက်နိုင်အောင် အမြဲတမ်းကြိုးစားနေဖို့ပါပဲ။ မိမိဖောက်သည်တွေရဲ့ယုံကြည်မှုကိုရတဲ့အတွက် ကိုယ့်လုပ်ငန်းမှာ အောင်မြင်မှုရရှိလာပြီး တဖြည်းဖြည်း လုပ်ငန်းတိုးချဲ့လာနိုင်ကာ ရေရှည်ရပ်တည်လာနိုင်မှာလည်းဖြစ်ပါတယ်။

စီးပွားရေးကျင့်ဝတ်နဲ့ဆက်စပ်နိုင်မယ့် ရှေးကဆိုရိုးစကားတစ်ခုရှိပါတယ်။ အလိုကြီးကအရနည်းတယ်ဆိုတာပါပဲ။ တစ်နေ့ကို ရွှေဥတစ်လုံး ပုံမှန်ဥနေတဲ့ငန်းကြီးကိုအထဲမှာ ရွှေတွေအများကြီးရှိနေမှာပဲလို့တွေးပြီး သတ်မိတဲ့ငန်းပိုင်ရှင်ရဲ့ သင်ခန်းစာဟာ တရားမဝင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ပြီးမြန်မြန်ဆန်ဆန်ကြီးပွားလိုသူများကို သတိပေးနေသလိုပါပဲ။ ကျင့်ဝတ်နဲ့အညီ စီးပွားရေး လုပ်ကိုင်ခြင်းဆိုတာ တစ်နည်းအားဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ ကုန်သွယ်မှုပြုခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ပြန်လည်ဖြန့်ဖြူးခြင်း၊ ထုတ်လုပ်တင်ပို့ခြင်းစတဲ့လုပ်ငန်းစဉ် အားလုံးတို့နဲ့ အကျုံးဝင်နေပါတယ်။ ပို့ကုန်သွင်းကုန်ဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေ တို့ကိုလိုက်နာဆောက်ရွက်ကြရန် လိုအပ်ပါတယ်။ ပို့ကုန်သွင်းကုန်လိုင်စင် လိုအပ်သောပစ္စည်းများအတွက် အခြားဝန်ကြီးဌာနများရဲ့ ထောက်ခံချက်များကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မိမိတို့ စီးပွားရေးလုပ်ငန်းကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်နေရုံနဲ့မပြည့်စုံသေးပါ။ စီးပွားရေးလုပ်ငန်း အကြီးအသေးပေါ် မူတည်ပြီး လုပ်ငန်းခွင်မှာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေကြတဲ့ဝန်ထမ်းများ၊ အလုပ်သမားများကိုခန့်ထားကြရပါတယ်။ သူတို့က မိမိလစာပေးပြီး ခန့်ထားတဲ့ဝန်ထမ်းများဆိုပေမယ့် မိမိလုပ်ငန်းကို အောင်မြင်အောင် အဓိကမောင်းနှင်ကြသူများဖြစ်တယ် ဆိုတာမမေ့သင့်ပါဘူး။ သူတို့ရဲ့ ကျွမ်းကျင်မှုနဲ့ ကြိုးစားအားထုတ်မှု ရလဒ်အပေါ် မူတည်ပြီး ချီးမြှင့်မြောက်စားပေးဖို့လိုပါတယ်။ ဆုပေး ဒဏ်ပေး စနစ်ကိုကျင့်သုံးသင့်ပါတယ်။ နွားထီးငါးကျပ် နွားမငါးကျပ်ပဲဆိုရင်တော့ အလုပ်ကြိုးစားနေသူများပါ စိတ်ဓာတ်ပျက်ပြားသွားနိုင်တယ်ဆိုတာသတိထားသင့်ပါတယ်။ ထို့ပြင်လုပ်ငန်းကျွမ်းကျင်မှုရှိအောင် ထိုက်သင့်သည့်လုပ်ငန်းခွင်မပျက် သင်တန်းများကိုလည်း ပိုင်ရှင်ဖြစ်သူက ငွေကြေးစိုက်ထုတ်ပြီး ဆောင်ရွက်ပေးသင့်ပါတယ်။

လုပ်ငန်းခွင်ပျော်ရွှင်ရေးအတွက် သက်သာချောင်ချိရေးကိုလည်း ကျွဲကူးရေပါဆိုသလို တစ်ပြိုင်တည်း ဆောင်ရွက်ပေးကြရပါမယ်။ အားလပ်ရက်များမှာဘုရားဖူးပို့ပေးခြင်း၊ နှစ်ပတ်လည်နေ့များမှာ ပျော်ပွဲရွှင်ပွဲများကျင်းပ ပေးခြင်း၊ ထူးချွန်ပြီး အလုပ်ကြိုးစားသူများအား ဆုချီးမြှင့်ခြင်းများ၊ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို ကူညီဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့ဝန်ထမ်းများ၏ စိတ်ဓာတ်ရေးရာပိုင်းကို မြှင့်တင်ပေးကြရပါမယ်။ သို့မှသာ မိမိတို့စီးပွားရေးလုပ်ငန်းရှိ ဝန်ထမ်းများ၊ အလုပ်သမားများပျော်ရွှင်လာပြီး လုပ်ငန်းတွင်ရေရှည်တည်မြဲနေမှာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်နှင့် အလုပ်သမားများအကြား ကျောသားရင်သား မခွဲခြားတော့ဘဲ မိသားစုသဖွယ် သံယောဇဉ်ဖြစ်လာအောင် တည်ဆောက်ထားနိုင်ပါက ပို၍ကောင်းမယ်ထင်ပါတယ်။ တစ်ယောက်အပေါ် အခြားတစ်ယောက်က အပြန်အလှန်ကျေးဇူးပြုနေတာဟာစီးပွားရေးလုပ်ငန်းရဲ့ Ethics တစ်ခုပါပဲ။

အရေးကြီးတဲ့နောက်တစ်ချက်က အလုပ်ရှင်နဲ့ဝန်ထမ်း၊အလုပ်သမားများအကြားမှာ ပွင့်လင်းမြင်သာမှုရှိနေဖို့ပါပဲ။ ဝန်ထမ်းအားလုံးကို လုပ်ငန်းရဲ့မျှော်မှန်းချက်၊ ရည်မှန်းချက်များကို ဂဃနဏ သိရှိအောင် ရှင်းလင်းပြောကြားထားဖို့လိုပါမယ်။ မိမိတို့ဘယ်လမ်းကိုသွားနေတယ်ဆိုတာ လက်အောက်က သိရှိထားမှသာ လိုရာခရီးကို ချောချောမွေ့မွေ့ရောက်ရှိမှာဖြစ်ပါတယ်။ ထို့ပြင် လုပ်ငန်းခွင်၌ ဝန်ထမ်းများ၏တင်ပြချက်များကို အလေးတယူနားထောင်ပေးဖို့ အထူးလိုအပ်လှပါတယ်။ ဝန်ထမ်းများက ပေးသည့်အကြံဉာဏ်များကိုလည်း မိမိလုပ်ငန်းအတွက် အကျိုးရှိမည်ဆိုပါက လက်ခံလုပ်ဆောင်ကြဖို့ ဝန်လေးမနေသင့်ပါဘူး။ အစည်းအဝေးများတွင် ဝန်ထမ်းများ၏ အားတက်သရော ပါဝင်ဆွေးနွေးမှုကို အချိန်ပေးနိုင်သမျှပေး၍ လှိုက်လှိုက်လှဲလှဲကြိုဆိုခွင့်ပြုပေးထားဖို့လည်းလိုပါတယ်။ သို့မှသာ လက်အောက်၏ ရင်ဖွင့်သံများကိုကြားသိရပြီး သေးငယ်သည့်ပြဿနာများကို မကြီးထွားခင် အချိန်မီဖြေရှင်းပေးနိုင်မှာ ဖြစ်ပါတယ်။ တင်ပြခွင့်ရကြသည့် ဝန်ထမ်းများကလည်း သူတို့အားအလုပ်ရှင်မှ အသိအမှတ်ပြုပေးခြင်းကိုခံရသည့်အတွက် ဂုဏ်ယူလိုစိတ်များမြင့်မားလာပြီးအလုပ်ကိုပိုမိုကြိုးစားလိုစိတ်များတိုးပွားလာနိုင်ပါတယ်။

လုပ်ငန်းအောင်မြင်မှုအပေါ် မူတည်၍ဖြစ်စေ၊ ပြင်ပကုန်ဈေးနှုန်းများ ကြီးမြင့်လာမှုကြောင့်ဖြစ်စေ လုပ်ခလစာများကို အခါအားလျော်စွာ တိုးမြှင့်ပေးကြဖို့လိုပါတယ်။ ဝန်ထမ်းများမှ တင်ပြလာရသည့် အချိန်ထိစောင့် မနေသင့်ပေ။ အလုပ်ချိန် စည်းကမ်း၊ လုပ်ငန်းခွင်စည်းကမ်းများကို တည်ဆဲဥပဒေများနဲ့အညီ ရေးဆွဲထားပြီး ဝန်ထမ်းများအားလုံးသိရှိအောင် ကြိုတင်ဆောင်ရွက်ထားခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ပွင့်လင်းမြင်သာမှုပိုမိုရရှိလာပြီး မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်ခြင်းမှ ကာကွယ်နိုင်မှာလည်းဖြစ်ပါတယ်။

အချို့ စီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းငယ်များသည် ရေတို အကျိုးအမြတ်ကိုသာကြည့်တတ်ပြီး Ethics ကိုအလေးဂရုမပြုတတ်ကြပေ။ ဥပမာ-အခါကြီးရက်ကြီးများမှာအချို့ယာဉ်လိုင်းများမှ ကားခကိုပိုမိုကောက်ခံတတ်ခြင်း၊ ရက်သတ္တပတ်လောက်ခန့်သာ ကျင်းပတတ်သည့် ဘုရားပွဲဈေးများမှ အချို့ဈေးသည်များ၊ ရံဖန်ရံခါလာတတ်သည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များကို လက်ဆောင်ပစ္စည်းရောင်းချသည့် အချို့ဆိုင်ရှင်များသည် အခြေအနေ၊ အချိန် အခါပေါ် မူတည်၍ အမြတ်များများရရှိအောင် စဉ်းစားလုပ်ဆောင်နေကြခြင်းမျိုးကို အထူးရှောင်ကြဉ်ကြဖို့လိုပါမယ်။ စီးပွားရေးကျင့်ဝတ်မရှိဘဲ အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစားကိစ္စတွေများလာပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုပါ ထိခိုက်ကျဆင်းလာနိုင်တယ်ဆိုတာ သတိပြုကြရမှာဖြစ်ပါတယ်။

ယခုအချိန်သည်နည်းပညာခေတ်ဖြစ်၍ သတင်းအချက်အလက်များ ရရှိမှုဟာ လျင်လျင်မြန်မြန် ဖြစ်နေပါပြီ။ အင်တာနက်သုံးစွဲတတ်သူများပြားလာတာနဲ့အမျှ လက်ရှိဖြစ်ပေါ်နေသည့်ကုန်ပစ္စည်းနှင့် ဈေးနှုန်းများနီးစပ်မှု ရှိမရှိကို ခန့်မှန်းနေနိုင်ကြပြီဖြစ်ပါတယ်။ ကျင့်ဝတ်နဲ့ မညီညွတ်သူများမှာတစ်ပွဲတိုးသာ အကျိုးအမြတ်ရရှိကြမည်ဖြစ်ပြီး ရေရှည်တွင် အောင်မြင်မှုမရနိုင်ပါ။ ထိုင်းနိုင်ငံမှ ဖွင့်လှစ်ခဲ့သည့်သင်တန်းတစ်ခုတွင် အတူတက်ခဲ့ပြီး ခင်ခင်မင်မင်ဖြစ်ခဲ့သည့် ဗီယက်နမ်နိုင်ငံမှ မိတ်ဆွေလင်မယားနှစ်ဦးဟာ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းလောက်က မြန်မာပြည်ကိုလာလည်ကြပါတယ်။ စာရေးသူနဲ့တွေ့ဆုံလိုကြောင်း Online ကနေဆက်သွယ်လာပါတယ်။ ကံကောင်းချင်တော့ မိသားစုနဲ့ခွင့်ယူပြီး ရန်ကုန်ရောက်နေတဲ့အချိန်နဲ့ သူတို့ရန်ကုန်ရောက်လာချိန်ဟာတိုက်တိုက်ဆိုင်ဆိုင် ကွက်တိဖြစ်နေတယ်။ သူတို့ကိုဟိုတယ် Booking ကြိုချိတ်ပေးပြီး ညစာကျွေးဖို့ ဗိုလ်တထောင်ဘက်က ရွှေဘဲစားသောက်ဆိုင်ကို စီစဉ်ဖြစ်ခဲ့တယ်။ ညစာစားပြီးတော့ သူတို့ကို ဟိုတယ်အရင်ပြန်နားလို့ရအောင် မိမိက ကမ်းနားလမ်းပေါ် ထွက်ပြီး တက္ကစီရဖို့ တားပေးနေတာ အချိန် ၁၀ မိနစ်လောက်ထိ ကားကငှားမရဘူး။ မကြာခင်မှာပဲ ကျွန်တော်တို့ရှေ့ကို ကြားလမ်းထဲက တက္ကစီတစ်စီး ဆိုက်လာတယ်။ မိမိက ဆရာကြီးလုပ်ပြီး လှည်းတန်းဘက်သွားမယ်၊ ဘယ်လောက်ကျမလဲ မေးတော့မှ ကားဆရာက Online မှ ခေါ်ထားလို့ လာတာဖြစ်ကြောင်း၊ တစ်ပြိုင်တည်းမှာပဲ ဗီယက်နမ်သူငယ်ချင်းက သူခေါ် လိုက်တာဖြစ်ကြောင်း ပြောတော့မှ အိမ်ရှင်နိုင်ငံသားဖြစ်တဲ့ မိမိရဲ့လေ့လာမှု အားနည်းခဲ့တာကို စဉ်းစားရင်း ရှက်ရှက်နဲ့ Grab Taxi ကားရှေ့ခန်းမှာ အရင်ဝင်ထိုင်ဖြစ်ခဲ့တယ်။ သူတို့ရဲ့စေ့စပ်မှုနဲ့ ကြိုတင်လေ့လာခဲ့မှုကို အသိအမှတ်မပြုဘဲ မနေနိုင်ခဲ့ပါဘူး။ ဆိုလိုချင်သည်မှာ နိုင်ငံခြားသားများသည် ရံဖန်ရံခါ မိမိတို့ နိုင်ငံသားများထက် မိမိတို့နိုင်ငံ၏ အခြေအနေကိုပိုမို၍ သိနေသူများလည်း ရှိနေတတ်သည်ကို သတိထားမိကြဖို့ပါပဲ။ နိုင်ငံခြားသားပဲ ကြုံတုန်းလေးတော့ ဂျင်းထည့်လိုက်ဦးမှဆိုတဲ့အတွေးများဟာ စီးပွားရေးကျင့်ဝတ်နှင့်မညီသလို နိုင်ငံတော်၊ နိုင်ငံသားများရဲ့ ပုံရိပ်ကိုလည်း ထိခိုက်ကျဆင်းစေနိုင်တာမို့ အထူးသတိထားကြရမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရဟာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး အမြန် ပေါ်ထွန်းလာဖို့ငြိမ်းချမ်းရေး ရရှိအောင် ဦးစားပေးဆောင်ရွက်နေသလို တိုင်းရင်းသားပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝများ တစ်နေ့တခြား တိုးတက်မြင့်မားလာစေရေး အတွက်လည်း ကျွဲကူးရေပါဆိုသလို တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်နေတာတွေ့ရပါတယ်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိတို့စီးပွားရေး လုပ်ငန်းများကို အကျိုးအမြတ်များရရှိအောင် စီးပွားရေးကျင့်ဝတ်နဲ့အညီ ဆောင်ရွက်နေသလို နိုင်ငံတော်၏ စီးပွားရေး ရေချိန်တိုးတက်မြင့်မားလာစေရေးအတွက် ပြည်သူအားလုံးနှင့်အတူ ဝိုင်းဝန်းတည်ဆောက်သွားကြဖို့ တိုက်တွန်းလိုက်ရပါကြောင်းပါ။



# jrifhwufvmaom jref&m&b wifyÍuf urÇ&b aps;uG

ခင်လေးယု

ယနေ့ကာလတွင် မော်တော်ယာဉ်များ၊ စက်ဘီးများ၊ ဆိုင်ကယ်များ၊ လေယာဉ်ပျံများစသည့် ဘီးတပ်ယာဉ်တို့သည် ခရီးချို့ပေးနိုင်ပြီး အချိန်ကုန်သက်သာ၊ လူသက်သာစေသဖြင့် လူအများ နေ့စဉ်သွားလာလှုပ်ရှားမှုများနှင့် ကုန်ပစ္စည်းများလွယ်ကူစွာ တင်ပို့နိုင်ရေးတို့အတွက် မပါမဖြစ် နေ့စဉ်သုံးပစ္စည်းများ ဖြစ်လာခဲ့ပြီဖြစ်သည်။ အဆိုပါပစ္စည်းများအတွက် လိုအပ်သော တာယာများကို ရော်ဘာမှ ပြုလုပ်လျက်ရှိပြီး လူတို့အတွက် အသုံးပြုနေကြသည့် ရှူးဖိနပ်၊ ခါးပတ်၊ လက်အိတ်၊ ဆေးပစ္စည်းများနှင့် နေ့စဉ်သုံးပစ္စည်းများ ပြုလုပ်ရာတွင်လည်း ရော်ဘာသည်အရေးပါလှပါသည်။ အဆိုပါယာဉ်များတွင် အသုံးပြုနေသော တာယာများကို ရော်ဘာပင်များမှ ထွက်သော ရော်ဘာစေးအား နည်းမျိုးစုံဖြင့် ပြုပြင် ထုတ်လုပ်အသုံးပြုကြခြင်းပင်ဖြစ်သည်။ ရော်ဘာအစိမ်းများကို ကားထုတ်လုပ်သူများ၊ သင်္ဘောနှင့် လေယာဉ်လုပ်ငန်းများမှ အဓိက အသုံးပြုခြင်းဖြစ်ပြီး တစ်ကမ္ဘာလုံးမှထွက်ရှိသည့် ရော်ဘာစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းကို တာယာအဖြစ် အသုံးပြုနေကြသည်။ ထို့ပြင် ၂၀၅၀ ခုနှစ်ခန့်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကားသုံးစွဲမှုမြင့်တက်လာနိုင်ကြောင်းကိုလည်း စစ်တမ်းများမှ ခန့်မှန်းထားပြီး လူဦးရေလည်း ပိုမိုတိုးပွားလာမည်ဖြစ်ရာ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများသည် အလားအလာကောင်းများ ပေါ်ထွက်လျက်ရှိပါသည်။

ကမ္ဘာ့ ရော်ဘာသုံးစွဲမှုအခြေအနေမှာ နှစ်စဉ်တိုးတက်နေပြီး မော်တော်ကားတာယာ ထုတ်လုပ်မှုအတွက် ရော်ဘာ လိုအပ်ချက်သည် မြင့်မားလျက်ရှိပါသည်။ နေ့စဉ်လိုအပ်လျက်ရှိသော ရော်ဘာများမှ အများစုကို ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ တင်ပို့လျက်ရှိသည်။ ထိုမျှသာမက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၏ ရော်ဘာထုတ်လုပ်မှုမှာလည်း ၂၀၀၀ ခုနှစ်နောက်ပိုင်းမှစ၍ တိုးတက်မှုရှိလာကာ ရော်ဘာထုတ်လုပ်မှုတွင် အလားအလာရှိသော နိုင်ငံများအဖြစ် ဂျပန်နိုင်ငံ Yamaguchi University မှပြုလုပ်သည့် စစ်တမ်းတွင် ဖော်ပြခဲ့သည်။ အဆိုပါစစ်တမ်းတွင် မြန်မာသည် ရော်ဘာထုတ်လုပ်မှုအတွက် အလားအလာကောင်းကြောင်း၊ ကမ္ဘာ့နိုင်ငံအများအပြားသည် စက်မှုထွန်းသစ်စနိုင်ငံများ ဖြစ်လာပြီး မော်တော်ယာဉ်သုံးစွဲမှု မြင့်တက်လာသည်နှင့်အမျှ ရော်ဘာ လိုအပ်ချက်သည်လည်း ပိုမိုမြင့်တက်လာကြောင်းကိုလည်း ဖော်ပြထားသည်။ သို့ဖြစ်ရာ ရော်ဘာထွက်ရှိနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဈေးကွက်လိုအပ်ချက်ကြီးမားနေသည့် ရော်ဘာကို အားပြု စိုက်ပျိုး ဝင်ငွေတိုးလျက်ရှိပါသည်။ တာယာအဖြစ် အများဆုံး အသုံးပြုနေသည့် ရော်ဘာများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ တင်ပို့နေခြင်းဖြစ်သည်။ ယင်းစစ်တမ်းတွင် မြန်မာနိုင်ငံမှထွက်ရှိသည့် Ribbet Smoked Sheet (RSS) အမျိုးအစားသည် သမိုင်းဝင်မှတ်တမ်းကောင်းရှိနေပြီး လူသိများကြောင်းကို ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

Food Security Policy Project (FSPP) ၏စာတမ်းသည်လည်း မြန်မာနိုင်ငံ၏ ရော်ဘာကဏ္ဍကို လေ့လာဖော်ပြထားပြီး မြန်မာ့ရော်ဘာကဏ္ဍ၏ အကြီးမားဆုံးစိန်ခေါ်မှုမှာ အထွက်နှုန်းလျော့နည်းမှုနှင့် အရည်အသွေးမပြည့်မီမှုများဖြစ်ကြောင်း၊ ရော်ဘာအတွက် သီးခြားပြဋ္ဌာန်းမှုများ မတွေ့ရကြောင်း၊ စိုက်ပျိုးမှုမှ တင်ပို့မှုအထိ ကွင်းဆက်တစ်လျှောက်တွင် စံချိန်စံညွှန်းနှင့်ပတ်သက်သည့် အားနည်းချက်များရှိနေကြောင်း၊ သို့သော်လည်း ထိုအားနည်းချက်များကို အချိန်မီ ဖြည့်ဆည်းပြင်ဆင်ခြင်းဖြင့် ထိပ်တန်း ရော်ဘာတင်ပို့သည့် နိုင်ငံဖြစ်လာနိုင်ကြောင်းကို သုံးသပ်ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင်မူ ရော်ဘာကို ရွှေဖြူဟု တင်စားခေါ်ကြပြီး အမျိုးသားပို့ကုန်မဟာဗျူဟာမြောက် ပစ္စည်းတစ်မျိုးအဖြစ်ပါဝင်ကာ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် စိုက်ပျိုးလျက်ရှိသည်။ မြန်မာ့ရော်ဘာအား ဘဏ္ဍာနှစ်အလိုက် တင်ပို့မှုကို လေ့လာရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁၈ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၇၅၁၅၄ တန်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၆ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၈၄၂၉၉ တန်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၂ သန်းတန်ဖိုးရှိ ရော်ဘာ တန်ချိန် ၇၇၅၁၈ တန်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၁ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၈၈၅၈၁ တန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၄၁၃၅၅ တန်ကို တင်ပို့နိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ့ရော်ဘာတင်ပို့မှုမှာ စုစုပေါင်း ၁၄၉၀၅၅ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉၄ သန်း တင်ပို့နိုင်ခဲ့သည်။ ပင်လယ်ရေကြောင်းမှ ရော်ဘာတင်ပို့မှုမှာ ၄၆၆၃၈ တန်၊ အမေရိကန်ဒေါ်လာ ၆၇ သန်း တင်ပို့ခဲ့ကာ နယ်စပ်ကုန်သွယ်ရေလမ်းကြောင်းမှ ရော်ဘာတန်ချိန် ၁၀၂၄၁၇ တန်၊



အမေရိကန်ဒေါ်လာ ၁၂၇ သန်း တင်ပို့မှုရှိခဲ့ကြောင်းသိရပါသည်။ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ရော်ဘာတင်ပို့မှုသည် နယ်စပ်လမ်းကြောင်းမှ ရော်ဘာတန်ချိန် ၅၅၇၇၉ တန်၊ တန်ဖိုး အားဖြင့် အမေရိကန်ဒေါ်လာ ၆၀ သန်း ပိုမိုတင်ပို့မှုရှိခဲ့ကြောင်းကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

| စဉ် | ဘဏ္ဍာနှစ် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁။ | ၂၀၁၂ -၂၀၁၃ | တန် | ၇၅၁၅၄ | ၂၁၈ |
| ၂။ | ၂၀၁၃-၂၀၁၄ | တန် | ၈၄၂၉၉ | ၁၉၆ |
| ၃။ | ၂၀၁၄ -၂၀၁၅ | တန် | ၇၇၅၁၈ | ၁၁၂ |
| ၄။ | ၂၀၁၅ -၂၀၁၆ | တန် | ၈၈၅၈၁ | ၁၀၁ |
| ၅။ | ၂၀၁၆ -၂၀၁၇ | တန် | ၁၄၁၃၅၅ | ၁၉၇ |
| ၇။ | ၂၀၁၇ -၂၀၁၈ | တန် | ၁၄၉၀၅၅ | ၁၉၄ |

၂၀၁၈ ခုနှစ် ဧပြီ ၁ ရက် မှ ဇူလိုင် ၃၁ ရက်အထိ ရော်ဘာတင်ပို့မှုမှာ စုစုပေါင်း ၅၀၅၉၂ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၁ သန်း တင်ပို့မှုရှိခဲ့ပါသည်။ တင်ပို့မှုကို လေ့လာကြည့်ရာတွင် ပင်လယ်ရေကြောင်းမှ ရော်ဘာတန်ချိန် ၂၃၈၅၂ တန်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃၀ သန်း တင်ပို့ခဲ့ပြီး နယ်စပ်လမ်းကြောင်းများမှ ရော်ဘာတန်ချိန် ၂၆၇၄၀ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၁ သန်း တင်ပို့ခဲ့သည်ကို တွေ့ရသည်။ သို့ဖြစ်ရာ နယ်စပ်မှ အမေရိကန်ဒေါ်လာ ၁ သန်းခန့် တန်ဖိုးရှိ ရော်ဘာ ၂၈၈၈ တန်ပိုမိုတင်ပို့ခဲ့သည်။ နယ်စပ်မှ တင်ပို့မှုသည် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေကြောင်းကိုလည်း တွေ့ရှိရသည်။

အဆိုပါကာလနှင့် ကာလတူဖြစ်သော ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ကာလကို လေ့လာကြည့်ပါက ရော်ဘာတင်ပို့မှုမှာ စုစုပေါင်း ၄၅၀၂၁ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၈ သန်း တင်ပို့မှုရှိခဲ့ပါသည်။ တင်ပို့မှုကို လေ့လာကြည့်ရာတွင် ပင်လယ်ရေကြောင်းမှ ရော်ဘာတန်ချိန် ၁၁၇၄၃ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉ သန်း တင်ပို့ခဲ့ပြီး နယ်စပ်လမ်းကြောင်းများမှ ရော်ဘာ တန်ချိန် ၃၃၂၇၈ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၉ သန်း တင်ပို့ခဲ့သည်ကို တွေ့ရသည်။ သို့ဖြစ်ရာ နယ်စပ်မှ အမေရိကန်ဒေါ်လာ ၃၀ သန်းတန်ဖိုးရှိရော်ဘာ ၂၁၅၃၅ တန်ပိုမိုတင်ပို့ခဲ့ပြီး တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့နေကြောင်းကိုလည်း တွေ့ရှိရသည်။

**ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ကာလတူ နှိုင်းယှဉ်မှု ဇယား**

| စဉ် | နှစ် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|---|
| ၁။ | ၂၀၁၇ | တန် | ၄၅၀၂၁ | ၆၈ |
| ၂။ | ၂၀၁၈ | တန် | ၅၀၅၉၂ | ၆၂ |
|  |  |  | (+၅၅၇၁) | (- ၆) |

စာမျက်နှာ (၂၅) သို့


DIAMOND LION AGENCY
Authorized Customs Clearing & Forwarding Agency
No.(170/176),Room.(406),MGW Tower,Bo Aung Kyaw Street,
Lower Block,Botahtaung Township,Yangon,Myanmar.
Ph:09-5118160,09965118160,
09977924226,09977924227,01-256741
E-mail: dlionagency001@gmail.com


Royal Aung Chan Int'l Co., Ltd.
မြန်မာတစ်နိုင်ငံလုံး သို့ ဖြန့်ချိလျက် ရှိပါသည်။
Betex
Brightex
Betex
BRIGHTEX PAINTS (SINGAPORE) PTE LTD
- 6'x4' Plaster Board (9mm,12mm)
- Plaster Cornice
- C Channel , Second Bar, Main Bar, G-L,L-Bar
- Super UEC 98
- Elephant Gypsum Board, Knauf Gypsum Board (9mm,12mm)
- Partition Frame
- Acoustical Fiber Ceiling (Catchwell)
- Rockwool (Fire Resistance)
- Glasswool (Heat & Sound Resistance)
- PVC Board and Accessories
- Acoustical Mineral Fiber ceiling
- Betex Thinner Drum
- 905 Thinner Drum
- Abrasive Cloth, Abrasive Paper
- Total Coat
- Brightex Paints
- Duco Putty (0.5Kg, 3Kg)
- Rubbing Compound (0.5Kg, 3Kg)
- Cutting Polish (0.5Kg, 2.5Kg)
- Belco Paint
Betex Thinner Drum
905 Thinner Drum
Main Bar, Second Bar, C Channel
Partition C Channel
Total Coat
Ceiling & Partition
No. (9), Kyaung Gyi 8th Street, Thin Gan Gyun Gyi, Mingalardon Township, Yangon.
Ph: 09 73033205, 09 420097326, 09 49336288, 09 73556666


MV-TECH
Automobile Service Equipment
အမှတ် ၂၆/ဘီ၊ (၄)လမ်း၊ တောင်ဥက္ကလာပ (စက်မှုဇုံ) ရန်ကုန်မြို့။
ရန်ကုန် ၀၁.၈၅၅၁၇၉၅ - မန္တလေး ၀၉.၄၅၅၀၂၆၆၇
Two Post Lift
Spray Booth
SMART Wash
Double Scissor Lift
Scissor Lift
Four Post Lift
3D Alignment


KING OF CAR SALE CENTER
အမှတ်၄/၆၊ ဦးလူမောင်လမ်း၊ ကြည်မြင်တိုင်မြို့နယ်၊
ရန်ကုန်မြို့
ဖုန်း - 09798181818 , 0973030159



















ဆက်ရန် ➤➤➤

# မြန်မာ့ပို့ကုန်အသစ်များ ပေါ်ထွက်ရေး အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများက စွမ်းဆောင်ပါလိမ့်မည်

**မောင်လွင်ပြင်**

အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲ(၂၀၁၈)ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ဩဂုတ် ၁၇ ရက်က စတင်ကျင်းပသည်။ ယင်းဒေသအတွင်း ထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲသည် ပဉ္စမအကြိမ်မြောက်ဖြစ်သည်။ နိုင်ငံတော်သည် လောလောဆယ်အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပွင့်လန်းလာစေရေးကို အထူးအားပေးနေသည်။ မုံရွာ အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲသို့ နိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေကိုယ်တိုင် တက်ရောက်ချီးမြှင့်အားပေးခဲ့သည်။

ယင်းပွဲတော်သို့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး လွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အငယ်စား၊ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ တက်ရောက်သူ အရေးကြီးပုဂ္ဂိုလ်များ စာရင်းကို ကြည့်ခြင်းဖြင့် နိုင်ငံတော်က မည်မျှ အားပေးနေသည်ကို သိနိုင်သည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ယခုအကြိမ်အပါအဝင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက ဦးဆောင်မှုဖြင့် ကျင်းပခဲ့သည့် အငယ်စား၊အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲကျင်းပခဲ့ရာ ငါးကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးမွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း ယခု မုံရွာပြပွဲ ပြိုင်ပွဲကဲ့သို့ အလှည့်ကျဆက်လက် ကျင်းပသွားဦးမည်ဟုလည်း ဆိုသည်။ နောက်ဆုံးအဆင့်အနေဖြင့် ပြည်ထောင်စု နယ်မြေနေပြည်တော်တွင် တစ်နိုင်ငံလုံးအတွက် MSMEs Products ပြပွဲနှင့် National Award ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထုတ်ကုန်ရှိသော အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ဝမ်းမြောက်စရာပင်။ ထို့ပြင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဒေသအလိုက် ပြိုင်ပွဲများတွင် MSMEs များ၏ လိုအပ်ချက်များကို ထောက်ပြဆွေးနွေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးနေကြောင်း၊ MSMEs များ၏အခက်အခဲများကို သက်ဆိုင်ရာ ဒေသအေဂျင်စီ အစည်းအဝေးများတွင် တင်ပြဆွေးနွေးခြင်းနှင့်ပံ့ပိုးပေးခြင်းများ ပြုလုပ်ပေးနေကြောင်း၊ အလားအလာရှိသောလုပ်ငန်းများကို မှတ်တမ်းတင်ထားရှိပြီး ပြည်တွင်းနှင့် နိုင်ငံတကာ Trade Fair (ကုန်သွယ်မှုပြပွဲများ)၊ Business Matching (စီးပွားရေး ယှဉ်ပြိုင်မှုအစီအစဉ်များ)နှင့်Business Plan Competition (စီးပွားရေးစီမံချက် ယှဉ်ပြိုင်ခြင်း)များ ကျင်းပရာသို့ ဖိတ်ခေါ် ပေးခြင်း၊ ငွေကြေးအရင်းအနှီး ရရှိရေးအတွက် ဘဏ်များနှင့်ချိတ်ဆက်ပေးခြင်း၊ လက်လီရောင်းချသူများထံသို့ ဒေသထုတ်ကုန်များ တင်ပို့ရောင်းချနိုင်ရေးအတွက် ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်ပြီးလည်း ဒေသဆိုင်ရာ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို အများပြည်သူသို့ ပိုမိုချိတ်ဆက်ပေးပြီး မိတ်ဆက်ရှင်းလင်း တင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းများကိုလည်း ပြောကြားခဲ့ပါသေးသည်။

ထို့ပြင်လည်း အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား အထူးမှာကြားထားချက်လည်း ရှိပါသေးသည်။ နိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေက MSMEs လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများကိုတီထွင်ကြံဆမှု၊ ဆန်းသစ်မှု ၊ စွန့်စားမှုများ ပြုလုပ်သင့်သည်။ ယင်းသို့ တီထွင်ကြံဆ ဆန်းသစ်စွန့်စား လုပ်ကိုင်ခြင်းဖြင့် မိရိုးဖလာ စီးပွားရေးလုပ်ငန်းအဖြစ်မှ တီထွင်ဆန်းသစ်သော Innovative MSMEsအသွင်သို့ ပြောင်းလဲလာစေချင်သည်။ သို့မှသာ စွန့်ဦးတီထွင်သူ လုပ်ငန်းရှင်များ ထွက်ပေါ် လာစေမည် ဖြစ်သည်ဟု တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင်လည်း နိုင်ငံတော်က ဦးဆောင်ကျင်းပပေးသည့် ပြပွဲပြိုင်ပွဲများတွင် အခြားလုပ်ငန်းရှင်များ၏ စိတ်ကူးစိတ်သန်း၊ ကြိုးပမ်းအားထုတ်မှု၊ ဈေးကွက်ကို ထိထိမိမိ မိတ်ဆက်နိုင်မှုတို့ကိုလည်း အတုယူဖို့လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာ့အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ဆန်းသစ်ခြင်း၊ အတွေးအခေါ် အသိအမြင်များ ဖွံ့ဖြိုးတိုးတက်လာပြီး ပိုမိုကောင်းမွန်သည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မှလည်း ဒေသတွင်း လုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

မုံရွာ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲတွင် ထူးခြားမှုတစ်ခုရှိသည်။ ပုဂ္ဂလိက ဘဏ်များအား ဖိတ်ခေါ်ထားခြင်းဖြစ်သည်။ ချေးငွေရယူ လိုချင်သည့် လုပ်ငန်းရှင်များနှင့် ငွေချေးပေးမည့် ဘဏ်တို့ ချိတ်ဆက်ပေးခြင်း ဖြစ်သည်။ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်သည် ငွေကြေးအရင်းအနှီးဖြစ်သည်။ ပွင့်လန်းစပြုနေသော စီးပွားရေးလုပ်ငန်း အသေးစားကလေးကို ရင်းနှီးမြှုပ်နှံငွေကြေး အရင်းအနှီး များများထည့်မြေဩဇာကျွေးကာ ရေလောင်းပေါင်းသင်နိုင်မည်ဆိုလျှင် ထို စီးပွားရေးလုပ်ငန်းကလေး အားကောင်းလာမည်။ ဖွံ့ဖြိုးလာမည်။ ဈေးကွက်ချဲ့နိုင်မည်။ လူသိများ ထင်ရှားပြီး နိုင်ငံတကာ ပို့ကုန်အဖြစ် ပြောင်းလဲသွားမည်။ ထို့ကြောင့် လုပ်ငန်းချဲ့ထွင်ချင်သော လုပ်ငန်းရှင်ကလေးများအဖို့ ဘဏ်ချေးငွေ လိုအပ်သည်။ ဘဏ်ချေးငွေကို လွယ်လင့်တကူရချင်သည်။ ထစ်ငေါ့နေခြင်းများကို ကျော်လွှားချင်သည်။ အကောင်းဆုံးက ဘဏ်နှင့် ဦးစွာညှိနှိုင်း တိုင်ပင်ရမည်။

မြန်မာနိုင်ငံတွင် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဒေသအလိုက် ဖူးပွင့်လာဖို့ အထူးလိုနေသည်။ ယင်းသို့ ဖူးပွင့်လာလျှင် မြန်မာ့ဒေသအသီးသီးက ထုတ်ကုန်များ ထင်ပေါ် လာမည်။ ဒေသခံများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မည်။ ဒေသတွင်း စီးပွားရေးလုပ်ငန်းများရှိနေ၍ ကုန်ရောင်းကုန်ဝယ် ကုန်သွယ်မှုလုပ်ငန်းများလည်း လည်ပတ်နေမည်။ ငွေကြေးစီးဆင်းမှု ရှိနေသဖြင့် ဒေသတွင်း စီးပွားရေးအခြေအနေများ တည်ငြိမ်မည်။ ဒေသခံပြည်သူများ ပုံမှန်ဝင်ငွေရှိမည်။ ပုံမှန်ဝင်ငွေရှိလျှင် စားဝတ်နေရေး လည်ပတ်နေမည်ဖြစ်သည်။

အမှန်တော့ မြန်မာနိုင်ငံတွင် ဒေသအသီးသီးက ထုတ်ကုန်ထွက်ကုန်များသည် သူ့ဈေးကွက်နှင့်သူ ရှိပြီးသားဖြစ်သည်။ ငွေကြေးရင်းနှီးမှု ကြီးကြီးမားမား မမြှုပ်နှံနိုင်ခြင်းကြောင့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအဖြစ် အကန့်အသတ်နှင့် ရှိနေရခြင်းဖြစ်သည်။ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းများသည် ရှိပြီးသားဈေးကွက်ကို ချဲ့ထွင်ထိုးဖောက်ဖို့လိုနေသည်။ ဈေးကွက်ချဲ့ထွင်ရေးစဉ်းစားလျှင် ရင်းနှီးမြှုပ်နှံမှု ငွေကြေးအရင်းအနှီး လိုသည်။ တီထွင်ဆန်းသစ်မှု ဉာဏ်စွမ်းလိုမည်။ အတတ်ပညာ၊ နည်းပညာများ လိုမည်။ စွန့်ဦးတီထွင် လုပ်ကိုင်ချင်သော လူငယ်၊ လူလတ်များ ပါဝင်ဆောင်ရွက်ဖို့လည်း လိုမည်။ ယင်းသို့ အချိုးညီညီ ပေါင်းစပ် လုပ်ကိုင်နိုင်မည်ဆိုလျှင် Made In Myanmar ထုတ်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း ပေါ် ထွန်းလာမည်။ လက်ရှိကာလသည် မြန်မာနိုင်ငံအဖို့ ကုန်သွယ်ရေးလိုငွေပြနေသည့် အချိန်အခါဖြစ်၍ ကုန်သွယ်ရေးလိုငွေလျှော့ချနိုင်ရေး ပို့ကုန်အမယ်သစ်များ တီထွင်ကြံဆ ထုတ်လုပ်ဖို့ လိုနေသည်။ ပို့ကုန်အမယ်သစ်များ ပေါ် ထွက်လာရေး အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများက စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။



# လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် စိုက်ပျိုးရေးထုတ်ကုန်များရဲ့ ပြည်ပတင်ပို့မှုကျဆင်းခြင်းကို ကုစားနိုင်ဖို့ဆိုလျှင်

(ယခင်တစ်ပတ်မှအဆက်)

မွေးမြူရေးကဏ္ဍဖြင့် ကုစားနိုင်ခြင်း

ပြည်ပတင်ပို့မှုတွင် မွေးမြူရေးကဏ္ဍမှ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့နိုင်မှုမှာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၁ ဒသမ ၈၁၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့သည့်အတွက် အလားအလာကောင်းသော ကဏ္ဍတစ်ရပ်ပင်ဖြစ်ပေသည်။ မွေးမြူရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ သဖွယ် ဒွန်တွဲနေသော လုပ်ငန်းဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက် လွယ်ကူကျွမ်းကျင်သည့်လုပ်ငန်းပင်ဖြစ်ပေသည်။ ရှေးအခါက တောင်သူလယ်သမားများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ကြရာတွင် ကျွဲ၊ နွားများကို အဓိကအသုံးပြုကြပါသည်။ ထို့ကြောင့် ခိုင်းကျွဲ၊ နွားများကို မွေးမြူပြုစုကာ ခိုင်းကြပြီး မျိုးပွားစေရန်အတွက်လည်း သားပေါက်နွားမများကိုပါ တစ်နိုင်တစ်ပိုင် မွေးမြူကြပေသည်။ ယနေ့ကာလတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာ စိုက်ပျိုးရေးစနစ်သို့ကူးပြောင်းလာပြီဖြစ်သော်လည်း ကျွဲ၊ နွားများအသုံးပြုခြင်းနှင့် မွေးမြူခြင်းအား လုပ်ကိုင်ကြဆဲပင်ဖြစ်ပေသည်။ ယခုအခါတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များကို စီးပွားဖြစ် မွေးမြူလာကြပြီ ဖြစ်ပါသည်။ တောင်သူလယ်သမားများအနေဖြင့်လည်း စီးပွားရေးတိုးတက်စေရန်မှာ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းသာ တစ်ကြောင်းဆွဲစီးပွားရေးမျိုးမဟုတ်ဘဲ မွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်မှသာလျှင် စီးပွားရေးပိုမိုတိုးတက် အဆင်ပြေမည်ဖြစ်ပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူကြရာမှ ယခုအခါ စီးပွားဖြစ်မွေးမြူခြင်းများ အများအပြားရှိလာပြီဖြစ်ပါသည်။ အဓိကအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးမွေးမြူကြပြီး ကျန်တိုင်းဒေသကြီး ပြည်နယ်များတွင်လည်း အများအပြားမွေးမြူလာကြသည်ကိုတွေ့ရသည်။ ၂၀၁၇-၂၀၁၈ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျွဲ၊ နွား၊ သိုး၊ ဆိတ်မွေးမြူထားရှိမှု အခြေအနေအား အောက်ပါအတိုင်းလေ့လာတွေ့ရှိရပေသည်-

**၂၀၁၇-၂၀၁၈ ခုနှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျွဲ၊ နွား၊ သိုး၊ ဆိတ်မွေးမြူထားရှိမှုအခြေအနေ**

ရေတွက်ပုံ- ကောင်ရေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ကျွဲ | နွား | သိုး | ဆိတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | နေပြည်တော် ကောင်စီ | ၇၁၁၁၇ | ၂၅၄၆၆၅ | - | ၁၈၅၅၈ | |
| ၂။ | ရန်ကုန် | ၁၇၀၀၀၈ | ၆၉၃၆၂၀ | - | ၁၂၄၅၆၁ | |
| ၃။ | မန္တလေး | ၇၄၀၉၇ | ၂၄၇၃၈၉၈ | ၃၇၁၄၄၄ | ၁၆၉၀၉၀၅ | |
| ၄။ | စစ်ကိုင်း | ၅၂၇၆၀၀ | ၂၆၉၂၉၁၈ | ၂၉၃၇၉၆ | ၄၅၆၀၃၆ | |
| ၅။ | မကွေး | ၁၉၀၉၉၁ | ၃၁၁၆၀၂၂ | ၁၀၁၀၁၁၅ | ၄၂၈၇၂၇၅ | |
| ၆။ | ဧရာဝတီ | ၂၄၅၈၉၁ | ၁၂၈၃၀၂၅ | - | ၁၂၃၂၀၆ | |
| ၇။ | ပဲခူး | ၃၄၅၃၇၈ | ၁၆၂၂၂၉၇ | - | ၈၅၀၈၀ | |
| ၈။ | တနင်္သာရီ | ၁၇၁၇၁၆ | ၁၇၄၃၈၃ | - | ၄၂၀၅၅ | |
| ၉။ | ကချင် | ၂၈၀၇၅၄ | ၃၈၄၆၀၉ | - | ၇၁၄၈၁ | |
| ၁၀။ | ကယား | ၃၇၅၇၃ | ၁၀၀၁၅၂ | - | ၃၈၀၁ | |
| ၁၁။ | ကရင် | ၁၀၆၃၀၁ | ၃၉၅၄၂၁ | - | ၁၁၄၉၀၄ | |
| ၁၂။ | ချင်း | ၅၆၀၁၄ | ၁၉၁၃၃၁ | - | ၁၂၂၁၇၁ | |
| ၁၃။ | မွန် | ၁၀၁၂၆၄ | ၅၅၃၅၂၇ | - | ၁၄၅၁၇၆ | |
| ၁၄။ | ရခိုင် | ၄၆၂၈၈၀ | ၁၄၀၅၁၁၀ | - | ၄၅၄၉၀၀ | |
| ၁၅။ | ရှမ်း | ၉၀၈၁၆၂ | ၁၆၉၄၅၅၉ | - | ၁၂၇၉၄၄ | |
| ပြည်ထောင်စုချုပ် | | ၃၇၄၉၉၆၆ | ၁၇၀၃၅၅၃၇ | ၁၆၇၅၃၅၅ | ၇၈၆၈၀၅၃ | |

ထိုသို့မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာကြခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှု၏ အထောက်အပံ့ကောင်း တစ်ခုပင်ဖြစ်ပေသည်။ နိုင်ငံတော်၏စီးပွားရေးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ကြသည့် ပြည်သူများ၏အကျိုးစီးပွားအတွက်ရည်ရွယ်၍ ၂၀၁၇ခုနှစ်၊ အောက်တိုဘာ ၉ ရက်တွင် ကျွဲ၊ နွားအရှင်တင်ပို့ခွင့်ကို နိုင်ငံတော်မှ တရားဝင် ခွင့်ပြုပေးခဲ့ရာ ယခင်ကဖြစ်ပေါ်နေသည့် မှောင်ခို ဈေးကွက်မှာ တဖြည်းဖြည်း ကွယ်ပျောက်လာပြီး တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ အကျိုးရလဒ်များစွာ ဖြစ်ပေါ် လာစေကြောင်းလေ့လာသိရှိရပေသည်။ မွေးမြူရေးကဏ္ဍမှ တိရစ္ဆာန်ထွက်ပစ္စည်းများတင်ပို့မှုအား ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တို့အား ဩဂုတ် ၁၀ ရက်အထိ ကာလတူနှိုင်းယှဉ်ရာတွင် ဆိတ်အရှင်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၇ သန်းလျော့ကျခဲ့သော်လည်း ကျွဲအရှင်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၁၈၄ သန်း၊ နွားအရှင်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၈၉၂ သန်းနှင့် အခြားတိရစ္ဆာန်ထွက်ပစ္စည်း တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၅၇ သန်း အသီးသီး ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။ ဤသည်မှာ တရားဝင် တင်ပို့ခွင့် ပြုလိုက်ခြင်း၏ ရလဒ်များပင်ဖြစ်ပါသည်။ ထိုသို့အကျိုးရလဒ်ကောင်းများ စဉ်ဆက်အပျက်ရရှိစေရန်အတွက် ရေရှည် အစီအမံများ၊ အစီအစဉ်များကို စနစ်တကျ ချမှတ်ကာ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တောင်သူများ တစ်နိုင်တစ်ပိုင် မွေးမြူခြင်းမှ စီးပွားဖြစ်မွေးမြူလာနိုင်ရေးအတွက် လည်းကောင်း၊ စီးပွားဖြစ် မွေးမြူကြသည့် လုပ်ငန်းရှင်များကိုလည်း ပိုမိုအဆင့်မြှင့်တင်လုပ်ကိုင်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက အားပေး ကူညီခြင်းများကို စနစ်တကျလုပ်ဆောင်ပေးသင့်ပေသည်။

တင်ပို့နိုင်မှုတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် ထုတ်လုပ်နိုင်မှုကဏ္ဍမှာလည်း အဓိကကျသော အချက်တစ်ခုပင် ဖြစ်ပါသည်။ လက်ရှိတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်မွေးမြူကြသည့် တောင်သူများ စုပေါင်း၍ အသင်းအဖွဲ့များ၊ အစုအဖွဲ့ များ ဖွဲ့စည်းကာ ကုန်သွယ်မှု သတင်းအချက်အလက်များရရှိရေး၊ မွေးမြူရေးအသိပညာများ ဖြန့်ဝေနိုင်ရေး၊ ထုတ်လုပ်မှု တိုးတက်စေရေး စုပေါင်းဆောင်ရွက်နေကြပြီဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ တောင်စင်ကျေးရွာတွင် တောင်စင်သိုးဆိတ်မွေးမြူရေးဇုန်ကို သက်မှတ် ဖော်ဆောင်ထားပြီးဖြစ်ပြီး အခြားသောအလားအလာရှိသည့် ဒေသများတွင်လည်း အလားတူဇုန်များ သတ်မှတ်ဖော်ဆောင်သွားရန်

## DOCA( Domestic)

လိုအပ်ပေသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လလယ်ခန့်က မကွေး တိုင်းဒေသကြီးသို့ စာရေးသူသွားရောက်ခဲ့သည့် ခရီးစဉ်တွင် နွားမွေးမြူရေးခြံများသို့ သွားရောက်လေ့လာဖြစ်ခဲ့ပါသည်။ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ရှိ လုပ်ငန်းရှင် ဦးအောင်နိုင်ဦး လုပ်ကိုင်ဆောင်ရွက်နေသော အောင်ခေတ်စံ နွားမွေးမြူရေးကုမ္ပဏီပင် ဖြစ်ပါသည်။ လုပ်ငန်းစတင်ချိန်တွင် နွားအကောင်ရေ ၂၀ ခန့်သာ တောင်သူများအား မွေးဖက်ပေးရာမှစတင်ခဲ့ပြီး လက်ရှိအချိန်တွင် နွားကောင်ရေ ၈၀၀ ခန့်မွေးမြူထားရှိပြီး ၂၀၁၉ ဇန်နဝါရီတွင် နွားကောင်ရေ ၁၀၀၀ ပြည့်အောင်မွေးမြူနိုင်ရန် အစီအစဉ်ချထားကြောင်းလည်း သိရှိရပါသည်။ ထိုသို့သော မွေးမြူရေး လုပ်ငန်းရှင်များအား ပိုမိုတိုးတက်လာစေရန် အားပေးလုပ်ဆောင်ခြင်းများ လုပ်ဆောင်ပေးသင့်ပြီး နွားမွေးမြူရေးဇုန်များ ပေါ်ပေါက်လာအောင်လည်း အကောင်အထည်ဖော်ဆောင်ရွက်သင့်ပေသည်။ ကျွဲ၊နွား မွေးမြူရေးလုပ်ငန်းများ များပြားစွာ ပေါ်ပေါက်လာလျှင်မူ ပြည်သူများစိတ်ပူပင်နေကြသည့် စိုက်ပျိုးရေးလုပ်ငန်းတွင် ခိုင်းကျွဲ၊ နွားများရှားပါး လာမည်ဆိုသော အချက်အားကွယ် ပျောက်သွားစေမည့်အပြင် ပို့ကုန်မြှင့်တင်နိုင်ရေးတွင်လည်း အထောက်အကူဖြစ်မှာ အသေအချာပင် ဖြစ်ပေသည်။

ထိုသို့ မွေးမြူရေးကဏ္ဍမှ ပို့ကုန်တိုးမြှင့်နိုင်ရေးဆောင်ရွက်ရာတွင် မွေးမြူထုတ်လုပ်သည့်ကဏ္ဍ၊ ဈေးကွက်တင်ပို့သည့် ကဏ္ဍစသည်တို့ကို ဟန်ချက်ညီစွာအကောင်အထည်ဖော်နိုင်ရေးမှာ အရေးကြီးပေသည်။ မွေးမြူထုတ်လုပ်သည့် ကဏ္ဍတိုးတက်စေရန်မှာ အဓိကလုပ်ကိုင်ဆောင်ရွက်နေကြသည့် တောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များက စနစ်တကျ ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင်းအစုအဖွဲ့များဖြင့် အကြားအလပ်မရှိအောင်ညီညွတ်စွာ ပေါင်းစည်းလုပ်ကိုင်ခြင်း၊ သက်ဆိုင်ရာဌာနများ၊ တာဝန်ရှိသူများကလည်း ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာများ၊ နည်းပညာများကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် ဒေသအလိုက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း စသည်တို့ကို အားလုံး ပူးပေါင်းလုပ်ဆောင်သင့်ပေသည်။ ထို့အပြင် ဈေးကွက်တင်ပို့မှုကဏ္ဍ လွယ်ကူအဆင်ပြေတိုးတက်စေရေးအတွက်လည်း တရားမဝင် မှောင်ခိုဈေးကွက်လမ်းကြောင်းများ မရှိစေရေး ပူးပေါင်းကြပ်မတ်ဆောင်ရွက်ခြင်း၊ တင်ပို့သည့်ကုမ္ပဏီများကိုလည်း စနစ်တကျစိစစ်ကာ စည်းမျဉ်းစည်းကမ်းများအတိုင်းလိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ တင်ပို့မှုတွင်လည်း ပို၍ကောင်းမွန်ပြီး လွယ်ကူအဆင်ပြေသော လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ခြင်း စသည်တို့ကို လုပ်ဆောင်ရပေမည်။ ရေရှည်တွင်ကုန်ကြမ်းများတင်ပို့သည့်အပြင် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ မွေးမြူရေးကဏ္ဍမှ ပို့ကုန်တိုးမြှင့်နိုင်ရေးတွင် အထောက်အပံ့ကောင်းများ ရရှိမည်ဖြစ်ပေသည်။

ဆက်လက်ဖော်ပြပါဦးမည်. . . .။

# MAJOR CINEPLEX ရုပ်ရှင်ရုံခွဲများအား လာအိုနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများသို့ တိုးချဲ့ဖွင့်လှစ်ရန် စီမံကိန်းချမှတ်ဆောင်ရွက်

ထိုင်းနိုင်ငံရှိ Major CinePLex Group သည် ထိုင်းနိုင်ငံ TK ကုမ္ပဏီ၊ လာအိုနိုင်ငံ ဝတ်ကုမ္ပဏီနှင့် ITEC Mall ကုန်တိုက်တို့ လက်တွဲပူးပေါင်း၍ လာအိုနိုင်ငံ၊ ဝိန်းကျန်းမြို့တော်ရှိ ၂၅၀၀ စတုရန်းမီတာ ကျယ်ဝန်းသော ITEC Mall ကုန်တိုက်၏(၈)ထပ်မြောက်တွင် Major Cineplex ရုပ်ရှင်ရုံခွဲ (၃)ကိုဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ရုပ်ရှင်ရုံခွဲများ၌ စုစုပေါင်း ထိုင်ခုံ ၉၀၀ ပါ ဒီဂျစ်တယ်စနစ်ရုပ်ရှင်ရုံငယ် ၄ ရုံပါရှိမည်ဖြစ်ပြီး ၎င်းရုပ်ရှင်ရုံများအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်း အပြီးဖွင့်လှစ်သွားရန် ရည်မှန်းထားကြောင်း Major Cineplex ဥက္ကဋ္ဌဖြစ်သူ နိုင်းဝိချာဖွန်ဝန်ရတ်မှ ပြောကြားခဲ့ပါသည်။

ထိုကဲ့သို့ ရုံခွဲ ၃ ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့ရခြင်းမှာ မကြာမီ ဝိန်းကျန်းမြို့တော်၊ ဝိန်းထိန်းကုန်တိုက်၌ ဖွင့်လှစ်ခဲ့သည့် ရုံခွဲ ၂ ၏ သိသာသော အောင်မြင်မှုကြောင့်ဖြစ် ပြီး အဆိုပါရုံခွဲ ၂ အား ဝိန်းကျန်းမြို့တော်၊ ဝိန်းထိန်းကုန်တိုက်၌ ရုံငယ် ၅ ရုံနှင့် ပါဆက်မြို့နယ်၊ ပက်စေးမြို့ရှိ ဖရန်စစ် မေ့စ်ကုန်တိုက်၌ ရုံငယ် ၄ ရုံ၊ စုစုပေါင်း ရုံငယ် ၉ ရုံ ဖွင့်လှစ်ခဲ့ရာ ထိုင်ခုံလက်မှတ် များ အပတ်စဉ်နေ့တိုင်း ကုန်စင်အောင် ရောင်းချခဲ့ရပြီး အထူးသဖြင့် ပိတ်ရက်နှင့် ထိုင်းရုပ်ရှင်ကားများ ပြသသည့်ရက်များတွင် ထိုင်းနိုင်ငံ၏ လက်မှတ်တစ်စောင် ရောင်းဈေးနှုန်းမှာ ဘတ် ၁၄၀ မှ ဘတ် ၁၆၀ အထိ မြင့်တက်ခဲ့သော်လည်း လက်မှတ်များ ရောင်းချရန် မကျန်ရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဤကဲ့သို့ တွဲဖက်လုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် Major Cineplex Group သည် လာအိုနိုင်ငံတွင် အကြီးဆုံးနှင့် တစ်ဦးတည်း ဝန်ဆောင်မှုပေးသူဖြစ်လာမည်ဖြစ်သည့် အပြင် ယခင်က အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံ၌ ရုံခွဲ ၄ ရုံနှင့် ရုံငယ်ပေါင်း ၂၄ ရုံ၊လာအိုနိုင်ငံ၌ ရုံခွဲ ၂ ရုံနှင့် ရုံငယ်ပေါင်း ၉ ရုံ၊ စုစုပေါင်း ရုံခွဲ ၆ ရုံ၊ ရုံငယ် ၃၃ရုံ ရှိခဲ့ရာမှ ယခုတွင် ရုံခွဲ ၇ ရုံနှင့် ရုံငယ်စုစုပေါင်း ၃၇ ရုံထိ တိုးချဲ့နိုင်ခဲ့ရာ Major Cineplex Group တစ်ခုလုံးအနေဖြင့် လက်ရှိတွင် ပြည်တွင်း၊ ပြည်ပ၌ ရုံခွဲ ၁၄၂ ရုံနှင့် ရုံငယ်စုစုပေါင်း ၇၃၄ ရုံဖြင့် ဖျော်ဖြေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှ ၂၀၂၀ ခုနှစ်အရောက်တွင် ထိုင်းနိုင်ငံအတွင်း၌ ရုံငယ် ၉၀၀ နှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယမ်နမ် CLMV လေးနိုင်ငံ၌ ရုံငယ် ၁၀၀၊ စုစုပေါင်း ရုံငယ် ၁၀၀၀ တိုးချဲ့ဖွင့်လှစ်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြပါရှိပါသည်။

**သန်းသန်းနိုင်**

**Source : ထိုင်းရတ်သတင်းစာ**

■

# ပြည်တွင်းသာမက ပြည်ပသို့တင်ပို့နေတဲ့ ကလေးမြို့၏ ချင်းရိုးရာ အထည်စျေးကွက်

ကလေးခရိုင်၊ ကလေးမြို့အတွင်း ချင်းရိုးရာ အထည်ရက်လုပ်မှုနှင့် ပတ်သက်၍ ယခုလအတွင်းတွင် နိုင်ငံခြားမှ Order လက်ခံပြီး ရန်ကုန်မြို့မှတစ်ဆင့် အမေရိကားသို့တင်ပို့လျက် ရှိပါကြောင်း၊ စျေးနှုန်း စျေးကွက်အနေဖြင့် အနိမ့်ဆုံးစျေးလုံချည် တစ်ကွင်းလျှင် ကျပ် ၁၃၀၀၀၊ အမြင့်ဆုံး လုံချည် တစ်ကွင်းလျှင်ကျပ် ၂၅၀၀၀ ပေါက် စျေးရှိသော လုံချည်များကို မှာယူမှုများရှိကြောင်း၊ အများအားဖြင့် ရိုးရာဝတ်စုံများမှာ မှာယူမှုများရှိပြီး မြို့နယ်တွင်း ၁၀ ကွင်း၊ ၁၂ ကွင်း လာရောက် ဝယ်ယူလျှင်လည်း ရောင်းချပေးလျက်ရှိပါကြောင်း၊ Order မှာယူမှုကို အနည်းဆုံးကွင်း ၅၀ မှ ကွင်း ၃၀၀ ထိ မှာယူလျက်ရှိပါကြောင်း၊ တောင်ပေါ်ဒေသ၊ မန္တလေးမြို့များသို့လည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ရက်ကန်းရက်လုပ်သူများအနေဖြင့် ၁၃၀၀၀ ကျပ်တန် လုံချည်တစ်ကွင်း ရက်လုပ်လျှင် ရက်လုပ်အားခကျပ် ၄၅၀၀ ရရှိပြီး၊ ကျပ် ၂၅၀၀၀ တန် လုံချည်တစ်ကွင်း ရက်လုပ်ပါက လုပ်အားခကျပ် ၈၀၀၀ ရရှိပါကြောင်း၊ တစ်ရက်လျှင်တစ်ကွင်း၊ နှစ်ကွင်းထိသာ ရက်လုပ်နိုင်ပါကြောင်း သိရှိရပါသည်။

အရောင်းအဝယ်နှင့် ပတ်သက်ပြီး ပုံမှန်ရောင်းဝယ်မှုရှိကြောင်း၊ ရက်ကန်းရက်လုပ်ခြင်း လုပ်ငန်းအနေဖြင့် အမြတ်အနည်း /အများကွာဟမှုရှိပြီး အရှုံးမရှိကြောင်း၊ ယခုအခါတွင် ချင်းတိုင်းရင်းသားများသည် နိုင်ငံအနှံ့အပြားတွင် နေထိုင်မှုများရှိလာပြီး မိမိတို့၏ ရိုးရာဓလေ့ထုံးစံများကို မေ့ပျောက်မသွားစေရန်အတွက် ရိုးရာဝတ်စုံများကို ဘုရားကျောင်းတက်၊ မင်္ဂလာအခမ်းအနားများ၊ ဆုတောင်းပွဲများတွင် တူညီဝတ်စုံများ ဝတ်ဆင်လေ့ရှိကြောင်း သိရသည်။ ချင်းတိုင်းရင်းသားများ နေထိုင်သည့်ကနေဒါ၊ ဩစတြေးလျ၊ မလေးရှား၊ စင်ကာပူနိုင်ငံများသို့လည်း ချင်းရိုးရာ လုံချည်အပါအဝင် လွယ်အိတ်၊ တဘက်၊ ပတ်ထမိန်များကို တင်ပို့ရောင်းချလျက်ရှိပါကြောင်း သိရှိရပါသည်။ မိုးရာသီတွင် ဝယ်လက်အနည်းငယ်ရှားပါးမှုများရှိကြောင်း၊ ချင်းလုံချည်များကို ရက်လုပ်ရာတွင် အိန္ဒိယနိုင်ငံမှလာသော ချည်များကို အသုံးပြုမှုများကြောင်း၊ လုံချည်မှာယူသည့် အရောင်လိုအပ်ချက်များအရ တရုတ်ချည်များကို အသုံးရကြောင်း၊ ချည်ဝယ်ယူစျေးနှုန်းများအနေဖြင့် အိန္ဒိယချည် တစ်ထုပ်လျှင် ကျပ် ၃၀၀၀၀ ၊ တရုတ်ချည် တစ်ထုပ်လျှင်ကျပ် ၂၆၀၀၀ ဖြင့်ဝယ်ယူ၍ ရက်လုပ်ကြောင်း ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူ ဦးဝင်းစိုး၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ရက်ကန်းရက်လုပ်ရာတွင် အရင်းအနှီးအနေဖြင့် ရက် လုပ်သူအားကြိုတင်ငွေပေးထားရကြောင်း၊ တင်ပို့ရာတွင်လည်း ပို့ပြီးမှ ရက်အကန့်အသတ်နှင့် ငွေလွှဲပို့ရပြီး အရင်းအနှီးကို ကြိုတင် စိုက်ထုတ်ရမှုရှိကြောင်း၊ ငွေအရင်းအနှီးရှိမှသာလျှင် လုပ်ငန်းများ လည်ပတ်နိုင်မည်ဖြစ်ပါကြောင်း သိရှိရပါသဖြင့် နိုင်ငံတော်မှ လုပ်ငန်းအပေါ် ချေးငွေထုတ်ပေးလျှင် လုပ်ငန်းပိုမိုအဆင်ပြေနိုင်ကြောင်း သိရှိရ၍ ကလေးမြို့၏ ရက်ကန်းလုပ်ငန်း အစုအဖွဲ့ ဖွံ့ဖြိုးတိုးတက်စေရန် အဖက်ဖက်မှ ဝိုင်းဝန်းကူညီစေလိုကြောင်း တင်ပြလိုက်ရပါသည်။

**သန်းသန်းဝင်း (ကလေး)**

## ဖျာပုံမြို့နယ် ရွှေကုန်သည်များအသင်း၏ အလုပ်အမှုဆောင် ရွေးချယ်ပွဲအခမ်းအနားကျင်းပပြုလုပ်

ဖျာပုံမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနနှင့် ရွှေကုန်သည်များ အသင်းဖြစ်မြောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ဖျာပုံမြို့နယ်ရွှေကုန်သည်များအသင်း၏ အလုပ်အမှုဆောင် ရွေးချယ်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၁ ရက်က ဖျာပုံမြို့ ရွှာလယ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် ကုန်သည်များနှင့် စက်မှုလက်မှု စီးပွားရေးလုပ်ငန်းရှင်များအသင်းPDCCI ဥက္ကဋ္ဌ ဦးအုန်းဟန်က အဖွင့်အမှာစကား ပြောကြားပြီး ရွှေကုန်သည်များအသင်း အလုပ်အမှုဆောင်ရွေးချယ်ပွဲ အခမ်းအနားကို သင်းဖွဲ့စည်းမျဉ်း စည်းကမ်းနှင့်အညီ အများသဘောဆန္ဒအရအဆိုပြုခြင်း၊ ထောက်ခံအတည်ပြုခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။

ထို့နောက် အသင်းနာယက အဖြစ် ဦးအေးချို၊ ဥက္ကဋ္ဌအဖြစ် ဦးစိုး ကျော်သူမြင့်၊ ဒုတိယ ဥက္ကဋ္ဌအဖြစ် ဦးတင်ငွေ စသည့် အလုပ်အမှု ဆောင် ၇ ဦးအားရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။ ဆက်လက်၍ဥက္ကဋ္ဌအသစ် ဦးစိုးကျော်သူမြင့်က အသင်းသား/ အသင်းသူများအား မိတ်ဆက်စကားပြောကြားပြီး ထိုအသင်းအား ၃ နှစ်တစ်ကြိမ် အလုပ်အမှုဆောင်များ ပြန်လည် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါ အခမ်းအနားသို့ ဖျာပုံခရိုင်ကုန်သည်များနှင့် စက်မှုလက်မှု စီးပွားရေးလုပ်ငန်းရှင်များအသင်း PDCCI ဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် ရဲတပ်ဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဖျာပုံမြို့နယ် ရွှေကုန်သည် လုပ်ငန်းရှင်များ စုစုပေါင်း ၄၈ ဦး တက်ရောက်ကြောင်း သတင်းရရှိပါသည်။ **မင်းဇော်မွန် (ဖျာပုံ)**

## ငြိမ်နေတဲ့ နိုင်ငံတကာရော်ဘာစျေး ယခုတစ်ပတ်စျေးပြန်ကျ

ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်ထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၁၅ သန်း တန်ဖိုးရှိရော်ဘာ ၁၇၁၇ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ် နယ်စပ်မှ ရော်ဘာတင်ပို့မှုမှာ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား ၆၃၅ တန်၊ RSS-5 အမျိုးအစား ၂၆၇ တန်နဲ့ MSR-20အမျိုးအစား ၄၁၃ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း မှ RSS-3 အမျိုးအစား ၂၆၇ တန်၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ MSR-50 အမျိုးအစား ၈၅ တန် တင်ပို့ခဲ့ကြောင်းနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေး စခန်းမှ Rubber Latex 60 % DRC အမျိုးအစား တန်ချိန် ၅၀ တင် ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင် တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၃၄ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာစျေးမှာ RSS-3 အမျိုး အစား တစ်တန်လျှင် ကျပ် ၁၇ ဒသမ ဝ၆၁ သိန်းရှိပြီး ယခင်တစ်ပတ်စျေးထက် တစ်တန်ကို ၆၈၂၄၅ ကျပ် စျေးတက်ကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ် မှုမှ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀၅ သန်း တန်ဖိုးရှိရော်ဘာ တန်ချိန် ၉၂၀ ကို ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယ နိုင်ငံနဲ့ ထိုင်ဝမ် နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုး အစား ၁၉၄ တန်ကျော်၊ တရုတ်နိုင်ငံသို့ MSR-10 နဲ့ MSR-20 အမျိုးအစား ၅၈၅ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား ၁၀၁ တန်နဲ့ ထိုင်ဝမ်သို့ MSR-20 အမျိုးအစားတန်ချိန် ၄၀ ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၆၅ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ဇူလိုင်လဆန်းလောက်ကတည်းကစပြီး အတက်အကျသိပ်မရှိဘဲ စျေးငြိမ်နေတဲ့ နိုင်ငံတကာ ရော်ဘာစျေးနှုန်းမှာ ယခုတစ်ပတ်အတွင်း RSS အမျိုးအစား တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့် စျေးကျပြီး MSR အမျိုးအစားမှာ အနည်းငယ်သာ စျေးအတက်အကျရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်တဲ့ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာစျေးမှာ RSS 1 တစ်တန်လျှင် ဒေါ်လာ ၁၃၀၀-၁၃၅၀၊ RSS 2 တစ်တန်လျှင် ဒေါ်လာ ၁၂၅၀-၁၃၅၀၊ RSS 3 တစ်တန်လျှင် ဒေါ်လာ ၁၂၀၀-၁၃၀၀၊ RSS 4 တစ်တန်လျှင် ဒေါ်လာ ၁၁၅၀-၁၂၅၀၊ RSS 5 တစ်တန်လျှင် ဒေါ်လာ ၁၁၀၀-၁၂၀၀၊ MSR 3L တစ်တန်လျှင် ဒေါ်လာ ၁၇၅၀-၁၈၅၀၊ MSR 10 တစ်တန်လျှင် ဒေါ်လာ ၁၄၀၀-၁၅၀၀၊ MSR 20 တစ်တန်လျှင် ဒေါ်လာ ၁၂၅၀-၁၃၅၀၊ MSR 50 တစ်တန်လျှင် ဒေါ်လာ ၁၁၅၀-၁၂၀၀နှင့် Crepe Rubber တစ်တန်လျှင် ဒေါ်လာ ၁၂၅၀-၁၃၅၀ တို့ဖြစ်ပါတယ်။ **ယဉ်ယဉ်အေး**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)စျေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၂၇-၈-၂၀၁၈ မှ ၂-၉-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**




**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ကိုယ်တိုင်ဦးဆောင်ပြီး လုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှုများ ရရှိမည်။ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စတိုးဆိုင်၊ မီနီမားကက် စသော လုပ်ငန်းများမှ ဝင်ငွေအားကောင်းလိမ့်မည်။ ပညာရေး ကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စဉ်းစားကာနေလိမ့်မည်။ စိတ်ကူးယဉ်နေတတ်မည်။ ကျန်းမာရေးအနေဖြင့် အရိုးအဆစ်ကိုက်သော ဝေဒနာခံစားရတတ်သည်။ **ယတြာ။ ။ အုန်းထမင်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့တွင် ဆန္ဒစောနေတတ်သည်။ စစ်မရောက်ခင်မျှားကုန်တတ်သော သဘောလည်းရှိနေတတ်ပါသည်။ ဝီရိယ၊ ဇွဲသတ္တိကောင်းစွာဖြင့် လုပ်ဆောင်သင့်သည်။ နွားနို့၊ နို့ချက်လုပ်ငန်း၊ နို့ဆီလုပ်ငန်းများ လုပ်ကိုင်ပါက အောင်မြင်မှုရရှိလိမ့်မည်။ ပညာရေးကံကောင်းရန် ကြိုးစားရန်လိုမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်နေမည်။ ကျန်းမာရေးအနေဖြင့် သွေးတိုးခြင်း၊ သွေးနှင့်ပတ်သက်သော ဝေဒနာခံစားရမှုရှိနေတတ်သောကြောင့် အနေအစား ဂရုစိုက်သင့်ပါသည်။ **ယတြာ။ ။ နို့ထမင်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးတွင် ယှဉ်ပြိုင်မှုများရှိလာတတ်သည်။ သို့သော် မိမိက ရှေ့က ပြေးနေလိမ့်မည်။ ယာဉ်စက်ကိရိယာပစ္စည်းများနှင့်ပတ်သက်ပြီး အကျိုးဖြစ်ထွန်းနေတတ်ပါသည်။ ယခုကာလအတွင်း ဝင်ငွေ၊ ထွက်ငွေမမျှရှိနေလိမ့်မည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးအေးဆေးမှုရှိနေမည်။ ကျန်းမာရေးတွင် ရောဂါဟောင်းပေါ်တတ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ရှိနေတတ်သောကြောင့် အသွားအလာအနေအထိုင်ဂရုစိုက်သင့်ပါသည်။
**ယတြာ။ ။ ဆီထမင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စာရင်းအင်းနှင့်ပတ်သက်သော လုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်း၊ ကွန်ပျူတာစာစီစာရိုက်၊ မိတ္တူလုပ်ငန်းများ အကျိုးပေးမှုအားကောင်းနေတတ်သည်။ လုပ်ငန်းသေးလေးမှ လုပ်ငန်းကြီးလုပ်ရတတ်သည်။ ပညာရေးတွင် ဉာဏ်ရည် ဖွံ့ဖြိုးမှုအားကောင်းနေတတ်သည်။ အချစ်ရေးတွင် စိတ်ကူးယဉ်နေတတ်သည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးတွင် အကြောတက်ခြင်း၊ ယားယံခြင်းဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ ယို (၇)မျိုးဘုရားလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စာပေပညာသင်ကြားခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ အကျိုးပေးအထူးကောင်းနေမည်။ ရေသန့်စက်ရုံတည်ထောင်ခြင်း၊ ကယ်မီကယ်နှင့် ပတ်သက်သောလုပ်ငန်းများ အကျိုးပေးနိုင်ပါသည်။ ပညာရေး တွင် ထူးချွန်ကောင်းမွန်မည်ဖြစ်ပါသည်။ အချစ်ရေးတွင် လူကြီးများနှင့် တိုင်ပင် ဆွေးနွေး လက်တွဲရန် ဆုံးဖြတ်ချက်ချနေလိမ့်မည်။ အိမ်ထောင်ရေးကံ အားကောင်း နေပါသည်။ ကျန်းမာရေးအနေဖြင့် ချောင်းဆိုး၊ ရင်ကြပ်၊ နှလုံးအားနည်းခြင်း၊ နှလုံးရောဂါတို့ခံစားနေရတတ်ပါသည်။ **ယတြာ။ ။ ပဲထမင်းလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် အနုပညာဆန်သော ဒီဇိုင်နာလုပ်ငန်း၊ အလှပြင်လုပ်ငန်း၊ ပန်းဥယျာဉ်စိုက်ပျိုးရေးလုပ်ငန်းများမှ အကျိုးပေးမည်။ ဝင်ငွေအားကောင်းမည့် စီးပွားရေးလုပ်ငန်းများဖြစ်သည်။ ပညာရေးထက်မြက်ထူးချွန်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးကောင်းနေမည်။ ချစ်သူများ ဝိုင်းဝိုင်းလည်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အအေးမိခြင်း၊ အစားမှားခြင်းဝေဒနာခံစားရမှု ရှိနေတတ်သည်။ ခြေအေး၊ ဝမ်းရောင်ဖြစ်တတ်သည်။
**ယတြာ။ ။ ကြက်ဆီထမင်းလှူပါ။**



**စနေသားသမီးများအတွက်** လက်အောက်ငယ်သားများစွာကို အုပ်ချုပ်ရသော စီးပွားရေးလုပ်ငန်း၊ အထည်ချုပ်စက်ရုံ၊ တွင်ကုန်၊ စက်ပြင်လုပ်ငန်းများ လုပ်ကိုင်ပါက အောင်မြင်မှုများရရှိမည်။ လက်အောက်ငယ်သားတို့၏ ပြဿနာကိုဖြေရှင်းပေးရတတ်သည်။ ဉာဏ်ရည်ဉာဏ်သွေးကောင်းပြီး ပညာရှိဖြစ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် စိတ်တိုင်းမကျရှိနေမည်။ ကျန်းမာရေးကောင်းမည်။
**ယတြာ။ ။ ထောပတ်ထမင်းလှူပါ။**

# စားသုံးသူရေးရာဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံး ဝန်ထမ်းများမှ နွားမွေးမြူရေးလုပ်ငန်းသို့ ကွင်းဆင်းလေ့လာ



စားသုံးသူရေးရာ ဦးစီးဌာန၊ ချင်းပြည်နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ချင်းပြည်နယ် အတွင်း ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် သုတေသန လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်က ဂန့်ဂေါလမ်း၊ ဟားခါးမြို့အနီးရှိ နွားမွေးမြူရေးလုပ်ငန်းသို့ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ကွင်းဆင်းလေ့လာရာတွင် နွားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ဦးကီယိုလျှန်က နွားအကောင်ရေ ၃၃ ကောင်ပိုင်ဆိုင်ထားကြောင်း၊ မိမိတို့ လယ်ယာများ ထွန်ယက်သည့်အချိန်တွင် နွားအကောင်ရေ အနည်းငယ် သုံးစွဲလျက်ရှိကြောင်းနှင့် အချို့သော နွားများကို ဒေသတွင်း စားသုံးရန်အတွက် အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ရိုးရာဓလေ့အရ သာရေး၊ နာရေးပွဲများ၊ ဘာသာရေးပွဲများ၊ ဆုတောင်းပွဲများတွင် နွားသား (အမဲသား) များဖြင့် တည်ခင်းဧည့်ခံလေ့ရှိသည်ကို သိရှိရပြီး ဟားခါးမြို့နယ်အတွင်း နွားအရောင်းအဝယ်ဈေးနှုန်း သတင်းများအရ နွားတစ်ကောင်လျှင် ကျပ် ၇၀၀၀၀၀ ခန့်ရှိကြောင်း သိရှိရပါသည်။

ဟားခါးမြို့၏ ဩဂုတ်လ ၁၆ ရက် အသား ဈေးနှုန်းစာရင်းများအရ နွားသား(အမဲသား) အစို တစ်ပိဿာလျှင် ကျပ် ၈၀၀၀ ခန့်ရှိပြီး အသားခြောက် တစ်ပိဿာလျှင် ကျပ် ၂၁၀၀၀ မှ ၂၅၅၀၀ ခန့်ရှိကြောင်း သတင်းရရှိပါသည်။

**ဒေါ်ကြယ်(ဟားခါးမြို့)**

# ချင်းတောင်မှ ကလေးမြို့သို့ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးဈေးနှုန်းဈေးကွက်

ကလေးမြို့နယ်အတွင်းတွင် တောင်သူများ အပိုဝင်ငွေရရှိရန်အတွက် ဒေသတွင်းသုံး ခရမ်းချဉ်သီးများကို မြို့သာ၊ သာစည်၊ နတ်ချောင်းကျေးရွာ အနှံ့အပြားတွင် စိုက်ပျိုးကြပါသည်။ ခရမ်းချဉ်သီး စတင်ပေါ်စတွင် မုံရွာ၊ မန္တလေးမြို့မှ လာသည့် အသီးများထက် ဒေသထွက် ခရမ်းချဉ်သီးကို ပိုမိုကြိုက်နှစ်သက်၍ ထွက်ရှိသော ခရမ်းချဉ်သီးများကို တမူးမြို့နှင့် အထက် ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက် မြို့များသို့လည်း ကလေးမြို့မှ တင်ပို့ ရောင်းချလျက်ရှိပါသည်။ ယခုအချိန်တွင် ဒေသထွက်ခရမ်း ချဉ်သီးများ ရာသီချိန်ကုန်၍ ကလေးမြို့အနေဖြင့် ချင်းတောင်မှ ထွက်ရှိသည့် ခရမ်းချဉ်သီးကိုသာ အားထား သုံးစွဲရပြီး၊ ကလေးမြို့မှတစ်ဆင့် တမူးမြို့၊ အထက်ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်မြို့များသို့လည်း သေတ္တာများဖြင့် တင်ပို့ရောင်းချလျက်ရှိပါ သည်။ ဈေးနှုန်းအနေဖြင့် လက္ကား တစ်ပိဿာလျှင်ကျပ် ၈၀၀၊ လက်လီ တစ်ပိဿာ ကျပ် ၁၀၀၀- ၁၂၀၀ အထိ ပေါက်ဈေးရှိပါသည်။ မိုးတွင်းကာလတွင် ယခင်နှစ်များက မုံရွာမြို့မှ ဝယ်ယူပြီး ဒေသပေါက်ဈေး တစ်ပိဿာလျှင် ကျပ် ၂၀၀၀ခန့် ပေး ဝယ်ရပြီး ယခုအခါ ချင်းတောင်မှ တင်ပို့လာသည့် ခရမ်းချဉ်သီးများ လုံလောက်စွာ ရရှိသဖြင့် ကလေး မြို့အနေဖြင့် သင့်တင့်သော ဈေးဖြင့်သာ ဝယ်ယူစားသုံးနေရပါသည်။ ချင်းတောင်ဒေသမှ ထွက်ရှိသော ခရမ်းချဉ်သီးများ ယခုလို စိုက်ပျိုးထွက်ရှိမှုအခြေအနေများကို ခရမ်းချဉ်သီး ရောင်းဝယ်သူများထံ မေးမြန်းရာ အောက်ပိုင်းဒေသမှ စိုက်ပျိုးသည့် မျိုးစေ့များကို ဝယ်ယူ၍ စိုက်ပျိုးရန်အတွက် နည်းလမ်းကောင်းများအား ဖြန့်ဝေပေးသည့်အတွက် စိုက်ပျိုးရေးနည်းစနစ်ကောင်းမွန်လာသည့်အတွက် အထွက်နှုန်းကောင်းလာခဲ့ခြင်း ဖြစ်ပါသည်။ မုံရွာဈေးကွက်တွင် ခရမ်းချဉ်သီးဈေးနှုန်း မြင့်တက်ပါက ချင်းတောင်ဒေသမှ ထွက်ရှိသော ခရမ်းချဉ်သီးများကို ကလေးမြို့မှတစ်ဆင့် ပြန်လည်တင်ပို့ ရောင်းချနေကြောင်း ခရမ်းချဉ်သီး ရောင်းဝယ်သူများထံမှ မေးမြန်းသိရှိရပါသည်။

**သိမ်သိမ့် (ကလေး)**

# ၂၀၁၈ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲကျင်းပ၊ စံပြမိခင်နှင့် မိခင်နို့ စနစ်တကျ တိုက်ကျွေးသောဆုများချီးမြှင့်

၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက်က မန္တလေးမြို့တော်ခန်းမတွင် ကျင်းပသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးပြီး အဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များသည် ကလေးငယ်များကိုဗီတာမင်အေ ဆေးလုံး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို သံဓာတ်ဆေးပြား၊ ဗီတာမင် ဘီဝမ်းဆေးပြားများ ဖြန့်ဝေပေးခြင်းများဆောင်ရွက်ခဲ့ပြီး အိုင်အိုဒင်းဆားအရည်အသွေး စစ်ဆေးနေမှုနှင့်အာဟာရဖွံ့ဖြိုးရေးပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမြင့်၊ မန္တလေး ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးမှူးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ကလေးငယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၁၈ အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကိုဩဂုတ် ပထမပတ်တွင် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်း၊ ဒုတိယပတ်တွင် ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး၊ တတိယပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရ ဖွံ့ဖြိုးရေး၊ စတုတ္ထပတ်တွင် အိုင်အိုဒင်းချို့တဲ့ ရောဂါများ ပပျောက်စေရေး ရက်သတ္တပတ်များဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

စာမျက်နှာ (၁၈) မြင့်တက်လာသော မြန်မာ့ရော်ဘာ…… မှအဆက်

ထို့ကြောင့် ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက် ကာလတူအတွင်း နှိုင်း ယှဉ်ချက်အရ ၂၀၁၈ ခုနှစ် တွင် ရော်ဘာတန်ချိန် ၅၅၇၁ တန် ပိုမိုတင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ သန်း ခန့်လျော့နည်းရရှိခဲ့သည်ကို တွေ့ရှိရသည်။

တင်ပို့ခဲ့သည့် နိုင်ငံများကို လေ့လာရာတွင် ၂၀၁၇ ခုနှစ်က ပင်လယ်ရေကြောင်းမှ မလေးရှား၊ တရုတ်၊ ကိုရီးယား၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့ကို တင်ပို့ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်မူ အဆိုပါနိုင်ငံများအပြင် အင်ဒိုနီးရှား၊ စင်ကာပူ၊ပါကစ္စတန်၊ ချက်ပြည်သူ့သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နှင့် ထိုင်ဝမ်တို့အား စျေးကွက် တိုးချဲ့နိုင်ခဲ့သည်ကို တွေ့ရသော်လည်း နယ်စပ်လမ်းကြောင်းကမူ တရုတ်နိုင်ငံကိုသာ အားပြုပြီး အများဆုံး တင်ပို့နေကြောင်းတွေ့ရသည်။

၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက် အထိကာလတူအတွင်း နှိုင်းယှဉ်ချက်အရ ၂၀၁၈ ခုနှစ်တွင် ရော်ဘာတန်ချိန် ပိုမိုတင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် လျော့နည်းရရှိခဲ့သည်ကို တွေ့ရှိရပြီးဖြစ်ရာ ထိုသို့ တန်ဖိုးလျော့နည်း ရရှိမှုကို လေ့လာကြည့်ပါက ၂၀၁၇ ခုနှစ် ဧပြီလတွင် RSS (Ribbet Smoked Sheet)အမျိုးအစားအစုံမှ တစ်တန်လျှင် အနိမ့်ဆုံးစျေး အမေရိကန်ဒေါ်လာ ၁၉၀၀ မှ အမြင့် ဆုံးစျေး ၂၂၀၀ ၊ MSR (Myanmar Standard Rubber) အမျိုးအစားအစုံမှ တစ်တန်လျှင် အနိမ့်ဆုံးစျေး အမေရိကန်ဒေါ်လာ ၁၇၅၀ မှ အမြင့်ဆုံးစျေး၂၃၀၀ အထိ ရရှိခဲ့ပြီး ထိုကာလတွင် စျေးအမြင့်ဆုံးရရှိခဲ့သည်ကို တွေ့ရှိရပါသည်။ သို့သော် နောက်ပိုင်းကာလများတွင် စျေးနှုန်းအနည်းငယ် လျော့ကျသွားခဲ့သည်ကိုလည်း တွေ့ရသည်။ ထိုကာလမတိုင်မီ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းကမူ RSS အမျိုးအစားမှာ တစ်တန်လျှင် အမြင့်ဆုံးစျေးအမေရိကန်ဒေါ်လာ ၂၇၀၀၊ MSR အမျိုးအစား မှာ တစ်တန်လျှင် အမြင့်ဆုံးစျေး အမေရိကန်ဒေါ်လာ ၂၈၅၀ အထိပင် မြင့်တက်ခဲ့သည်ကိုလည်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၏ ထုတ်ပြန်ချက်အရ တွေ့ရသည်။ ထို့ကြောင့် ရော်ဘာစျေးနှုန်းသည် ၂၀၁၇ နှစ်ဆန်းပိုင်းကာလတွင် အမြင့်စျေး ဖြစ်ပေါ်ခဲ့ပြီး ထိုနှစ်၏ အမြင့်ဆုံးစျေးများမှာ RSS အမျိုးအစား တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၇၀၀၊ MSR အမျိုးအစား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၈၅၀ ဖြစ်ကြောင်း တွေ့ရှိရသည်။

၂၀၁၈ ခုနှစ် ဧပြီမှ ဇူလိုင်အ ထိ စျေးနှုန်းများမှာမူ ဧပြီလဆန်းတွင် RSS အမျိုးအစားအစုံမှ တစ်တန်လျှင် အနိမ့်ဆုံး စျေး အမေရိကန်ဒေါ်လာ၁၁၀၀ မှ အမြင့်ဆုံးစျေး ၁၄၀၀၊ MSR အမျိုးအစားအစုံမှ တစ်တန်လျှင် အနိမ့်ဆုံးစျေး အမေရိကန်ဒေါ်လာ ၁၇၅၀ မှ အမြင့်ဆုံးစျေး၁၈၀၀ ရရှိခဲ့ပြီး မေလလယ်ခန့်က RSS အမျိုးအစားအစုံမှ တစ်တန်လျှင် အနိမ့်ဆုံးစျေး အမေရိကန်ဒေါ်လာ ၁၁၀၀ မှ အမြင့်ဆုံးစျေး ၁၃၅၀ သို့ဆက်လက်နိမ့်ကျခဲ့ကာ နောက်ပိုင်းကာလများတွင် ယခင် ဧပြီလဆန်းစျေးနှုန်းအတိုင်း ငြိမ်သက်နေခဲ့သည်ကို တွေ့ရသည်။ MSR အမျိုးအစား အစုံစျေးနှုန်းမှာမူ ဧပြီလစျေးနှုန်းအတိုင်း အပြောင်း အလဲမရှိသည့်အတွက် ၂၀၁၈ခုနှစ်တွင် ရော်ဘာစျေးကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ ၂၀၁၈ ခုနှစ်သည် ၂၀၁၇ ခုနှစ်တွင် ရရှိခဲ့သော စျေးထက် လျော့နည်းရရှိနေသဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ ဇူလိုင်လ အတွင်း ကာလတူတွင် မြန်မာနိုင်ငံအနေဖြင့် ရော်ဘာတန်ချိန် ပိုမိုတင်ပို့ခဲ့သော်လည်း ရော်ဘာစျေးများ ကျဆင်းနေမှုကြောင့် တန်ဖိုး လျော့နည်းရရှိခဲ့ခြင်းပင် ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ယခုအခါ ရော်ဘာဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းနေပြီး ၂၀၁၉ ခုနှစ်တွင် ရော်ဘာဗဟို စျေးကွက်ဖွင့်လှစ်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်း၏ ထုတ်ပြန်မှုအရ သိရှိရပါသည်။ ပြည်တွင်းရော်ဘာ ထုတ်လုပ်သူများအနေဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စိုက်ပျိုးထုတ်လုပ်ရန်စီစဉ်နေကြောင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးမှသာ အထွက်နှုန်းကောင်းမွန်ပါကြောင်း၊ သို့ရာတွင် အထွက်နှုန်းကောင်းစေရန် ဆေးဝါးများ လွန်ကျူးစွာ သုံးစွဲပါက ရော်ဘာပင်များ သေဆုံးပျက်ဆီးနိုင်စေကြောင်းတို့ကိုလည်း သိရှိရပါသည်။

နိုင်ငံတကာတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေရရှိစေရေး၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းပေါ်များစေရေးနှင့် နိုင်ငံခြားငွေ စီးဝင်မှုအတွက် နိုင်ငံ၏စီးပွားရေး မောင်းနှင်အားတစ်ခုအဖြစ် အားထားလျက် ရှိပါသည်။ ရော်ဘာပင်မှာ သက်တမ်း ၇ နှစ်ခန့်ရောက်ရှိမှသာ အစေးခြစ်ယူရရှိနိုင်သဖြင့် မျိုးကောင်းရွေးချယ် မှုမှားယွင်းပါက လုပ်ငန်းရှင်များအတွက် အလွန်နစ်နာစေပါသည်။ ရော်ဘာစေးခြစ်သည့် လုပ်ငန်းသည် ဒေသခံတို့၏ ဝင်ငွေရရှိရေးကိုလည်း အထောက် အကူဖြစ်စေပြီး အလုပ်အကိုင်အခွင့် အရေးရရှိမှုကိုလည်း ဖြစ်ပေါ်စေရာ ယခုအခါ ရော်ဘာ စျေးကျဆင်းမှု ကြောင့် အလုပ်အကိုင်မကောင်းကြောင်း ဒေသခံများထံမှ သိရပါသည်။ လက်ရှိအခြေအနေမှ ကမ္ဘာ့ရော်ဘာ စျေးကျဆင်းနေမှုကြောင့် မြန်မာ့ရော်ဘာစျေး ကျဆင်းနေခြင်းဖြစ်ကြောင်းကိုလည်း ရော်ဘာစိုက်ပျိုး ထုတ် လုပ်သူများအသင်းထံမှ သိရပါသည်။

လောလောဆယ် ကမ္ဘာ့ရော်ဘာစျေးကွက်အခြေအနေမှာ ထုတ်လုပ်မှုကျဆင်းနေပြီ သုံးစွဲမှု များပြားနေသဖြင့် စျေးကွက်လိုအပ်ချက်ကြီးမားလျက်ရှိပါသည်။ ရော်ဘာထုတ်လုပ်မှု များပြားလျက်ရှိသော နိုင်ငံများထဲမှ အချို့ကို လေ့လာကြည့်ရာတွင် အိန္ဒိယနိုင်ငံသည် ရော်ဘာအထွက်နှုန်း ကျဆင်းနေပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်ဦးကာလတွင်ပင် ထုတ်လုပ်မှုကျဆင်းမှုမှာ ခြောက်နှစ်တာကာလအတွင်း အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း သိရသည်။ အဆိုပါကာလတွင် ရော်ဘာထုတ်လုပ်မှုလျော့ကျခဲ့ပြီး တန်ချိန် ၁၂၆၀၀၀ တန်သာ ထုတ်လုပ်နိုင်ခဲ့သော်လည်း သုံးစွဲမှုမှာ ပိုမိုမြင့်မားနေကြောင်း၊ သုံးစွဲမှု တန်ချိန် ၃၀၂၀၀၀ တန် အထိပင် ရောက်ရှိခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံသည်လည်း ရော်ဘာ အထွက်နှုန်းကျဆင်းမှုကို ခံစားနေရပြီး တာယာစက်ရုံများနှင့် မော်တော်ကား လုပ်ငန်းများ ထွန်းကားလာမှုကြောင့် လိုအပ်သော ကုန်ကြမ်းပြည့်မီရေးနှင့် တင်ပို့မှုအရှိန် မကျဆင်းရေးအတွက် ကြိုးစားနေရကြောင်း သိရသည်။ ယူနန်ပြည်နယ်တွင်လည်း လတ်တလော မိုးသည်းထန်မှုတို့ကြောင့် ရော်ဘာအထွက်နှုန်း ထိခိုက်နိုင်ကြောင်းကိုလည်း ထုတ်ပြန်သည့် သတင်းများအရ သိရပါသည်။ အလားတူပင် ဗီယက်နမ်နိုင်ငံသည်လည်း ၂၀၁၈ ခုနှစ် နှစ်ဆန်းမှ နှစ်လယ်ပိုင်းတင်ပို့မှုအထိ အခြေအနေသုံးသပ်ချက်မှာ (၇) လတာ ကာလအတွင်း ရော်ဘာတင်ပို့မှုပိုမိုခဲ့သော်လည်း တန်ဖိုးလျော့နည်းရရှိခဲ့ကြောင်းကို သိရသည်။ ယင်း (၇) လတာ ကာလတွင် ရော်ဘာတန်ချိန် ၁၂၂၀၀၀ တန်ကို တင်ပို့ခဲ့သော်လည်း အမေရိကန်ဒေါ်လာ ၁၇၃ မီလီယံသာ ရရှိခဲ့ရကြောင်းကို ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတကာ ရော်ဘာ စျေးကွက်အခြေအနေမှာ ရော်ဘာထုတ်လုပ်မှုများ ကျဆင်းနေသော်လည်း စျေးကွက်လိုအပ်ချက်မှာ ပိုမို မြင့်တက်လျက်ရှိနေကြောင်းနှင့် ကမ္ဘာ့ရော်ဘာစျေးကျဆင်းနေမှုတို့ကြောင့် တိုးတက်တင်ပို့မှုများရှိနေသော် လည်း တန်ဖိုး လျော့နည်းရရှိမှုများ ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

အလားတူပင် မြန်မာ့ရော်ဘာကဏ္ဍသည်လည်း အခြားနိုင်ငံများ နည်းတူအထွက်နှုန်း နည်းပါးမှု၊ အလုပ်သမားရှားပါးမှု၊ စျေးလျော့နည်းမှုတို့ကို တွေ့ကြုံနေရသဖြင့် နိုင်ငံတော်မှ ရော်ဘာစျေးမြင့်တက်ရောင်းချနိုင်ရေး၊ ရော်ဘာကုန်ချောကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချနိုင်ရေး၊ ရော်ဘာလုပ်ငန်း ကောင်းမွန်ပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ ကျေးလက်နေပြည်သူများ လူမှုဘဝနေထိုင်မှု အဆင့်အတန်း တိုးတက်ပြီး ဝင်ငွေတိုးတက်စေရေးတို့အတွက် အားပေးဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ချေးငွေ များထုတ်ချေးနိုင်ရေးကိုလည်း သက်ဆိုင်ရာဌာန အသီးသီးမှ ပံ့ပိုးကူညီရန် ကြိုးစားလျက် ရှိပါသည်။ ထိုမျှသာမက ရော်ဘာနှင့်ပတ်သက်သော သင်တန်း များ အပါအဝင် အစေးခြစ်နည်းအထိပါ သက်ဆိုင်ရာဌာနတို့မှ သင်တန်းများ ပို့ချ ပညာပေးနေမှုတို့ကိုလည်း တွေ့ရှိနေရပါသည်။ သို့ဖြစ်ရာ နိုင်ငံခြားဝင်ငွေ စီးဝင်ရရှိရေးအတွက် စီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်ပြီး စျေးကွက်လိုအပ်ချက်ကြီးမားနေသည့် စီးပွားရေးကဏ္ဍတိုးတက်မှုအတွက် အရေးပါလှသော နိုင်ငံတော်၏ ပို့ကုန်မဟာဗျူဟာမြောက်သည့် ရော်ဘာကဏ္ဍ တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် ရော်ဘာပင်များကို နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရန်နှင့် ရော်ဘာလုပ်ငန်းများ ကောင်းမွန်အောင်မြင်စွာ ရှင်သန်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍ အသီးသီးတို့မှ တွန်းအားပေး ဆောင်ရွက်နိုင်ရေး လက်ရှိရော်ဘာတင်ပို့မှု အခြေအနေကို သုံးသပ်တင်ပြလိုက်ရပါသည်။

**Sources: A Survey on the Competitiveness of Natural Rubber Companies in Mekong Sub - Region, Report of Food Security Policy Project (FSPP): Prospect for the Myanmar Rubber Sector, www. Rubber Board and Price, MRPPA website**

# ညောင်နှစ်ပင်စစ်မှုထမ်းဟောင်းသင်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ သင်ခန်းစာပို့ချဆွေးနွေး

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ စစ်မှုထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကုန်) ညောင်နှစ်ပင်တွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့သော စည်းရုံးရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၈) တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာများနှင့် ပတ်သက်၍ ဩဂုတ်လ ၁၃ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်မှ သင်ခန်းစာသွားရောက်ပို့ချ ဆွေးနွေးခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ၂၀၁၄ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် လက်တွေ့ဘဝတွင် စားသုံးသူများကြုံတွေ့နေရသော အခြေအနေများ၊ နစ်နာမှုများအတွက် စားသုံးသူများ၏ တိုင်ကြားလာမှုများနှင့် ဖြေရှင်းဆောင်ရွက်ပေးနေမှုများ၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာများ ဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေများ၊ စားသုံးသူများ၏ အခွင့်အရေးများနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များနှင့် တားမြစ်ချက်များအား အကျယ်တဝင့် ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသားများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၅၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးဟံသာ**

စာမျက်နှာ (၁၂) အိန္ဒိယပဲမူဝါဒကြောင့် . . . . . . မှအဆက်

## ရလဒ်ကောင်းများဖော်ဆောင်နိုင်မည့်မူဝါဒများကိုမျှော်မှန်း

အချုပ်အားဖြင့်၂၀၁၇ ခုနှစ်တွင် အဓိက ပဲဇာတ်လိုက် အိန္ဒိယ၏မူဝါဒကြောင့် ပဲစျေးကွက်ကို ကြီးမားစွာရိုက်ခတ်လျက်ရှိရာ အဓိက ပဲတင်ပို့နိုင်ငံများအနေဖြင့် စျေးကွက်သစ်များ ထိုးဖောက်ရန် ကြိုးပမ်းခြင်း၊ ပြည်တွင်းတွင် ပဲသုံးစွဲမှုမြင့်တက်စေရန် ပြုပြင်ထုတ်လုပ်သည့်စက်ရုံများ တည်ထောင်ရန် အားပေးခြင်း၊ ပြည်တွင်း ပဲစားသုံးမှုကို တွန်းအားပေးခြင်း၊ ပဲအစား အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးရန် အကြံပြုခြင်းများနှင့်အတူ အစိုးရချင်း ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိသော်လည်း လက်ရှိအနေအထားအရ ပဲဇာတ်လိုက်ကြီး အိန္ဒိယအနေဖြင့် ခေါင်းမာစွာ ၎င်း၏ရပ်တည်ချက်ကို ပြင်ဆင်ခြင်းမရှိသေးသည့် အနေအထားဖြစ်ပါသည်။ သို့ဖြစ်ရာ ကမ္ဘာ့စိုက်ပျိုးရေး ထုတ်ကုန်စီးပွားရေး ပညာရှင်များအနေဖြင့် ပဲစျေးကွက်တစ်ခုလုံးအတွက် အလားအလာကောင်းများ သယ်ဆောင်လာနိုင်မည့် ၂၀၁၉ ခုနှစ်အလွန် အိန္ဒိယ ပဲမူဝါဒကို စောင့်မျှော်လျက်ရှိနေပါသည်။

ကမ္ဘာ့ပဲတင်ပို့နိုင်ငံတစ်ခုတွင် အပါအဝင်ဖြစ်၍ ပဲစိုက်တောင်သူများနှင့်တကွ တင်ပို့သူလုပ်ငန်း ရှင်များပါဝင်သည့် ပဲ Supply Chain တစ်လျှောက် အခက်ကြုံနေရသည့် မြန်မာနိုင်ငံအနေဖြင့်လည်း စျေးကွက်အသစ် ချဲ့ထွင်မှုကို အခြား တင်ပို့ နိုင်ငံကြီးများနှင့်အပြိုင် အမျိုးအစား မတူညီသည့် ပဲများကို ထိုးဖောက်ခြင်း၊ ပြည်တွင်းတွင် ပဲသုံးစွဲမှု မြင့်တက်စေရန် ပြုပြင်ထုတ်လုပ်သည့်စက်ရုံများ တည်ထောင်ရန် အားပေးခြင်းများနှင့်အတူ “မြန်မာ့ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ” မှ ပညာရှင်များ၏ ဘက်ပေါင်းစုံသုံးသပ်ခြင်းမှ ရရှိလာမည့် နည်းလမ်းကောင်းများဖြင့် အားပေးဆောင်ရွက်ခြင်းဖြင့် ပဲစျေးကွက်ပြန်လည် ထောင်မတ်လာစေရေး မျှော်မှန်းလျက် ဖော်ပြလိုက်ပါသည်။

# ဟောင်ကောင်မြို့ ကုန်စည်ပြပွဲကို မြန်မာလုပ်ငန်းရှင်များ လာရောက်လေ့လာရန်ဖိတ်ကြား

ဟောင်ကောင်မြို့တော်တွင်ကျင်းပပြုလုပ်မည့် ကဏ္ဍ ၇ မျိုးပါ အာရှအရင်းအမြစ်ကုန်စည်ပြပွဲကို မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ လာရောက်လေ့လာရန် ဖိတ်ကြားကြောင်း အဆိုပါကုန်စည်ပြပွဲကို တာဝန်ယူကျင်းပသော Comasia Limited ၏ General Manager ဖြစ်သူ Mr.HenryFong က ဩဂုတ် ၂၃ ရက်တွင် ရန်ကုန်မြို့၊ ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်သောသတင်း စာရှင်းလင်းပွဲအတွင်း ပြောကြားသည်။




"နှစ်စဉ် အောက်တိုဘာလရဲ့ နောက်ဆုံးရက်သတ္တပတ် နှစ်ပတ်မှာ ကဏ္ဍ ၇ မျိုးပါ အာရှအရင်းအမြစ်ကုန်စည်ပြပွဲကို ဟောင်ဟောင်မြို့တော်ရှိHongKongConvention&Exhibition Centre မှာ ကျင်းပပြုလုပ်လေ့ရှိပါတယ်။ မြန်မာနိုင်ငံက ကုမ္ပဏီတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် စီးပွားရေးနဲ့ ပတ်သက်တဲ့အခွင့်အလမ်းတွေကို ပေးနိုင်ဖို့အတွက် ယခုလို ဖိတ်ကြားရခြင်းဖြစ်ပါတယ်။ ဒီကုန်စည်ပြပွဲတွေဟာ အာရှတစ်ခွင်က ကုန်ပစ္စည်း ထုတ်လုပ်သူတွေနဲ့ နိုင်ငံတကာက သုံးစွဲသူတွေအကြား ချိတ်ဆက်ပေးနိုင်တဲ့ ကုန်သွယ်ရေးပလက်ဖောင်းတစ်ခု ဖြစ်လာမှာပါ။ ဒီနှစ်မှာတော့ နိုင်ငံပေါင်း ၃၀ ကျော်က ပြခန်းပေါင်း ၅၀၀၀ ကျော် ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်"ဟု Mr.Henry Fong က ပြောသည်။

အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်မည့် ကုန်ပစ္စည်းကဏ္ဍ လေးမျိုးမှာ အာရှဒေသထုတ် အိမ်တွင်းနှင့် မီးဖိုချောင်သုံး ဆက်စပ်ပစ္စည်းများဆိုင်ရာ ကုန်စည်ပြပွဲ၊ အာရှဒေသထုတ် ခရစ္စမတ်နှင့် ရာသီအလိုက်ပွဲတော် ဆက်စပ်ကုန်ပစ္စည်းပြပွဲ၊ အရုပ်နှင့် ဂိမ်းဆိုင်ရာ ကုန်စည်ပြပွဲနှင့် ခရီးသွားနှင့်လက်ဆောင်ပစ္စည်းဆိုင်ရာ ကုန်စည်ပြပွဲတို့ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး အောက်တိုဘာ ၂၇ ရက်မှ ၂၉ရက်အထိ ပြုလုပ်သွားမည့် ကုန်စည်ပြပွဲများမှာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆက်စပ်လူ့အသုံးအဆောင် ကုန်ပစ္စည်းများပြပွဲ၊ အာရှဒေသထုတ် ကျောင်းသုံး၊ ရုံးသုံးစာရေးကိရိယာပြပွဲနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် သန့်စင်ခန်းသုံး ဆက်စပ်ပစ္စည်းများဆိုင်ရာ ကုန်စည်ပြပွဲတို့ဖြစ်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် www.asiangnp.com,www.asianhnk .com တို့တွင် အွန်လိုင်းမှတစ်ဆင့် ကြိုတင်မှတ်ပုံတင်နိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# မြန်မာနိုင်ငံ မွေးမြူရေးအစာဖိုရမ်တွင် မှောင်ခိုတင်ပို့မှုများကြောင့် အစာကဏ္ဍ ဈေးနှုန်းမြင့်တက်ရခြင်းကို အဓိက ဆွေးနွေးသွားမည်

မွေးမြူရေးအစာကဏ္ဍတွင် ပြည်ပသို့ တရားမဝင် မှောင်ခိုတင်ပို့မှုများကြောင့် နှစ်စဉ်ဈေးနှုန်းမြင့်တက်နေခြင်းကို မကြာမီကျင်းပမည့် မြန်မာနိုင်ငံမွေးမြူရေးအစာဖိုရမ်တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးအစာလုပ်ငန်းရှင်များ အသင်းမှ သိရသည်။ ပြည်တွင်း၌ မွေးမြူရေးကဏ္ဍ အတွက်အစာမှာ လုံလောက်မှုမရှိသလို ဈေးနှုန်းမှာလည်း နှစ်စဉ်မြင့်တက်နေကြောင်း၊ ယင်းအတွက်ကြောင့် အစာဈေးနှုန်း တည်ငြိမ်မှုရှိစေရန် ဖိုရမ်တွင် ဆွေးနွေးမည်ဖြစ်ကြောင် သိသည်။

"ပြည်တွင်းမှာ တရားမဝင်ကုန် တွေထွက်နေတာက ပြဿနာတစ်ခု ဖြစ်နေတယ်။ လက်ရှိမှာလည်း ပြည်တွင်းက စိုက်ပျိုးတဲ့ကုန်တွေရဲ့ ဘေးထွက်ပစ္စည်းတွေကို မွေးမြူရေးအစာအဖြစ် အသုံးပြုနေကြတာပါ။ အဲဒါတွေက မြန်မာနိုင်ငံမှာ လုံလောက်မှုမရှိသလို ဈေးနှုန်းကလည်း မတည်ငြိမ်ဘူး။ နှစ်စဉ်မြင့်တက်နေတယ်။ အစာ ကဏ္ဍကြီးက ဒီအတိုင်း ရှေ့ဆက်သွားမယ်ဆိုရင် ပုဂ္ဂလိကလုပ်ငန်းတွေပါ ရပ်နားရတော့မယ့် အခြေအနေပါ။ အဲဒါတွေကို ဝိုင်းဝန်းတွန်းအားပေးပြီး တင်ပြသွားမှာပါ"ဟု မြန်မာနိုင်ငံ မွေးမြူရေးအစာ လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်က နယ်စပ်ဂိတ်များသို့ ဆန်ကိုသာ တင်ပို့ခဲ့ရပြီး ယခုအခါ စပါးကိုပါ တင်ပို့နေသောကြောင့် ဘေးထွက်ကုန်ကြမ်းဖြစ်သည့် ဆန်ကွဲနှင့်၊ ဖွဲနုတို့မှာလည်း ရှားပါး၍ ဈေးနှုန်းမြင့်တက်လာ သည့်အတွက် နိုင်ငံတော်မှ စည်းကြပ်ပေးရန် တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း၊ အဆိုပါဖိုရမ်ကို ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်ထိ Lotte Hotel တွင်ကျင်းပခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ မွေးမြူရေးအစာ သုတေသနပညာရှင်များ၊ ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်သည့် ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း စသည့် လုပ်ငန်းရှင်များလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချောစု**

# ပဲ့အကြိမ်မြောက် Propak Myanmar 2018 တွင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ပါဝင်ပြသမည်

အစားအသောက်နှင့် ဆေးဝါးပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများအတွက် Propak Myanmar 2018 ကို စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ရှိ Convention Center တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲကို မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးလာသော အစားအစာ၊ အဖျော်ယမကာနှင့် ဆေးဝါးပစ္စည်းများ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အကြီးမားဆုံးပါဝင်သည့် နိုင်ငံ အစုံလင်ဆုံးနှင့် ဦးဆောင်ကုန်သွယ်ရေး အခမ်းအနားတစ်ခု ဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ထုတ်လုပ်မှုနဲ့ ထုပ်ပိုးမှုဆိုင်ရာ နည်းပညာနဲ့ ဆက်စပ်ကိစ္စရပ်တွေက မြန်မာနိုင်ငံအတွက် လိုအပ်ပါတယ်။ ဒီပွဲမှာ မြန်မာနိုင်ငံရဲ့ စီးပွားရေး လုပ်ငန်းတွေအပေါ် အကူအညီဖြစ်စေဖို့ ရည်ရွယ်ထားတဲ့ နည်းပညာနဲ့ ဗျူဟာတွေကို တင်ဆက်သွားမှာပါ"ဟု UBM Myanmar ၏ အထွေထွေမန်နေဂျာ Mr. Fraser Hawkes က ပြောသည်။

ပြပွဲတွင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ပါဝင်ပြသသူ ၁၅၀ ကျော် ပါဝင်ပြသမည်ဖြစ်ပြီး တရုတ်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်ဝမ်နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာ ပြခန်းကြီး ၅ ခန်းလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စက်ပစ္စည်းကိရိယာများ၊ ထုတ်လုပ်မှုနှင့် သက်ဆိုင်သော နည်းပညာများအပြင် Food Safety နှင့် ပတ်သက်သည့် ပညာပေးအစီအစဉ်ကိုလည်း ထည့်သွင်းထားကြောင်း၊ ထို့အပြင် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံနိုင်မည်ဖြစ်သလို အတွေ့အကြုံများ မျှဝေနိုင်ရန်နှင့် ချိတ်ဆက်နိုင်ရန်အတွက် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# အိမ်ခြံမြေဥပဒေများအကြောင်း သိကောင်းစရာ ဆွေးနွေးပွဲနှင့် အိမ်ခြံမြေ ဈေးကွက်မြှင့်တင်ရေး ဒေတာအရောင်းပွဲတော် ကျင်းပ

အိမ်ခြံမြေဥပဒေများ အကြောင်း သိကောင်းစရာ ဆွေးနွေးပွဲနှင့် အိမ်ခြံမြေဈေးကွက် မြှင့်တင်ရေး ဒေတာ အရောင်းပွဲတော်ကို ရန်ကုန်မြို့ရှိ မြောက်ဥက္ကလာပမြို့နယ်ခန်းမတွင် ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါပွဲ ကျင်းပရခြင်းမှာ အိမ်ခြံမြေဥပဒေဝန်ဆောင်မှု မူကြမ်းကို အများပြည်သူ သိရှိနားလည်စေရန် ပြန်လည်ဝေမျှ ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကပွိုင့်ကတော့ အိမ်ခြံမြေလောကရဲ့ အခြေခံလူ တန်းစားတွေကို ဥပဒေရဲ့ အနှစ်သာရကို သိအောင်လုပ်ပေးတာပါ။ ဒီပွဲမှာလည်း ဥပဒေအကြောင်းကို တတ်သိနားလည်တဲ့ ဆရာကြီးတွေက ပြောပြပေးမှာပါ။ အကျိုးဆောင်ဆိုတာက အပြင်က အသင်းမဝင်ရသေးတဲ့ ပွဲစားတွေလည်း အကျိုးဆောင် လုပ်ခွင့်ရှိပါတယ်။ မူကြမ်းလုပ်တယ်ဆိုတာ သူတို့ကို ဖယ်ထုတ်တာမဟုတ်ပါဘူး။ လူတိုင်းအကျိုးဆောင်လုပ်ငန်း လုပ်နိုင်အောင်အတွက်၊ အသင်းဝင်ဖြစ်ဖို့အတွက် ရေးဆွဲပေးတာပါ။ ဝန်ဆောင်မှုဥပဒေကနေ နည်းဥပဒေထွက်လာပြီး လိုင်စင်ထွက်လာမယ်ဆိုရင် မမှန်မကန်လုပ်တာတွေ နည်းသွားမယ်။ မမှန်မကန်လုပ်ရင် တရားစွဲဆိုလို့လည်း ရသွားမယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ မမှန်မကန်ဖြစ်တာတွေက ရှိနေဦးမှာပဲ။ ဥပဒေအတည်ပြုပြီးရင်တော့ ရှင်းသွားမှာပါ"ဟု တစ်သီးပုဂ္ဂလ အိမ်ခြံမြေဝန်ဆောင်မှုအဖွဲ့(ရန်ကုန်) မှ အတွင်းရေးမှူး ကိုနိုင်ဇော်ထွန်းက ပြောသည်။

အဆိုပါပွဲတွင် အိမ်ခြံမြေဥပဒေအကြောင်း သိရှိစေရန်နှင့် ဈေးနှုန်းဈေးကွက်အမှန် သိရှိစေရန်ဆွေးနွေးခဲ့ပြီး ဆရာစိုင်းခွန်နောင်၊ ဆရာဦးခင်ဇော် (မရမ်းကုန်း)နှင့် ဆရာဦးကြည်စိုး IC တို့မှ အိမ်ခြံမြေဆိုင်ရာဥပဒေများနှင့် ပတ်သက်၍ ဟောပြောခဲ့ကြောင်း သိရသည်။

**ချောစု**

## Mogozay.com အွန်လိုင်းရှော့ပ်အသစ်နှင့်အတူ Self- Collection Points ဝန်ဆောင်မှုကိုပါ စတင်မိတ်ဆက်

ကုန်ပစ္စည်းအမျိုးအစားပေါင်း နှစ်သောင်းကျော် ရရှိနိုင်မည့် Mogozay.com အွန်လိုင်းရှော့ပ်အသစ်ကို ပြည်တွင်း၌ စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။ အဆိုပါ အွန်လိုင်းရှော့တွင် အမျိုးသား၊ အမျိုးသမီး ဖက်ရှင်အသုံးအဆောင်များ၊ ပရိဘောဂ၊ အီလက်ထရောနစ်၊ မိုဘိုင်းလ်နှင့် နည်းပညာဆိုင်ရာပစ္စည်းများ၊ ကိုယ်ဝန်ဆောင် အသုံးအဆောင်များ၊ အိမ်သုံးနှင့် အလှအပ ပစ္စည်းများအစရှိသည့် အရည်အသွေးမြင့် ကုန်ပစ္စည်းများကို ရောင်းချပေးမည်ဖြစ်ပြီး ဩဂုတ်လမှစတင်၍ တရားဝင်မိတ်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။ Mogozay.com ၏ အမှုဆောင် ဒါရိုက်တာနှင့် CEO ဖြစ်သူ Mr. Mark Wang က "ကျွန်တော်တို့အနေနဲ့ Mogozay.com က မြန်မာပြည်တွင်းရှိ အွန်လိုင်း ဈေးဝယ်သူများအတွက် အရည်အသွေးမြင့် ကုန်ပစ္စည်းများကို ထူးခြားတဲ့ ဈေးနှုန်းများနဲ့ အဆင်ပြေလွယ်ကူစွာ ရောင်းချပေးနေတဲ့ နံပါတ် (၁) အွန်လိုင်းရှော့ပ်ဖြစ်လာဖို့ ရည်ရွယ်ပါတယ်။ ဒါ့အပြင် Self-Collection Points ဝန်ဆောင်မှု စနစ်ဟာဆိုရင် မြန်မာပြည်မှာ ပထမဆုံးဖြစ်ပြီး ဈေးဝယ်သူများကို အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းခြင်းများ များစွာ သက်သာစေမှာ ဖြစ်ပါတယ်"ဟု ပြောသည်။ အဆိုပါ ဝန်ဆောင်မှုစနစ်သည် ရန်ကုန်မြို့တွင်း သွားလာရအဆင်ပြေသည့် နေရာ ၁၀ ခု၌ ပို့ဆောင်ခအခမဲ့ဖြင့် Mogozay.com မှ ဝယ်ယူထားသည့် ပစ္စည်းများကို ကိုယ်တိုင်သွားရောက်ရယူနိုင်မည့် စနစ်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Mogozay. com ကို သုံးစွဲနေသူ ၂၀၀၀ ကျော်ရှိနေပြီး ဈေးဝယ်သူအများစုမှာလည်း Self-Collection Points ဝန်ဆောင်မှုစနစ်ကို အသုံးပြုလျက်ရှိကြောင်း၊ ထို့အပြင် မြန်မာ့စာတိုက်လုပ်ငန်းနှင့် ပူးပေါင်း၍ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှု Package Tracking စနစ်ကိုလည်း Mogozay. com တွင် ထည့်သွင်းပေးရန် စီစဉ်နေကြောင်း သိရသည်။ **ချောစု**

# မုံရွာမြို့ အမှတ်(၁၆) ခြေမြန်တပ်ရင်းတပ်ဖွဲ့ မိသားစုအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးဆောင်၍ မုံရွာခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်း ငါးဦးသည် ဩဂုတ် ၂၁ ရက်က မုံရွာမြို့၊ အမှတ်(၁၆) ခြေမြန်တပ်ရင်းသို့ သွားရောက်၍ တပ်ရင်းတပ်ဖွဲ့ မိသားစု ၇၀ ဦးအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး ဦးစီးမှူးက စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူများအနေဖြင့် မိမိတို့ရရှိမည့် အခွင့်အရေးများကို သိရှိရန်လိုအပ်ကြောင်း၊ စားသုံးသူများသည် မိမိတို့အပေါ် လိမ်လည်လှည့်ဖြားမှု မခံရအောင်နှင့် နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ပါက တိုင်ကြားရမည့်နေရာကို သိရှိထားရန် လိုအပ်ကြောင်း၊ မိမိတို့ဌာနတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC) နှင့် တိုင်း/ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်၍ လာရောက် တိုင်ကြားနိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရန် မိမိတို့ဌာန အနေဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ မုံရွာခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်က စားသုံးသူနှင့် စားသုံးသူ အကာအကွယ်ပေးရေးတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ စားသုံးသူများ၏ ရပိုင်ခွင့်များဖြစ်သော ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ အသုံးပြုပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်၊ သတင်းအချက်အလက် ရယူပိုင်ခွင့်၊ အရေးဆို တင်ပြပိုင်ခွင့်၊ အခြေခံလိုအပ်ချက်များ (စားသုံးသူစိတ်ကျေနပ်မှု)ရပိုင်ခွင့်၊ ကုစားမှုရပိုင်ခွင့်၊ စားသုံးသူဆိုင်ရာ အသိပညာရပိုင်ခွင့်၊ ကျန်းမာမျှတသော ပတ်ဝန်းကျင် ရရှိပိုင်ခွင့်တို့ ရှိကြောင်းနှင့် လိုက်နာရမည့် တာဝန်ဝတ္တရားများလည်းရှိကြောင်း၊ စားသုံးသူများ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များ ကိုရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်(မုံရွာ)**

## ဖူးခက်တွင် မိုးသည်းထန်မှုကြောင့် ယာဉ်ကြောပိတ်ပြီး လေ့ယာဉ်များ ကမ်းရိုးတန်းမှ ထွက်ခွာခွင့်ပိတ်

မိုးများသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖူးခက်ကျွန်းတွင် ဩဂုတ် ၂၃ ရက်က အဓိကလမ်းမကြီးများ၌ ယာဉ်ကြောများ ပိတ်ဆို့ပြီး ကမ်းရိုးတန်းဒေသရှိ လမ်းများတွင် မြေပြိုမှုများ အနည်းငယ်ရှိခဲ့ကြောင်း ဖူးခက်နယူးစ်သတင်းတွင် ဖော်ပြသည်။

မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် သက်ကရာ ဆတ်ထရီလမ်းတစ်လျှောက် ဖူးခက်မြို့ မြောက်ပိုင်းအထိရှိနေသော လမ်းဆုံများ အပါအဝင် အဓိကလမ်းမကြီးများပေါ်တွင် ယာဉ်ကြောများ ပိတ်ဆို့လျက်ရှိကြောင်း ဖူးခက်မြို့ရဲတပ်ဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

သုံးနာရီအတွင်းမှာပင် ဖူးခက်လေဆိပ်၌ မိုးရေချိန် ၄၂ ဒသမ ၇ မီလီ မီတာနှင့် ဖူးခက်မြို့ပေါ်တွင် ၄၈ ဒသမ ၆ မီလီမီတာရွာသွန်းခဲ့ကြောင်း ထိုင်း မိုးလေဝသဌာန ဖူးခက်ရုံးခွဲက ဩဂုတ် ၂၃ ရက်နံနက်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ဆမ်ကောင်းနယ်မြေရှိ ယောင်ဝါရက်လမ်းနှင့် ဆွိုင်ပနန်းတွင် ရေအနည်းငယ်သာ လွှမ်းမိုးခဲ့သော်လည်း ယာဉ်အသွားအလာမှာ နှေးကွေးနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ အစီရင်ခံစာတွင်ဖော်ပြသည်။ ဖူးခက် ပင်လယ်ရေကြောင်းရုံး ယာယီအကြီးအကဲ ဝီဝက်ချစ်ချာဝန်ကအနီးအနားရှိ ကျွန်းများသို့ သွားကြမည့်သူများ အပါအဝင် လှေ့ယာဉ်များကို ကမ်းမှမခွာကြရန် ပိတ်ပင်ထားသည်။

နိုင်ငံတစ်ဝန်းလုံးတွင် နောက်ထပ်မိုးများ ရွာသွန်းနိုင်သည့်နည်းတူ ရံဖန်ရံခါ မိုးသည်းထန်မှုများ ရှိနိုင်ကြောင်းနှင့် ဆိုးရွားစွာ ဖြစ်ပေါ်နိုင်သော အခြေအနေများအတွက် သတိထားသင့်ကြောင်း နှိုးဆော်ထားသည်။

လေပြင်းများ တိုက်ခတ်ပြီး ကပ္ပလီပင်လယ်ပြင်တွင် ရေလှိုင်းများ သုံးမီတာအထိမြင့်တက်ပြီး ပင်လယ်ကွေ့အထက်ပိုင်းတွင် နှစ်မီတာခန့်နှင့် မိုးကြိုးမုန်တိုင်းများ ကျရောက်ရာဒေသများတွင် သုံးမီတာအထိ မြင့်တက်နိုင်ကြောင်းလည်း သတိပေးချက်တွင် ထုတ်ပြန်ထားသည်။

**စံမီအောင်**

## အကြိမ်(၂၀)မြောက် တိုင်ဖုန်းမုန်တိုင်း စီမာရွှန် ဂျပန်နိုင်ငံ ရှီကိုကူကျွန်း၌ ကုန်းတွင်းပိုင်းသို့ဝင်ရောက်

ယခုရာသီအတွင်း ဂျပန်နိုင်ငံသို့ (၂၀)ကြိမ်မြောက် မုန်တိုင်းအဖြစ် ဝင်ရောက် လာသော တိုက်ဖုန်းမုန်တိုင်းသည် ဩဂုတ်၂၃ ရက်ညက ရှီကိုကူးကျွန်း၊ တောင်ပိုင်း တိုကူရှီးမား စီရင်စုတွင် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့သည်။ ဂျပန်နိုင်ငံသည် ယခင်လအတွင်းက ပြင်းထန်သော ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကို လောလောလတ်လတ် ခံစားထားရသော နိုင်ငံဖြစ်သည်။

တိုက်ဖုန်းမုန်တိုင်း စီမာရွှန်သည် ဂျပန်ကျွန်းကိုကျော်ဖြတ်ပြီး ဩဂုတ်နံနက်ပိုင်းတွင် ဂျပန်ပင်လယ်ပြင်သို့ ဝင်ရောက်မည်ဖြစ်သည့်အတွက် လေပြင်းများ တိုက်ခတ်ခြင်း၊ လှိုင်းကြီးခြင်းများနှင့် ပြင်းထန်စွာ မိုးရွာသွန်းမှုများ ဖြစ်နိုင်ကြောင်း မိုးလေဝသအေဂျင်စီက သတိပေးထားသည်။

ဂျပန်နိုင်ငံ ရှီကိုကု မီးရထားကုမ္ပဏီက ဩဂုတ် ၂၃ ရက် ညနေ ၆ နာရီတွင် မီးရထားသွားလာရေးလုပ်ငန်းများကို ရပ်ဆိုင်းထားသည်။



လောလောဆယ်မှာ ရှီဇူအိုကာ တက္ကသိုလ်မှ ကျောင်းသားသုံးဦးမှာ ရှီဇူအိုကာမြို့ကမ်းခြေမှ ဩဂုတ် ၂၃ ရက်က ပျောက်ဆုံးခဲ့ရာ မုန်တိုင်းအန္တရာယ်ကြောင့်ဖြစ်လိမ့်မည်ဟု သံသယရှိနေကြသည်။ မုန်တိုင်းကြောင့် ဖြစ်ပေါ်လာသည့် ပင်လယ်လှိုင်းလုံးကြီးများ အထဲတွင် ကျောင်းသားများ မျောပါသွားခြင်းဖြစ်မည်ကို ရဲနှင့် မီးသတ်တပ်ဖွဲ့တို့ စိုးရိမ်လျက်ရှိသည်။ ရဲအဖွဲ့၏ အဆိုအရ သူတို့ ကျောပိုးအိတ်များနှင့်စမတ်ဖုန်းများကို ကမ်းခြေရှိ ထိုင်ခုံပေါ်တွင် တွေ့ရကြောင်း သိရသည်။ ဩဂုတ် ၂၂ ရက်ညက မီးရှူးမီးပန်းများနှင့် ကစားနေသော ဗီဒီယိုပုံများကို ရဲတပ်ဖွဲ့က တွေ့ရှိထားသည်ဟု သိရသည်။

စီမာရွှန်သည် ယခုရက်သတ္တပတ်အတွင်း ဂျပန်နိုင်ငံသို့ ဒုတိယမြောက် မုန်တိုင်းအဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။ ယခုရက်သတ္တပတ် စောစောပိုင်းက ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့သော ဆိုးလစ်မုန်တိုင်းနှင့်ပေါင်းပါက ဂျပန်နိုင်ငံ အနောက်ပိုင်း၌ ရွာသွန်းသော မိုးရေချိန် စုစုပေါင်းမှာ တစ်မီတာခန့် ရှိမည်ဟု မိုးလေဝသအေဂျင်စီက ပြောသည်။

**စံမီအောင်**

စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် ...... မှအဆက်

၂၀၁၈ ခုနှစ် ဩဂုတ်လ တတိယပတ်အတွင်း မြန်မာ - တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၅၄ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၈ ပေါက်ဈေးရှိသောကြောင့်တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၄ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ -ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၂ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက် မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၃ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင်ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ရန်ကုန်မြို့နှင့် ဟားခါးမြို့တို့တွင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၃၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို အထက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | |
|---|---|---|---|---|---|
| | | ဩဂုတ် ၁၇ | ဩဂုတ် ၂၀ | ဩဂုတ် ၂၁ | ဩဂုတ် ၂၃ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၀၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၇ | မော်လမြိုင် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၄ | မုံရွာ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂၀ | ပျဉ်းမနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၁ | နေပြည်တော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source-doca_domestic

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ကမ္ဘာ့သကြား ဈေးနှုန်းသည် ယခင်တစ်ပတ်ထက် သုညဒသမ ၅၉ ရာခိုင်နှုန်း ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ်လ တတိယပတ်အတွင်း သကြားဈေးနှုန်း သိသိသာသာ ပြောင်းလဲမှု မရှိကြောင်း တွေ့ရှိရပါသည်။

## ပိန်းဇလုပ်မြို့ပေါ်၌ မုန့်မျိုးစုံ ရောင်းဝယ်လျက်ရှိသော ဈေးဆိုင်များအား ရှောင်တခင် ဝင်ရောက်စစ်ဆေး

ပဲခူးတိုင်း ဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ခရိုင်ဦးစီးမှူး ဦးအောင်သိုက်ဦးဆောင်၍ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဩဂုတ်လ ၂၀ ရက်က ပိန်းဇလုပ်မြို့၊ အ. ထ. က ကျောင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့သည်။

ထို့နောက် မြို့ပေါ်ရှိ မုန့်မျိုးစုံ လက်လီ လက်ကားရောင်းချ ဖြန့်ဖြူးနေသော ဈေးဆိုင်ကြီးများ၊ စည်ပင်သာယာ ဈေးအတွင်း ရောင်းချနေသော ဈေးဆိုင်များ၌ စားသုံးရန်၊ သုံးစွဲရန်မသင့်သော အစားအသောက်များ ရောင်းချနေမှုရှိ/မရှိကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ FDA ဌာနမှ စားသုံးရန်မသင့် ကြောင်း ကြော်ငြာထားသော အစားအသောက်သုံးမျိုးနှင့် သက်တမ်းလွန်နေသော အစားအသောက် (၁၁) မျိုး၊ စုစုပေါင်း(၁၄)မျိုးတို့အား အဖွဲ့မှ သိမ်းဆည်း၍ ဈေးဆိုင်ရှင်များအား နောက်နောင် စားသုံးရန် မသင့်သော အစားအသောက်များ ရောင်းချခြင်း မပြုရန် သတိပေးပြောကြား၍ ခံဝန်ကတိ လက်မှတ်ရေးထိုးခဲ့ပြီး သိမ်းဆည်းခဲ့သော ကုန်ပစ္စည်းများအား ညောင်လေးပင်မြို့နယ် တာဝန်ခံရုံးတွင် ယာယီသိမ်းဆည်းထားပြီး စုပေါင်းအဖွဲ့များဖြင့် စုပေါင်း၍ မီးရှို့ ဖျက်ဆီးသွားမည် ဖြစ်ပါသည်။

ဆက်လက်၍ ၎င်းအဖွဲ့များသည် ကင်းမွန်းခြုံ၊ အ. လ. က ကျောင်းသို့ သွားရောက်ပြီး ၎င်းကျောင်းခန်းမ၌ ကျောင်းသား၊ကျောင်းသူများ၊ ဆရာ၊ ဆရာမများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း(ပဲခူး)**

## ကယားပြည်နယ်၊ လွိုင်ကော်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် ကယားပြည်နယ် သောက်ရေသန့်လုပ်ငန်းရှင်များ အစုအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပ

လွိုင်ကော်မြို့စားသုံးသူရေးရာဦးစီးဌာန ကန္ဒာရဝတီခန်းမတွင် ကယားပြည်နယ် သောက်ရေသန့်လုပ်ငန်းရှင်များ အစုအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ဩဂုတ်လ ၂၁ ရက်က ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့ပေါ်နှင့် မြို့နယ်များရှိ သောက်ရေသန့်လုပ်ငန်းရှင်များ စုစုပေါင်း ၂၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးသည် အလွန်အရေးပါသော အချက်တစ်ခုဖြစ်ကြောင်း၊ ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ခြင်းထက် အစုအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးအားသာချက်များကိုလည်းကောင်း၊ အသင်းသားများအချင်းချင်း အနာဂတ်တွင် တွေ့ကြုံလာရမည့် အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းပေးနိုင်ခြင်း၊ စံချိန်စံညွှန်းများနှင့်အညီ တရားဝင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ခြင်း၊ အသင်းသူ/သားများအား အဆင့်မြင့်နည်းပညာနှင့် ဈေးကွက်ဖော်ဆောင်မှုသင်တန်းများ မျှဝေပေးနိုင်ခြင်းသာမက ရေသန့်စက်ရုံတည်ထောင်လိုသော လုပ်ငန်းရှင်များအား လက်တွဲခေါ်ယူနိုင်ပြီး SME ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်မှာဖြစ်သည့်အပြင် စားသုံးသူများ၏ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လုပ်ငန်းဖြစ်သည့်အတွက် သောက်ရေသန့်လုပ်ငန်းသည် ကုသိုလ်လည်းရ ဝမ်းလည်းဝ လုပ်ငန်းဖြစ်ကြောင်း လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးမှ အသင်းအဖွဲ့/အစုအဖွဲ့များ စုဖွဲ့ခြင်း၏ အကျိုးကျေးဇူးများ ၊ အားသာချက်များနှင့် အစုအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို ရှင်းလင်း ပြောကြားခဲ့ပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များမှ လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ တက်ရောက်လာသူများမှ ကယားပြည်နယ် သောက်ရေသန့်လုပ်ငန်းရှင်များအစုအဖွဲ့၊ EC/ CEC များနှင့် ဥက္ကဋ္ဌအဖြစ် လွိုင်ကော်မြို့ ရွှေကယားသောက်ရေသန့် လုပ်ငန်းရှင်ဦးဇော်ဝင်းမြင့်၊ အတွင်းရေးမှူးအဖြစ် ငွေတောင်သောက်ရေသန့် လုပ်ငန်းရှင် ဦးရာဇာလင်းတို့ကို တက်ရောက်လာသူများ၏ သဘောထားဆန္ဒနှင့်အညီ ရွေးချယ်ခဲ့ကြောင်း သိရပါသည်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## သာပေါင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကျန်းမာရေးနှင့် ညီညွတ်သော အသား/ငါးများ ရောင်းချရေးကွင်းဆင်းဆောင်ရွက်

သာပေါင်းမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီး ဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များနှင့် အတူ ဩဂုတ် ၁၇ ရက်က သာပေါင်းမြို့ သီရိရွှေသာဈေးအတွင်းရှိ အသား/ငါး ရောင်းချသော ဆိုင်များသို့ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များ ရောင်းချရန်အတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာ ဇော်မင်းဦးက အနာရောဂါဖြစ်သော အသား/ငါး များ ရောင်း ချခြင်းမပြုရန်၊ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေး နှင့် ညီညွတ်သော အသား၊ငါးများ ရောင်းချရန် အသိပညာပေး၍ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံမှလည်း စားသောက်ကုန်စည်များ လုံခြုံစိတ်ချရမှု ရှိစေရေး စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရေး ကျန်းမာရေးနှင့် ညီညွတ်ပြီး ဝယ်ယူသူများ စိတ်ကျေနပ်မှု ရရှိစေရေးတို့အတွက် ဆောင်ရွက်ရန်တို့အား အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရာမြေ(ပုသိမ်)**

## ကလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၆/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကလေးခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ( ၆/ ၂၀၁၈ ) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကလေးခရိုင်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဩဂုတ် ၂၀ ရက်တွင် ကျင်းပခဲ့ရာ ကလေးခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့်အတူ ကလေးခရိုင်ဦးစီးမှူးရုံးရှိဝန်ထမ်းများအပါအဝင် စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ကလေးခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးအောင်ကယခင် ( ၅/ ၂၀၁၈ ) ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဇူလိုင်လတွင် ဌာန၏ လုပ်ငန်းလျာထားချက် အပေါ် ဆောင်ရွက်နိုင်မှုအခြေအနေများတင်ပြခဲ့သည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှလည်းကောင်း၊ ဒုတိယခရိုင်ရဲမှူးကြီး ဦးအောင်ကျော်မှလည်းကောင်း အသီးသီးဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်အောင် (ကလေး)**

## ဘားအံမြို့ ရွှေယာဉ်မျှော်ရေဘေးကယ်ဆယ်ရေးစခန်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပြီး အာဟာရဒါနလှူဒါန်း

သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် ကရင်ပြည်နယ် ဘားအံမြို့ရှိ မြို့နယ်တချို့နှင့် ကျေးရွာများသည် ရေကြီး၍ ရေနစ်မြုပ်မှုများဖြစ်ခဲ့ရာ နေအိမ်များရွှေ့ပြောင်း၍ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက် ရှိကြသည်။ အဆိုပါစခန်းများတွင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှ ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဩဂုတ် ၂၂ ရက်က ကရင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ရွှေယာဉ်မျှော် ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူ ၂၀၀၀ ကျော်အား အာဟာရဒါနကြာဆန်ချက်လှူဒါန်းခဲ့ကြပြီး၊ ဘုရားဓမ္မာရုံအတွင်းတွင်လည်း ရေဘေးသင့်ပြည်သူများအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို ဆောင်ရွက်ခဲ့ကြသည်။

ဟောပြောပွဲတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဆောင်ရွက်မှုများ၊ မုန့်တိုက်ပွဲဗီဒီယို၊ ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ၊ အေးခဲအသားများနှင့်စားသုံးဆီဆိုင်ရာ သိမှတ်ဖွယ်ဆောင်လိပ်နှင့် ဆေးရွက်ကြီး အကြောင်းအရာများ စသည်တို့ကို ရှောင်ရန်/ဆောင်ရန် ဗဟုသုတများစွာကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။ **ခင်ကြည်**

## မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးမှ မကွေးမြို့ စစ်မှုထမ်းဟောင်းလေ့ကျင့်ရေး သင်တန်းကျောင်းရှိ သင်တန်းသားများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းပို့ချ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပျက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၃ ရက်တွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်း (မကွေး)သို့ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒု-တိုင်းဦးစီးမှူးမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက် ခဲ့ကြောင်းသိရှိရပါသည်။

အဆိုပါသင်တန်းတွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒု-တိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးအေးမိုးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်တွင် ဦးစီးဌာနနှစ်ခုနှင့် မြန်မာ့ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ဟူ၍ ဌာနသုံးခုဖွဲ့စည်းထားကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ စားသုံးသူအကာအကွယ် ပေးရေးဥပဒေပါ စားသုံးသူများ၏ အခွင့်အရေးနှင့် လိုက်နာရမည့်တာဝန်များ၊ စားသုံးသူများအနေဖြင့် မိမိတို့၏ အခွင့်အရေးများဆုံးရှုံးနစ်နာမှုရှိပါက အရေးဆိုတိုင်တန်းနိုင်သည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးများဖွင့်လှစ်ထားရှိမှုနှင့် မကွေးတိုင်းဒေသကြီး (CICC) ရုံးသို့ တိုင်ကြားလာမှုများအပေါ် ဖြေရှင်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဈေးကွက်စောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ပုဒ်မ ၈(ဂ)တွင်ဖော်ပြထားသည့် အချက်များအနက် သက်တမ်းလွန်ကုန်စည်များအား ဖျက်ဆီးနိုင်ရန် သိမ်းဆည်းခဲ့မှု အခြေအနေများနှင့် သက်တမ်း လွန်ပစ္စည်းများအား ဖျက်ဆီး ဆောင်ရွက်ခဲ့မှုမှတ်တမ်းများ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိလာစေရေးအတွက် လုပ်ငန်းရှင်များသို့ အသိပေးဆွေးနွေးခဲ့မှုများကို အသေးစိတ်ဆွေးနွေး ရှင်းလင်းခဲ့ပြီး လက်ကမ်းစာစောင်များဝေငှခဲ့ပါသည်။ အဆိုပါ သင်တန်းသို့ ပြည်နယ်၊တိုင်း အသီးသီးမှ သင်တန်းသား ၅၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# ထားဝယ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းနှင့်ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံ ဒေါက်တာဟိန်းမင်းထက်အောင်နှင့် ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၇ ရက်အချိန်တွင် ထားဝယ်မြို့၊ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြော ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင်တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးက စားသုံးသူရေးရာဦးစီးဌာန စတင်ပေါ်ပေါက်လာပုံ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့်တာဝန်များ၊ ထုတ်လုပ်သည့်လုပ်ငန်းရှင်များ၏ အခွင့်အရေးတာဝန်နှင့် လိုက်နာရမည့်စည်းကမ်းများ၊ စားသုံးသူဥပဒေတွင် ပါရှိသည့်ပြစ်မှုပြစ်ဒဏ်များ၊ ကုန်စည်/ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး၊ စားသုံးခြင်း၊ သုံးစွဲခြင်းများပြုလုပ်ရာတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများရှိပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC)သို့ တိုင်ကြားနိုင်ကြောင်းနှင့် တိုင်ကြားရမည့်ဖုန်းနံပါတ်၊ လိပ်စာတို့အားရှင်းလင်းပြောကြားခဲ့ပါသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံက ဆွေးနွေးပြောကြားရာတွင် မိမိတို့ဌာနအနေဖြင့် အစားအသောက်၊ အလှကုန်နှင့် ဆေးဝါးများကို ပြည်သူများဘေးဥပဒ် မဖြစ်စေရေးအတွက် စစ်ဆေးရသည့်ဌာနဖြစ်ပါကြောင်း၊ ဆိုးဆေးတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ဓာတုဆိုးဆေးတွင်အစားအသောက်များတွင်သုံးစွဲရန်သင့်သော ဓာတုဆိုးဆေးနှင့်သုံးစွဲရန်မသင့်သော ဓာတုဆိုးဆေးဟူ၍(၂)မျိုးရှိပါကြောင်း၊သုံးစွဲရန်မသင့်သော ဓာတုဆိုးဆေးကို အမျိုးအစား(၄)မျိုးခွဲထားပါကြောင်း၊ အစားအသောက်များတွင် သုံးစွဲရန်မသင့်သော တာရှည်ခံဆေး(၄)မျိုးရှိပါကြောင်း၊ ထုတ်လုပ်သူလုပ်ငန်းရှင်များမှ သဘာဝတာရှည်ခံသော ရေခဲ၊ ဆားတို့အစား အကုန်အကျသက်သာသော၊ သုံးစွဲရန်မသင့်သော ဓာတုတာရှည်ခံပစ္စည်းများကို အသုံးပြုလာကြသည့်အတွက် စားသုံးသူပြည်သူများအနေဖြင့် ကျန်းမာရေးထိခိုက်ပြီး ရေရှည်စားသုံးပါက ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်ကြောင်းကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ရာ အဆိုပါကျောင်းမှကျောင်းသား/သူ၊ ဆရာ/ဆရာမများ၊ ကျောင်းမုန့်ဈေးတန်းရောင်းချနေသူများ၊ စုစုပေါင်း (၂၅၀)ဦး တက်ရောက်ခဲ့ပြီးနောက် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများမှ ကျောင်းမုန့်ဈေးတန်းတွင်ကျောင်းသား/သူများ စားသုံးရန်မသင့်သောမုန့်များ ရောင်းချမှုရှိ/မရှိကို သက်ဆိုင်ရာ ကျောင်းကော်မတီနှင့်အတူ စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# တောင်ကြီးမြို့နယ်၊ တောင်လေးလုံး အခြေခံပညာ အထက်တန်းကျောင်း(ထ-ခွဲ)နှင့် သံတဲကျေးရွာ (အ-ထ-က သံတဲ)တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ခြင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ကုန်စုံဆိုင်များအား စစ်ဆေး

စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိရှိနိုင်ရန် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကျောင်းများ၊ ရပ်ကွက်ကျေးရွာလူထုများ၊ တပ်ရင်းတပ်ဖွဲ့များ၊ သက်မွေးဝမ်းကျောင်း သင်တန်းများတွင် လိုက်လံဟောပြောဆွေးနွေးလျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့၌ တောင်ကြီးမြို့နယ် အတွင်းရှိ သံတဲကျေးရွာ (အ-ထ-က သံတဲ)နှင့် တောင်လေးလုံး အခြေခံပညာအထက်တန်းကျောင်း (ထ-ခွဲ)တွင် ဒု-ဦးစီးမှူး ဒေါ်စောယုထွေး ခေါင်းဆောင်သော ဝန်ထမ်းများနှင့်အဖွဲ့သည် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲ၌ ဒု-ဦးစီးမှူး ဒေါ်စောယုထွေးမှ ယနေ့ခေတ်တွင် စားသုံးသူများအပေါ် ထိခိုက်နစ်နာမှုများ များစွာရှိလာသဖြင့် ထိုသို့ ထိခိုက်နစ်နာမှုများရှိလာပါက တိုင်ကြားနိုင်သည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဒါ့အပြင် ဝန်ဆောင်မှုလုပ်ငန်းများလည်း ယနေ့တွင် ပိုမိုကျယ်ပြန့်လာတာဖြစ်သည့်အတွက် ဝန်ဆောင်မှုများနှင့်ပတ်သက်၍လည်း ရှင်းလင်းပြောကြားခဲ့ပြီး ထိခိုက်နစ်နာမှုများ ကြုံတွေ့လာရပါက ထိခိုက်နစ်နာမှုများအပေါ် ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ အရေးယူတိုင်တန်း နိုင်မှုများပြုလုပ်နိုင်ကြောင်းနှင့် ရုံးချုပ်၏ညွှန်ကြားချက်အရလည်း ဆေးလိပ် အန္တရာယ်အကြောင်း သိကောင်းစရာများ၊ ဆေးလိပ်ကြောင့်ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများ၊ အထူးသဖြင့်ကျောင်းသားများ စမ်းသပ်ပြုလုပ်ခြင်းမပြုရန် ထပ်မံ အသိပေး ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ အငယ်တန်းစာရေး ဒေါ်မြင့်မွှန်အေးမှလည်း စားသုံးသူများအပေါ် ထိခိုက်နစ်နာမှုများစွာရှိနေခြင်းမှ အစားအသောက်ကြောင့် ပိုမိုထိခိုက်နစ်နာနေရခြင်းဖြစ်သည့်အတွက် စားသုံးရန်မသင့်သော အစားအစာများ အကြောင်း၊ ရယ်ဒီမိတ်အစားသောက်များမှတစ်ဆင့် ဖြစ်စေတတ်သော ဆိုးကျိုးများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး အစားအသောက်နှင့်ကုန်ပစ္စည်း ဝယ်ယူရာတွင် ရွေးချယ်ဝယ်ယူ စားသောက်တတ်စေရန်နည်းလမ်းများနှင့် ရွေးချယ်ဝယ်ယူသည့်အခါ မည်သည့်အချက်များ ကြည့်ရှုသင့်သည်ကိုလည်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများနှင့် အပြန်အလှန်မေးခွန်းများ မေးမြန်းဖြေကြားခဲ့ကြပြီး စားသုံးသူအကာအကွယ်ပေးရေးဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များ၊ တိုင်ကြားမှုပုံစံများအား ကျောင်းအုပ်ဆရာမကြီးများထံသို့ ပေးအပ်ခဲ့ပြီး (အ-ထ-က သံတဲ)မှ တက်ရောက်သူအင်အားမှာ ၅၃၄ ဦး တက်ရောက်ခဲ့ပြီး တောင်လေးလုံး(ထ-ခွဲ)မှ တက်ရောက်သူအင်အားမှာ ၆၅၈ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ ဆက်လက်ပြီး ကျောင်းအုပ်ဆရာမကြီးများ၏ တောင်းဆိုချက်အရ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ကျန်းမာရေးတာဝန်ခံများနှင့်အတူ ကျောင်းပတ်ဝန်းကျင်ရှိ ကုန်စုံဆိုင်များတွင် သက်တမ်းလွန်ကုန်ပစ္စည်းများရောင်းချခြင်း ရှိ/မရှိ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော အစားအသောက်များ ရောင်းချခြင်း ရှိ/မရှိစစ်ဆေးခဲ့ပြီး ဆိုင်ရှင်များအား စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များအား အသိပညာ ဗဟုသုတများသိရှိစေရန် လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးအပ်ခဲ့ပါသည်။

**မြင့်မွှန်အေး (တောင်ကြီး)**

# အင်းစိန်မြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံသင်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (အင်းစိန်မြို့နယ်)တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ သင်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် အင်းစိန်မြို့နယ်၊ အစိုးရစက်မှုလက်မှုသိပ္ပံမှ တွဲဖက်ပါမောက္ခဌာနမှူး ဦးမင်းမင်းဦးက အဖွင့်အမှာ စကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က စားသုံးသူ အကာအကွယ်ပေးရေး ပေါ်ပေါက်လာပုံ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၏ ရည်ရွယ်ချက်၊ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် လိုက်နာရမည့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့်တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ် ဖွဲ့စည်းထားရှိမှု၊ အန္တရာယ်ကင်း စားသောက်ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ရွေးချယ်ဝယ်ယူ အသုံးပြုနိုင်သည့် နည်းလမ်းများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဈေးကွက်ကွင်းဆင်းမှုနှင့် ဈေးကွက်စောင့်ကြည့် သည့်လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ စားသုံးသူ ပြည်သူများသိရှိလိုက်နာနိုင်ရန် နိုင်ငံပိုင်သတင်းစာတွင် ထည့်သွင်းကြေညာခဲ့သည့် အသိပေးကြေညာချက်ကိုလည်းကောင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းသည် စားသုံးသူပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေး အသင်းအဖွဲ့များ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်ကြောင်းတို့ကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)မှ ဒုကြီးကြပ်ရေးမှူး ဒေါ်ခိုင်စုမြတ်က ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီးနောက်ကွင်းဆင်းစစ်ဆေးခဲ့မှုများ၊ အသင့်ထုပ်ပိုးပြီး အစားအသောက်တစ်ခု ဝယ်ယူမည်ဆိုပါက စားသုံးသူများ သတင်းအချက်အလက်ရရှိစေရန် စိစစ်ရမည့် အမှတ်တံဆိပ်ဖော်ပြချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရှိအစားအသောက်များတွင် တွေ့ရသော ခွင့်မပြု ဓာတုဆိုးဆေး အကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်ကြည့်ရှုစစ်ဆေးနည်းကို လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ဓါတ်ခွဲစစ်ဆေးယာဉ်ဖြင့် ဈေးကွက်နမူနာကောက်ယူ စစ်ဆေးဆောင်ရွက်ခဲ့မှုများ၊ အစားအသောက်များတွင် သုံးစွဲရန်ခွင့်မပြုသည့် အစားအသောက်ထပ်ဖြည့်ပစ္စည်းများနှင့် အသုံးပြုလေ့ရှိသော အစားအသောက် အမျိုးအစားအကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန (အင်းစိန်မြို့နယ်)မှ ဦးစီးအရာရှိ ဒေါက်တာ အိဇင်ဟိန်းက ရာသီအလိုက်ဖြစ်တတ်သော ကူးစက်ရောဂါများ အကြောင်း၊ Online Shopping မှ ကုန်ပစ္စည်းများ ဝယ်ယူခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်သင့်သည့်အချက်များ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဆွေးနွေးရာတွင် အမျိုးသားစားသုံးသူအကာအကွယ်ပေးရေးအစီအစဉ်၏ ကဏ္ဍကြီး(၅)ရပ်အကြောင်း၊ ကုန်စည်/ ဝန်ဆောင်မှုနှင့်ပတ်သက်၍ စားသုံးသူများ၏ တိုင်ကြားမှုများထဲမှ စားသောက်ကုန်၊ တယ်လီဖုန်း၊ မော်တော်ယာဉ်၊ TV ဝယ်ယူသုံးစွဲမှု၊ ATM စက်မှ ငွေထုတ်ယူမှု၊ ပြည်ပတွင်ပညာသင်သွားရောက်ရန် ဝန်ဆောင်မှုအပ်နှံခြင်း၊ ခရီးသွား ဝန်ဆောင်မှုစသည့် တိုင်ကြားမှုဖြစ်စဉ်များ၊ လိုက်နာဆောင်ရွက်ရန်အချက်များတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန (အင်းစိန်မြို့နယ်)၊ အစိုးရစက်မှုလက်မှုသိပ္ပံမှ တွဲဖက်ပါမောက္ခဌာနမှူးနှင့် ကထိကများ၊ လက်ထောက်ကထိကများ၊ ကျောင်းသား/သူများ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ပါတယ်။

အလားတူ ဩဂုတ်လ ဒုတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင်(၁၂)နေရာ၊ အနောက်ပိုင်းခရိုင်တွင်(၆)နေရာ၊ တောင်ပိုင်းခရိုင်တွင်(၃၂)နေရာ၊ မြောက်ပိုင်းခရိုင်တွင် (၁၂)နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်မြဦး (စားသုံးသူ)ရန်ကုန်**




# မော်ရင်ဟို၏ နေရာတွင် ဇီဒန်းနှင့် အစားထိုးရန် မန်ယူအသင်းပြင်ဆင်ကြောင်း သတင်းများပေါ်ထွက်

မန်ယူအသင်းသည် လက်ရှိနည်းပြ မော်ရင်ဟို၏နေရာတွင် ဇီဒန်းနှင့် အစားထိုးရန် ပြင်ဆင်နေကြောင်း အင်္ဂလန်မီဒီယာများကြားတွင် သတင်းများပေါ်ထွက်လျက်ရှိသည်။

ကစားသမားသစ် ခေါ်ယူပေးခြင်းမရှိသည့်ကိစ္စနှင့် ပတ်သက်၍ မန်ယူအသင်းနည်းပြ မော်ရင်ဟိုနှင့် အသင်း၏ ဂုဏ်ထူးဆောင် ဒုဥက္ကဋ္ဌဖြစ်သူ အက်ဝုဒ်ဝပ်ဒ်တို့အကြား အဆင်မပြေမှုများစွာ ဖြစ်ခဲ့ပြီးနောက်ပိုင်းတွင် ယခုကဲ့သို့သတင်းများ ပေါ်ထွက်လာခဲ့ခြင်းလည်းဖြစ်သည်။

မော်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီတွင် အစောဆုံး ထုတ်ပယ်ခံရနိုင်သည့် နည်းပြတစ်ဦးအဖြစ် ရေပန်းစားလျက်ရှိသလို တစ်ဖက်တွင်လည်း ရီးရဲလ်မက်ဒရစ်နည်းပြဟောင်း ဇီဒန်းမှာ မန်ယူအသင်းမှ တာဝန်ရှိသူများနှင့် ဆက်သွယ်ပြောဆိုမှုများပင် ရှိနေပြီဖြစ်ကြောင်း သိရသည်။ သို့သော် ယင်းသတင်းများနှင့် ပတ်သက်၍ မန်ယူအသင်းဘက်မှ ငြင်းဆိုထားပြီး နည်းပြအပြောင်းအလဲမှာ အသင်း၏ ရလဒ်ပိုင်းနှင့် သက်ဆိုင်ကြောင်း ပြောကြားသည်။

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် နှစ်ပွဲကစားအပြီးတွင် ရာသီအဖွင့် ပထမပွဲစဉ်တွင် လက်စတာအသင်းကို အိမ်ကွင်းတွင် လက်ခံကစားပြီး အနိုင်ရရှိခဲ့သော်လည်း ခက်ခက်ခဲခဲ ယှဉ်ပြိုင်ခဲ့ရသည်။ ထို့ပြင် အသင်းငယ်လေး ဘရိုက်တန်အသင်းနှင့်ကစားခဲ့သည့်ပွဲတွင်လည်း ခြေစွမ်းပိုင်းကအစ အသာမရခဲ့ဘဲ ၃-၂ ဂိုးဖြင့် ရှုံးနိမ့်ခဲ့၍ ဝေဖန်မှုများစွာ ပေါ်ထွက်ခဲ့သည်။

ဇီဒန်းသည် မန်ယူနည်းပြနေရာအတွက် ရေပန်းစားမှုများရှိနေသလို မန်ယူပရိသတ်များကလည်း အသင်းသို့ ဇီဒန်းလာမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာကြိုဆိုကြောင်း ပြောဆိုမှုများရှိနေသည်။ ထို့ပြင် ဇီဒန်းမှာ ကစားသမားများနှင့်ဆက်ဆံရာတွင်လည်း အလွန်အဆင်ပြေသည့် နည်းပြတစ်ဦးဖြစ်ကြောင်း ထောက်ခံပြောဆိုနေကြသည်။



## ဒန်နီရို့စ်ကို ရောင်းထုတ်ရန် အဆင်သင့်ရှိနေကြောင်း ပိုချက်တီနို ပြောကြား


စပါးအသင်းနည်းပြ ပိုချက်တီနိုက မိမိတို့အသင်းမှ ဘယ်နောက်ခံကစားသမား ဒန်နီရို့စ်ကို ရောင်းထုတ်ရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဒန်နီရို့စ်သည် ၂၀၀၇ ခုနှစ်ကပင် လိဒ်ယူနိုက်တက်အသင်းမှ စပါးအသင်းသို့ ရောက်ရှိလာခဲ့သော်လည်း ပုံမှန်ပွဲထွက်ခွင့် မရရှိခဲ့သည့်အပြင် ဝက်ဖို့ဒ်၊ ပီတာဘာရော့၊ ဘရစ္စတိုးစီးတီးနှင့် ဆန်းဒါးလန်းအသင်းများသို့ အငှားချထားခြင်း ခံခဲ့ရသူဖြစ်သည်။

အသက် (၂၈)နှစ်ရှိ ဒန်နီရို့စ်ကို ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းနှင့် ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ရှော်ကေးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်းစားနေကြောင်း သိရသည်။

စပါးအသင်းနည်းပြ ပိုချက်တီနိုက နောက်ခံကစားသမား ဒန်နီရို့စ်ကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရောင်းထုတ်သွားမည်ဖြစ်ကြောင်း၊ ၎င်းကစားသမားကို ခေါ်ယူလိုသည့်အသင်းများရှိနေကြောင်းနှင့် ယင်းကစားသမားကို ရောင်းထုတ်ပြီးပါက ၎င်းနေရာတွင် ပြန်လည်အစားထိုးရန် အစီအစဉ်မရှိကြောင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

## အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ရမ်ဆေး စောင့်မျှော်နေ



အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ရမ်ဆေးသည် အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် စောင့်မျှော်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်း နည်းပြသစ် အူနိုင်းအမ်မရီ၏ အသင်းအနာဂတ်အစီအစဉ်သစ်တွင် ရမ်ဆေးမှာ ပါဝင်လာနိုင်ဖွယ် ရှိနေသော်လည်း စာချုပ်သက်တမ်းတိုးမှု မရှိသေးခြင်းကြောင့် ယင်းကစားသမားက အားမလို အားမရဖြစ်နေခြင်းဖြစ်သည်။

ရမ်ဆေးသည် လက်ရှိအချိန်တွင် အာဆင်နယ်အသင်း၌ တစ်ပတ်လုပ်ခ ပေါင် ၁၁၀၀၀၀ ရရှိနေသူဖြစ်ပြီး အသင်းနှင့် စာချုပ်သစ် ချုပ်ဆိုနိုင်ပါက ၎င်းမှာ တစ်ပတ်လုပ်ခ ပေါင် ၂၂၅၀၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ရမ်ဆေးသည် အာဆင်နယ်အသင်း၏ ရာသီအဖွင့် ပွဲစဉ်ဖြစ်သည့် မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် ပထမပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ဒုတိယပိုင်း ပွဲချိန် ၅၄ မိနစ်တွင် တိုက်စစ်မှူး လာကာဇက်တီနှင့် လူစားလဲခံခဲ့ရသလို ဒုတိယပွဲစဉ်ဖြစ်သည့် ချယ်လ်ဆီးနှင့် ပွဲစဉ်၌လည်း ပထမပွဲထွက်လူစာရင်းတွင် မပါဝင်ခဲ့ဘဲ ဒုတိယပိုင်း ပွဲချိန် ၆၈ မိနစ် ရောက်မှသာ အိုဇေးလ်၏ နေရာတွင် လူစားလဲ ဝင်ရောက်ကစားခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နည်းပြ အူနိုင်းအမ်မရီအနေဖြင့် ရမ်ဆေးကို စာချုပ်သက်တမ်းတိုးရေးမှာ သေချာမှုမရှိသေးကြောင်း သတင်းများတွင် ဖော်ပြထားသည်။

# အမ်ဘတ်ပီ၊ ရက်ချ်ဖို့ဒ်နှင့် ဂျီဆပ်တို့မှာ တန်ဖိုးအမြင့်မားဆုံး လူငယ်ကစားသမားများဖြစ်

ကမ္ဘာ့ဘောလုံးလောကတွင် သက်ဆိုင်ရာလိဂ်အသီးသီးတွင် ပါဝင်ကစားနေသည့် အသက်(၂၁)နှစ်အောက် လူငယ်ကစားသမားများထဲမှ တန်ဖိုးအမြင့်မားဆုံး ကစားသမားများကို Prime Time Sport မှ စစ်တမ်းကောက်ယူပြီး တန်ဖိုးအမြင့်မားဆုံး လူငယ်ကစားသမား ၂၀ ဦးစာရင်းကို ထုတ်ပြန်လိုက်သည်။

အဆိုပါကစားသမား ၂၀ ဦးထဲတွင် အမ်ဘတ်ပီ၊ ရက်ချ်ဖို့ဒ်နှင့် ဂျီဆပ်တို့မှာ ထိပ်ဆုံးမှ ပါဝင်လာခဲ့သည်။ ပီအက်စ်ဂျီအသင်းမှ လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီ၏ တန်ကြေးမှာ ယူရို ၁၉၂ ဒသမ ၃ သန်း(ပေါင် ၁၇၁. ၅ သန်း။ အမေရိကန်ဒေါ်လာ ၂၂၃. ၆ သန်း) ဖြစ်ကြောင်းဖော်ပြထားပြီး မန်ယူအသင်းမှ တောင်ပံတိုက်စစ်မှူး ရက်ချ်ဖို့ဒ်မှာ ယူရို ၈၉ ဒသမ ၂ သန်း(ပေါင် ၇၉. ၆ သန်း။ အမေရိကန်ဒေါ်လာ ၁၀၃. ၇ သန်း) ဖြစ်သည်။ ထို့ပြင် မန်စီးတီးအသင်းမှ လူငယ်တိုက်စစ်မှူး ဂျီဆပ်မှာမူ ယူရို ၈၈ သန်း(ပေါင် ၇၈. ၅ သန်း။ အမေရိကန်ဒေါ်လာ ၁၀၂. ၃ သန်း) ဖြစ်ကြောင်း ဖော်ပြထားသည်။



၎င်းကစားသမား သုံးဦး၏နောက်တွင် တန်ဖိုးအမြင့်မားဆုံးအဖြစ် အစဉ်လိုက်ရပ်တည်နေသည့် ကစားသမားများမှာ ဘာစီလိုနာအသင်းမှ ဒမ်ဘီလီ ယူရို ၈၄ ဒသမ ၃ သန်း(ပေါင် ၇၅. ၂ သန်း။ အမေရိကန်ဒေါ်လာ ၉၈. ၃ သန်း)၊ ဘော်ဒိုးအသင်းမှ မယ်ကွန် ယူရို၆၄ ဒသမ ၆ သန်း(ပေါင် ၅၇. ၆ သန်း။ အမေရိကန်ဒေါ်လာ ၇၅. ၁ သန်း)၊ ဖီအိုရင်တီးနားအသင်းမှ ဖက်ဒါရီကိုချီဆာ ယူရို ၆၃ ဒသမ ၆ သန်း(ပေါင် ၅၆. ၇ သန်း။ အမေရိကန်ဒေါ်လာ ၇၄ သန်း)၊ အေစီမီလန်အသင်းမှ ဒွန်နာရမ်မာ ယူရို ၆၂ ဒသမ ၈ သန်း(ပေါင် ၅၆ သန်း။ အမေရိကန်ဒေါ်လာ ၇၃ သန်း)၊ ဒေါ့မွန်အသင်းမှ ပူလီဆစ် ယူရို၆၁ ဒသမ ၂ သန်း(ပေါင် ၅၄. ၆ သန်း။ အမေရိကန်ဒေါ်လာ ၇၁. ၂ သန်း)၊ လေဗာကူဆင်အသင်းမှ လီယွန်ဘိုင်လေ ယူရို ၅၆ ဒသမ ၅ သန်း(ပေါင် ၅၀. ၅ သန်း။ အမေရိကန်ဒေါ်လာ ၆၅. ၈ သန်း)၊ ဆိုစီဒက်အသင်းမှ အိုယာဇာဘယ် ယူရို ၅၁ ဒသမ ၃ သန်း (ပေါင် ၄၅. ၈ သန်း။ အမေရိကန်ဒေါ်လာ ၅၉. ၇ သန်း)၊ ဖူလ်ဟမ်အသင်းမှ ရှိုင်ယန်ဆီဆက်ဂ်နွန် ယူရို ၅၁ ဒသမ ၃ သန်း(ပေါင် ၄၅. ၈ သန်း။ အမေရိကန်ဒေါ်လာ ၅၉. ၇ သန်း)၊ လီဗာပူးအသင်းမှ အာနော့ဒ် ယူရို ၅၀ ဒသမ ၇ သန်း(ပေါင် ၄၅. ၂ သန်း။ အမေရိကန်ဒေါ်လာ ၅၉ သန်း)၊ အေဂျက်အသင်းမှ ဒီလိုက် ယူရို ၅၀ ဒသမ ၄ သန်း(ပေါင်၄၅သန်း။ အမေရိကန်ဒေါ်လာ ၅၈. ၆ သန်း)၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဗျူနီယာ ယူရို ၄၅ ဒသမ ၁ သန်း(ပေါင် ၄၀. ၂ သန်း။ အမေရိကန်ဒေါ်လာ ၅၈. ၅ သန်း)၊ ဆန်းတို့အသင်းမှ ရိုဒရှိုင်ဂို ယူရို သန်း ၄၀(ပေါင် ၃၅. ၇ သန်း။ အမေရိကန်ဒေါ်လာ ၄၆. ၅ သန်း)၊ လိုက်ဇစ်အသင်းမှ အူပါမီကာနို ယူရို ၃၉ ဒသမ ၆ သန်း(ပေါင် ၃၅. ၃ သန်း။ အမေရိကန်ဒေါ်လာ ၄၆. ၁ သန်း)၊ အေစီမီလန်အသင်းမှ ပက်ထရက်ကူထရိုနီ ယူရို ၃၅ သန်း(ပေါင် ၃၁. ၂ သန်း။ အမေရိကန်ဒေါ်လာ ၄၀. ၇ သန်း)၊ လိုင်ယွန်အသင်းမှ ဟူဆမ် ယူရို ၃၄ ဒသမ ၅ သန်း(ပေါင် ၃၀. ၈ သန်း။ အမေရိကန်ဒေါ်လာ ၄၀. ၁ သန်း)၊ နိစ်အသင်းမှ အယ်လန် ယူရို ၃၁ ဒသမ ၉ သန်း(ပေါင် ၂၈. ၅ သန်း။ အမေရိကန်ဒေါ်လာ ၃၇. ၁ သန်း)နှင့် ရိုးမား အသင်းမှ အန်ဒါ ယူရို ၃၁ ဒသမ ၉ သန်း (ပေါင် ၂၈. ၅ သန်း။ အမေရိကန်ဒေါ်လာ ၃၇. ၁ သန်း) တို့ဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ် (SOP) သတင်းလွှာ (၂/၂၀၁၈) ထုတ်ပြန်

(ယခင်တစ်ပတ်မှအဆက်)

**အခန်း(၃)**

**ရောင်းချမည့်ကုန်ပစ္စည်းအပေါ် ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏအတွက် အနိမ့်ဆုံးသတ်မှတ်ချက်**

၁၂။ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းမှတ်ပုံတင် ရရှိထားသည့်ကုမ္ပဏီများသည် အမိန့် ကြော်ငြာစာပါ ရောင်းချမည့် ကုန်ပစ္စည်းအပေါ် သတ်မှတ်ထားသော ကနဦးရင်းနှီးမြှုပ်နှံမှု ပမာဏအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပြီး၊ ကုမ္ပဏီအုပ်စုအမျိုးအစားအလိုက်ကနဦးရင်းနှီးမြှုပ်နှံမှုအတွက် အနိမ့်ဆုံးထည့်ဝင်ဆောင်ရွက်နိုင်သည့် သတ်မှတ်နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ် သည်-

(က) ကုမ္ပဏီအုပ်စု **က နှင့် ခ** သည် ရောင်းချမည့်ကုန်ပစ္စည်းအတွက် အနည်းဆုံးရင်းနှီး မြှုပ်နှံရမည့် ပမာဏမှာ မြေငှားရမ်းခမပါဝင်စေဘဲ အောက်ပါအတိုင်း ဖြစ်သည်-

| သတ်မှတ်ကာလ | ဖြည့်သွင်းရမည့် အနည်းဆုံးပမာဏ |
|---|---|
| လက်လီ/လက်ကားမှတ်ပုံတင်လျှောက်ထားသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း | ရောင်းချမည့်ကုန်ပစ္စည်းအပေါ်စုစု ပေါင်း ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ၏ အနည်းဆုံး ၅၀ % အား ပြည်ပမှ ပြည်တွင်း ဘဏ်တစ်ခုခုသို့ ဖြည့်သွင်းထားရမည်ဖြစ်ပြီး ယင်းဖြည့်သွင်းပြီးကြောင်း အထောက်အထား တင်ပြရန် |
| ဒုတိယနှစ် | ရောင်းချမည့်ကုန်ပစ္စည်းအပေါ်စုစု ပေါင်း ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ ၏ အနည်းဆုံး ၈၀ % အား ပြည်ပမှ ပြည်တွင်း ဘဏ်တစ်ခုခုသို့ ဖြည့်သွင်း ထားရမည်ဖြစ်ပြီး ယင်းဖြည့်သွင်းပြီး ကြောင်း အထောက်အထားကို လုပ်ငန်းလည်ပတ်မှု ဒုတိယနှစ်၏ နောက်ဆုံးလအတွင်း နောက်ဆုံးထား၍ တင်ပြရန် |
| တတိယနှစ် | ရောင်းချမည့် ကုန်ပစ္စည်းအပေါ် စုစုပေါင်း ကနဦးရင်းနှီးမြှုပ်နှံမှု ပမာဏ ၁၀၀ % အား ပြည့်မီရန် ကျန်ပမာဏအား ပြည်ပမှ ပြည်တွင်း ဘဏ်တစ်ခုခုသို့ ဖြည့်သွင်းထားရမည် ဖြစ်ပြီး ယင်းဖြည့်သွင်းပြီးကြောင်း အထောက်အထားကို လုပ်ငန်းလည်ပတ်မှုတတိယနှစ်၏ နောက်ဆုံးလအတွင်း နောက်ဆုံးထား ၍တင်ပြရန် |

(ခ) အကယ်၍ ကုမ္ပဏီအုပ်စု **ခ** သည် ပြည်တွင်းတွင် ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပြီး အဆိုပါထုတ်ကုန်များအပြင် ပြည်ပမှ ကုန်ပစ္စည်းများကိုပါ တင်သွင်းရောင်းချမည်ဆိုပါက ရောင်းချမည့်ကုန်ပစ္စည်းများအတွက် အနည်းဆုံးရင်းနှီးမြှုပ်နှံရမည့် ပမာဏမှာ မြေငှားရမ်းခ မပါဝင်စေဘဲ အောက်ပါအတိုင်းဖြစ်သည်-

| သတ်မှတ်ကာလ | ဖြည့်သွင်းရမည့် အနည်းဆုံးပမာဏ |
|---|---|
| လက်လီ/လက်ကား မှတ်ပုံတင်လျှောက်ထားသည့်နေ့မှ ရက် ၃၀ အတွင်းနှင့် ပထမနှစ်အတွင်း | လုပ်ငန်းစတင်လည်ပတ်ချိန်မှစ၍ ပထမနှစ်အတွင်း ရောင်းချမည့်ကုန်ပစ္စည်းအပေါ် စုစုပေါင်း ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ၏ အနည်းဆုံး ၅၀% ကို ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပြီး အောက်ပါ အတိုင်း နှစ်ခါခွဲ၍ ဖြည့်သွင်း ဆောင်ရွက်နိုင်သည်-<br>- အဆိုပါပမာဏအတွက် မှတ်ပုံတင်လျှောက်ထားချိန်တွင် လက်လီ/လက်ကားရောင်းချ ဖြန့်ဖြူးမည့် ပြည်တွင်းထုတ်ကုန်ပစ္စည်း၏ တန်ဖိုးဖော်ပြချက်အထောက်အထားနှင့်အတူ နိုင်ငံခြားကုမ္ပဏီများအတွက် သတ်မှတ်ထား သော ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ၏ အနည်း ဆုံး ၂၀ % အား ပြည်ပမှ ပြည်တွင်း ဘဏ် တစ်ခုခုသို့ လွှဲပြောင်း/ ဖြည့်သွင်းထားရမည်ဖြစ်ပြီး ယင်းလွှဲပြောင်း/ ဖြည့်သွင်းပြီးကြောင်း အထောက်အထားတင်ပြရန်၊ (ရက် ၃၀ အတွင်း) |

ဆက်လက်ဖော်ပြပါမည်။

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

■ ရွှေစင်ဦး ■

(ယခင်တစ်ပတ်မှအဆက်)

- အထူးအကောက်ခွန် ကင်းလွတ်ခွင့်အတွက် အရည်အချင်းပြည့်မီသော ကုန်စည်များအတွက်သာ ပင်ရင်းဒေသဆိုင်ရာ ဖော်ပြချက်များကို ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပြီး အထူးအကောက်ခွန် ကင်းလွတ်ခွင့်အစီအစဉ်တွင် ပါဝင်သော ကုန်စည်များအတွက် သီးသန့်ဖော်ပြထားသည့် ပင်ရင်းဒေသစည်းမျဉ်းများနှင့် ကိုက်ညီမှုရှိပါသည်ဟု တာဝန်ယူပါသည်။
- အထူးအကောက်ခွန် ကင်းလွတ်ခွင့်ရသော ကုန်စည်များအား ထုတ်လုပ်/ ရောင်းချခြင်း အတွက် သင့်လျော်သော ကုန်စည်ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာရင်းဇယားမှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းရန်နှင့် ၎င်းတို့အား ပင်ရင်းဒေသဖော်ပြချက်အား ဖြည့်စွက် ဆောင်ရွက်ခဲ့သော ပြက္ခဒိန်နှစ်၏ အဆုံးမှစ၍ အနည်းဆုံး (၃)နှစ်အထိ ထိန်းသိမ်းထားရန် တာဝန်ယူပါသည်။
- ပို့ကုန်တင်ပို့သူ မှတ်ပုံတင်အမှတ် ရရှိသည့်အခါ ၎င်း၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များတွင် အပြောင်းအလဲတစ်ခုခုရှိပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းထံ ချက်ချင်းအသိပေးပါမည်ဟု တာဝန်ယူပါသည်။
- သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ပါမည်ဟု တာဝန်ယူပါ သည်။
- ပင်ရင်းဒေသဆိုင်ရာ ဖော်ပြချက်များ တိကျမှန်ကန်မှုအပေါ် မည်သည့်စစ်ဆေးမှုမဆို ပြုလုပ်ခြင်းကို လက်ခံရန် တာဝန်ယူပါသည်။ စာရင်းဇယားမှတ်တမ်းများကို အတည်ပြု စစ်ဆေးခြင်း၊ စက်ရုံနေရာများသို့ ဥရောပကော်မရှင် (သို့မဟုတ်) အဖွဲ့ဝင်နိုင်ငံများမှ အာဏာပိုင်အဖွဲ့အစည်းများ လာရောက်စစ်ဆေးခြင်းနှင့် နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံတို့မှ အာဏာပိုင်အဖွဲ့အစည်းများ လာရောက်စစ်ဆေးခြင်းကို လက်ခံရန် တာဝန်ယူရမည်။ (အခွင့်အရေးခံစားခွင့်ရှိသည့် နိုင်ငံများရှိ ပို့ကုန်တင်ပို့သူများနှင့် သက်ဆိုင်သည်။)
- အထူးအကောက်ခွန်ကင်းလွတ်ခွင့် အစီအစဉ်နှင့် အကျုံးဝင်သော မည်သည့်ကုန်စည်ကို မဆို တင်ပို့ခြင်းအတွက် အခြေအနေများနှင့် ဆက်လက်ကိုက်ညီခြင်း မရှိတော့ပါက စနစ်အတွင်းမှ ၎င်းအား ဖယ်ရှားရန် တောင်းဆိုဖို့ တာဝန်ယူရမည်။

→ လက်မှတ်ရေးထိုးခြင်းဖြင့် ပို့ကုန်တင်ပို့သူသည် အထက်ဖော်ပြပါအချက်များ အားလုံးကို သဘောတူညီရာရောက် သည်။ (မဖြစ်မနေလုပ်ဆောင်ရန်)

နေရာ၊ ရက်စွဲ၊ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးသူ၏ လက်မှတ်၊ အမည်နှင့် ရာထူး

၆။ ပို့ကုန်တင်ပို့သူ၏ အချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်းကို ယင်းမတိုင်မီ အထူးသဖြင့် သဘောတူညီရမည်။

ယခင်ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်မှတစ်ဆင့် အများပြည်သူထံဖော်ပြသွားမည်ကို လက်မှတ်ရေးထိုးသူအား အသိပေးထားပါသည်။ လက်မှတ်ရေးထိုးသူသည် အဆိုပါ သတင်းအချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဖော်ပြသွားမည်ကို လက်ခံပါသည်။ လက်မှတ်ရေးထိုးသူသည် မှတ်ပုံတင်ခြင်းအတွက် တာဝန်ယူထားသည့် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းထံ တောင်းဆိုချက်ပေးပို့ခြင်းဖြင့် အဆိုပါသတင်းအချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဖော်ပြသွားမည်ကို သဘောတူညီမှုအား ဖယ်ရှားနိုင်ခွင့်ရှိသည်။

→ လက်မှတ်ရေးထိုးခြင်းဖြင့် ပို့ကုန်တင်ပို့သူသည်၎င်းရေးသွင်းထားသော အချက်အလက်များအားလုံးကို အများ ပြည်သူ ဆိုင်ရာ ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်းကို သဘောသူညီရာရောက်သည်။ (မဖြစ်မနေလုပ်ဆောင်ရန်မလိုပေ) အကယ်၍သဘောတူလက်မှတ်ရေးထိုးခြင်းမပြုပါက အမည်မသိအချက်အလက်တချို့ကိုသာလျှင်ဝက်ဘ်ဆိုက်တွင်ဖော်ပြမည်။

(ကိုးကား။ ။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

ဆက်လက်ဖော်ပြပါမည်။

# အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှု၊ တင်ပို့မှုနှင့်ကုန်သွယ်မှုအခြေအနေများ

(ယခင်တစ်ပတ်မှအဆက်)

**(ကေခိုင်ကျော်၊ နှစ်နိုင်ငံ)**

### သကြားကုန်သွယ်မှုမူဝါဒ

အိန္ဒိယနိုင်ငံတွင် ယခုနှစ် သကြားထုတ်လုပ်မှု ပိုလျှံခဲ့ခြင်းကြောင့် အိန္ဒိယအစိုးရအနေဖြင့် ပြည်တွင်းသကြားဈေးနှုန်း တည်ငြိမ်စေရန်၊ ဈေးသက်သာသော သွင်းကုန်များကို တားဆီးရန်၊ ပိုလျှံသကြားများကို ရှင်းလင်းနိုင်ရေး တွန်းအားပေးရန်၊ သကြားစက်များအတွက် ငွေလည်ပတ်မှု ကောင်းမွန်စေရန်နှင့် ကြွေးကျန်များကို လျှော့ချနိုင်ရေး တောင်သူများသို့ အချိန်မီ ငွေပေးချေနိုင်စေရန် ရည်ရွယ်၍ မူဝါဒများ ထုတ်ပြန် ခဲ့ပါသည်။

အဆိုပါ မူဝါဒများမှာ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှ မတ်လအထိနှစ်လအတွက် Stockholding Limit သတ်မှတ်ခြင်း၊ သကြား(ကုန်ကြမ်းနှင့် သကြားဖြူ ) တင်သွင်းမှုအား အကောက်ခွန် ၁၀၀ ရာခိုင်နှုန်းသို့ နှစ်ဆတိုးမြှင့်သတ်မှတ်ခဲ့ခြင်း၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် သကြားတင်ပို့မှုကို အကောက်ခွန် ၂၀ရာခိုင်နှုန်းမှ သုညရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ခြင်း၊ Minimum Indicative Export Quota (MIEQ) scheme အောက်မှ သကြားတန်ချိန် ၂ သန်း တင်ပို့ခဲ့ခြင်း၊ the Duty Free Import Authorization (DFIA) scheme အောက်မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအထိ သကြားအဖြူ တင်ပို့ခွင့်ပြုခဲ့ခြင်း (အဆိုပါ အစီ အစဉ်အရ သကြားတင်ပို့သူများကို သုံးနှစ်အတွင်း အခွန်ကင်းလွတ်ခွင့်ဖြင့် သကြားပြန်လည် တင်သွင်းခွင့်ပြုခြင်း)များ ဆောင်ရွက်ခဲ့ပါသည်။


### အိန္ဒိယနိုင်ငံမှပြည်ပသို့သကြားတင်ပို့ရောင်းချရန် ဆောင်ရွက်နေခြင်း

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား ဖြစ်ပေါ်နေသည့် ကုန်သွယ်မှု လိုငွေ ဘီလီယံ ၆၀ အား လျှော့ချနိုင်စေရန်အတွက် အိန္ဒိယဝန်ကြီးချုပ်၏ တရုတ်ခရီးစဉ်အပြီး ပထမဆုံးအနေဖြင့် အိန္ဒိယနိုင်ငံမှ ဘာစမာတီ အမျိုးအစား မဟုတ်သည့် ဆန်များကို တရုတ်က တင်သွင်းခွင့်ပြုခဲ့ပြီး၊ သကြားကုန်ကြမ်းသည် ဒုတိယမြောက် တင်သွင်းခွင့်ပြုသည့် ကုန်စည် ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယ အစိုးရသည် ပြည်တွင်းသကြားပိုလျှံမှု လျှော့ချရန်အတွက် သကြားတန်ချိန် ၁ဒသမ၅ သန်းအား တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေး ကမ်းလှမ်းဆွေးနွေးပွဲကို တရုတ်နိုင်ငံ၌ ဇွန်လ ၁ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါဆွေးနွေးပွဲတွင် အမေရိကန်ဒေါ်လာသန်း ၃၅၀ခန့် တန်ဖိုးဝန်းကျင်ရှိ အိန္ဒိယသကြားတန်ချိန် ၁ ဒသမ ၅ သန်း(သို့မဟုတ်) တစ်သန်းခန့်အား တရုတ်နိုင်ငံသို့ တင်သွင်းနိုင်ရေး ဖြစ်နိုင်ခြေများကို ဆွေးနွေးခဲ့ကြပါသည်။ အိန္ဒိယသကြားပို့ကုန်အတွက် တရုတ်နိုင်ငံတွင် အခွန် ၅၀ ရာခိုင်နှုန်း ကောက်ခံမည် ဖြစ်သော်လည်း တရုတ်နိုင်ငံရှိ သကြားဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက လုပ်သာကိုင်သာ ရှိနေသေးသည့် အခြေအနေဖြစ်ကြောင်းလည်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပြည်တွင်းလိုအပ်ချက် ပြည့်မီရန်အတွက် သကြား တန်ချိန် ၁ဒသမ၅ သန်းမှ နှစ်သန်းအထိ နှစ်စဉ် တင်သွင်းရလေ့ရှိရာ တရုတ်နိုင်ငံဘက်မှ မကြာမီထုတ်ပြန်မည့် သကြား တင်သွင်းခွင့် မူဝါဒသစ်ကို အိန္ဒိယသကြား လုပ်ငန်းရှင်များက စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေကြကြောင်း သိရှိရပါသည်။ အိန္ဒိယအနေဖြင့် တရုတ်သို့ ကုန်ကြမ်းသကြား (Raw Sugar) များကိုသာ တင်ပို့မည်ဖြစ်ကာ ပထမဆုံးသဘော်ာ တင်ပို့မှုကို အောက်တိုဘာ လလယ်ပိုင်းတွင် စတင်ဆောင်ရွက်ဖွယ်ရှိကြောင်းနှင့်တရုတ်သို့ သကြားတင်ပို့ရာ၌ အိန္ဒိယသည် ထုတ်လုပ်မှု ကုန်ကျစရိတ်ပိုနည်းသည့် ထိုင်း၊ ဘရာဇီးတို့နှင့်အပြိုင် တင်ပို့ရမည်ဖြစ်ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သကြားအဓိကတင်သွင်းသည့် နိုင်ငံများ (တန်ချိန်ထောင်ပေါင်း) ဂရပ်ပုံပါ**




**ရင်းမြစ်။ www. statista.com**

အိန္ဒိယနိုင်ငံသည် ယခုနှစ်တွင် သကြားတန်ချိန် ၇သန်းခန့် ပိုလျှံ နေပြီး၊ လာမည့်နှစ်တွင်လည်း မုတ်သုံရာသီ အားကောင်းမည်ဟု ခန့်မှန်းထားခြင်းကြောင့် သကြားများ ထပ်မံပိုလျှံလာနိုင်ကြောင်း ခန့်မှန်းထားပါသည်။ ပြည်တွင်း သကြားပိုလျှံမှုကြောင့် ဆုံးရှုံးမှုများကို လျှော့ချ နိုင်ရန်အတွက် အရှေ့အာဖရိကနှင့် သီရိလင်္ကာတို့မှတစ်ပါး တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်သို့လည်း သကြားတင်ပို့ရန် အိန္ဒိယက အင်တိုက်အားတိုက် ကြိုးစားနေကြောင်း သိရှိရပါသည်။ ထို့အပြင် အိန္ဒိယအစိုးရသည် ပြည်တွင်းဈေးကွက်၌ သကြားပိုလျှံနေမှုအား တတ်အားသရွေ့ ထိန်းညှိပေးနိုင်ရန်အတွက် သကြားတန်ချိန်သုံးသန်းခန့်အား ဝယ်ယူထားရှိရန် ဆုံးဖြတ်ခဲ့ကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

---

# ukd;ok,GfzlB&c,a&; avhmra&;c&DSnf...

# ukd;ok,Gflowif;tcsuftvufsm;

# မှန်ကန်စွာသိရှိစေဖို့

|မောင်လင်းအောင် (DOCA)|

ထို့နောက် ဩဂုတ် ၁၄ ရက်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ စားသုံးသူရေးရာဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူး၊ ပခုက္ကူခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ပခုက္ကူမြို့နယ်၊ ကိုင်းစံပြကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့်ဒေသခံတောင်သူ(၅)ဦးတို့လိုက်ပါလျက် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ရှိ လုပ်ငန်းရှင် ဦးအောင်နိုင်ဦး၏ နွားမွေးမြူရေးခြံ (အောင်ခေတ်စံကုမ္ပဏီ) သို့ သွားရောက်လေ့လာခဲ့ကြပါသည်။ ဦးအောင်နိုင်ဦးအနေဖြင့် နွားမွေးမြူရေးလုပ်ငန်းအား လွန်ခဲ့သော (၇)နှစ်မှစ၍ တောင်သူများအား နွားအကောင်ရေ(၂၀)ခန့် မွေးဖက်ပေးရာမှစ၍ မွေးမြူရေးလုပ်ငန်းအားကြိုးပမ်းလုပ်ဆောင်ခဲ့ပြီး လက်ရှိအခြေအနေတွင် နွားအကောင်ရေ(၈၀၀) ခန့်မွေးမြူထားရှိပြီး အကောင်ရေ ၂၀၀ ခန့်အား ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီဖြစ်ကြောင်းသိရှိရပေသည်။ နိုင်ငံတော်မှ ကျွဲ၊ နွား တရားဝင်တင်ပို့ခွင့်ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၉ ရက်တွင် ခွင့်ပြုပေးခဲ့သည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင်မွေးမြူကြသည့် ဒေသခံတောင်သူများအတွက် အကျိုးရလဒ်များစွာဖြစ်ထွန်းပါကြောင်း၊ ယခင်က မှောင်ခိုသွားနေသည့်အတွက် ဒေသခံတောင်သူများ နစ်နာမှုများဖြစ်ပေါ်ခဲ့ကြရပြီး ယခုအခါတွင် တရားဝင်တင်ပို့ခွင့်ပြု လိုက်သည့်အတွက် ဈေးနှုန်းအကျိုးအမြတ်များ များစွာရရှိပြီး ပိုမိုအဆင်ပြေကြကြောင်း သိရှိရပေသည်။ ယခင်တရားဝင် တင်ပို့ခွင့်မပြုသေးသည့်အချိန်၌ အဓိကအမြတ်ရသူမှာ ကုန်သည်များဖြစ်ပြီး တောင်သူများမှာ အနည်းအကျဉ်းသာ ရရှိပေသည်။ ယခု တရားဝင်တင်ပို့ခွင့်ပြုသည့်အချိန်၌ တောင်သူများမှာ ဈေးကောင်းရရှိပြီး ကုန်သည်များလည်း အသင့်အတင့် အမြတ်ရရှိကြကြောင်းသိရှိရပေသည်။ ထို့ပြင် မွေးမြူရေးခြံအတွင်း၌ နွားများကို စနစ်တကျမွေးမြူထားသည်ကို တွေ့ရှိရပြီး ၂၀၁၉ ခုနှစ်တွင် နွားအကောင်ရေ ၁၀၀၀ ပြည့်အောင်မွေးမြူနိုင်ရန် စီမံချက်ချထားကြောင်း သိရှိရပါသည်။ နွားမွေးမြူရေးခြံမှ နွားအကောင်ရေ ၂၀ အားစမ်းသပ်ကာလတစ်နှစ်အဖြစ် microchip များတပ်၍ ပြည်ပဈေးငွေရရှိရေးဆောင်ရွက်လျက်ရှိကြောင်းသိရှိရပေသည်။ ဒေသတွင်း၌ တိရစ္ဆာန်စမ်းသပ်စစ်ဆေးရေးဇုန်များ တည်ထောင်ရန်လိုအပ်ပြီး ဒေသတွင်း တစ်နိုင်တစ်ပိုင်မွေးမြူသူများထံမှ နွားများဝယ်ယူကာ ပြည်ပတင်ပို့ရန်လုပ်ဆောင်မည်ဖြစ်ကြောင်းလည်းသိရှိရပေသည်။ လက်ရှိအချိန်တွင် ကျွဲ၊နွားတင်ပို့သည့် ကုမ္ပဏီများမှာ ဖောင်းပွနေသည့်အတွက် ပြန်လည်စိစစ်ဖို့လိုအပ်ကြောင်း၊ ကုမ္ပဏီတစ်ခုလျှင် သားဖောက် နွားမအကောင် ၁၀၀ ခန့်မွေးမြူသင့်ကြောင်းလည်း အကြံပြုခဲ့ပါသည်။ တောင်သူများ၊ မွေးမြူရေးလုပ်ကိုင်လိုသူများကိုလည်း အောင်မြင်ဖြစ်ထွန်းစွာမွေးမြူနိုင်ရေး ဦးအောင်နိုင်ဦး အနေဖြင့် ကူညီလုပ်ကိုင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း သိရှိရပေသည်။ မွေးမြူရေးအပြင် စိုက်ပျိုးရေးလုပ်ငန်းအားတွဲဖက်လုပ်ကိုင်သည့်အနေဖြင့် စိုက်ဧက ၂၅၀ တွင် အာလူး၊ ပြောင်း၊ ကြက်သွန်နီ စသည်တို့ကိုလည်း စိုက်ပျိုးသည့်အတွက် များစွာအကျိုးဖြစ်ထွန်းပြီး စိုက်ပျိုးချိန်တွင် ဒေသခံပြည်သူ ၁၀၀ ကျော်အား အလုပ်အကိုင် ပေးနိုင်ကြောင်း၊ နွားများအတွက်လိုအပ်သော အစာများဖြစ်သည့် ကောက်ရိုး၊ ပဲရိုး၊ ပဲခွံ အစရှိသည့် လယ်ယာထွက်ကုန် စွန့်ပစ်ပစ္စည်းများအားဝယ်ယူထားရှိသည့်အတွက် ဒေသခံတောင်သူများအနေဖြင့် လယ်ယာထွက်စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်စရာမလိုဘဲ အပိုဝင်ငွေများရရှိကြောင်းလည်း သိရှိရပေသည်။ ထို့နောက် ပွင့်ဖြူမြို့နယ်မှ ကျွဲမွေးမြူရေးလုပ်ကိုင်သူ ဦးကျော်လင်းခိုင်(ပြည့်အောင်ကျော်ကုမ္ပဏီ)ကလည်း ကျွဲမွေးမြူထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြ ပါသည်။ ဦးကျော်လင်းခိုင်က မိမိတို့ ဒေသခံတောင်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် ခိုင်းသည့် ကျွဲ၊ နွားများအပြင် သားပေါက်ရန် ကျွဲနွားအမများကိုပါ တွဲဖက်မွေးမြူကြသည့်အတွက် ခိုင်းကျွဲနွားများ ရှားပါးမှုမဖြစ်နိုင်ကြောင်းကိုလည်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ၊ ပခုက္ကူမြို့နယ် ကိုင်းစံပြကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် လေ့လာရေးလိုက်ပါလာသူ တောင်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြပြီး နွားမွေးမြူရေးခြံ အတွင်းလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပါသည်။

ဆက်လက်၍ ညနေ (၄း၀၀) အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် လေ့လာရေးအဖွဲ့သည် ပခုက္ကူမြို့နယ်၊ မီးသွေးကန်ကျေးရွာရှိ ကွင်းအမှတ် (၃၃၆)၊ ဦးပိုင်အမှတ်(၂၅)၊ (၁၁)၊ (၂၆။ ၂) တွင် APK Co.Ltd ကဆောင်ရွက်နေသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်မွေးမြူရေးကုမ္ပဏီ လုပ်ငန်းအင်အားစု ကုမ္ပဏီအစုအဖွဲ့ ရုံးခန်းသို့ရောက်ရှိပြီး မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ပခုက္ကူမြို့နယ်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်မွေးမြူရေးဇုန် အကောင်အထည်ဖော်နိုင်ရေးနှင့် နယ်စပ်ကုန်စည်ဒိုင် အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ကုမ္ပဏီအနေဖြင့် နွားအကောင်ရေ ၂၀၀ ခန့်၊ ဆိတ်အကောင်ရေ ၁၈၀ ခန့် မွေးမြူထားရှိပြီး ပြည်ပသို့အကောင်ရေ ၄၀၀ ခန့် တင်ပို့ပြီးဖြစ်ကြောင်းသိရှိရပေသည်။ ထို့နောက် မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပါသည်။ ဤသို့ဖြင့် ကုန်သွယ်မှု တိုးတက်စေရေးနှင့် ကျွဲ၊ နွား ပြည်ပသို့တင်ပို့နှင့် ပတ်သက်၍ ဒေသခံများ ကုန်သွယ်မှုသတင်းအချက်အလက်များ မှန်ကန်စွာ သိရှိစေရေး ဆွေးနွေးပွဲနှင့် မွေးမြူရေးလုပ်ငန်းများသို့ လေ့လာရေးခရီး အောင်မြင်စွာပြီးမြောက်ခဲ့လေသည်။

■

# ဗီယက်နမ်နိုင်ငံသည် ကော်ဖီထုတ်ကုန်တန်ဖိုးအား မြှင့်တင်ရန်ဆောင်ရွက်နေ

ဗီယက်နမ်နိုင်ငံရှိ အလယ်ပိုင်းကုန်းမြင့်ဒေသတစ်ခုဖြစ်သော Dak Lak စီရင်စုသည် နိုင်ငံ၏ အဓိကကော်ဖီစိုက်ပျိုးသည့် ဒေသတစ်ခု ဖြစ်သော်လည်း ယင်းဒေသ၏ ကော်ဖီထုတ်လုပ်မှုသည် နိုင်ငံအတွင်း ကော်ဖီစေ့ထုတ်လုပ်မှု စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်သာ ရှိပါသည်။

ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအောက်ရှိ ထုတ်လုပ်မှုနှင့် ဈေးကွက်ဖွံ့ဖြိုး တိုးတက်ရေး အာဏာပိုင်က ၂၀၂၀ ခုနှစ်တွင် Dak Lak စီရင်စု၏ ကော်ဖီစေ့ထုတ်လုပ်မှုကို ၂၅ ရာခိုင်နှုန်းကျော်အထိ ပိုမိုထုတ်လုပ်ခြင်းဖြင့် နိုင်ငံ၏ကော်ဖီထုတ်ကုန်များ၏ တန်ဖိုးကို တိုးမြှင့်လုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် အဓိကအားဖြင့် ပြည်တွင်းတွင် ရောင်းချရန်အတွက် လက်ရှိအချိန်တွင် လှော်ပြီးသား ကော်ဖီထုတ်လုပ်မှုတန်ချိန် ၂၆၀၀၀ ရှိရာမှ ၂၀၂၀ ခုနှစ်တွင် တန်ချိန် ၅၀၀၀၀ အထိ တိုးမြှင့် ထုတ်လုပ်ရန် မျှော်မှန်းထားပါသည်။

အဆိုပါဝန်ကြီးဌာနသည် အထူးသဖြင့် အလယ်ပိုင်းကုန်းမြင့်ဒေသ၊ အရှေ့တောင်ပိုင်းဒေသနှင့် မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသများရှိ ကော်ဖီစိုက်ပျိုးသည့် ဒေသများကို နှစ်စဉ် အသင့်သောက်သုံး ကော်ဖီထုတ်လုပ်မှု တန်ချိန် ၅၅၀၀၀ ခန့်အထိ အဆင့်မြင့်နည်းပညာ အသုံးပြု၍ ထုတ်လုပ်ကြရန် အားပေးဆောင်ရွက် နေပါသည်။

Dak Lak စီရင်စု၏ ကော်ဖီစေ့ထုတ်လုပ်မှုသည် နိုင်ငံ၏ စုစုပေါင်း ကော်ဖီစေ့ ထုတ်လုပ်မှုတွင် ရာခိုင်နှုန်း ပါဝင်မှု အတော်အသင့် သာရှိသော်လည်း နိုင်ငံ၏ကော်ဖီထုတ်လုပ်မှုကဏ္ဍတစ်ခုလုံးရှိ ထုတ်လုပ်မှု တန်ဖိုးတွင် လေးပုံတစ်ပုံရှိမည့်ပို့ကုန်နှင့် ပြည်တွင်းရောင်းချမှုများမှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ထိရရှိလာမည်ဟု မျှော်မှန်းထားပါသည်။ ဝန်ကြီးဌာနက ဤအခြေအနေသည် ထုတ်ကုန်တန်ဖိုးမြှင့်တင်ရန် ဆောင်ရွက်ခြင်းမှတစ်ဆင့်ကော်ဖီထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်အား ပေးနိုင်မည်ဟု ပြောကြားပါသည်။

ဗီယက်နမ်အစိုးရသည် ကော်ဖီတင်ပို့သည့် လုပ်ငန်းများအား ၎င်းလုပ်ငန်းများမှ ဝန်ထမ်းများကို စွမ်းဆောင်ရည်နှင့် အင်္ဂလိပ်စာ အရည်အချင်းတိုးတက်စေရန် သင်တန်းများ ပြုလုပ်ပေးခြင်းအပြင် ပြပွဲများ၊ အပြည်ပြည်ဆိုင်ရာ ကော်ဖီအလုပ်ရုံ ဆွေးနွေးပွဲများတွင် ပါဝင် တက်ရောက်စေခြင်း၊ ကော်ဖီထုတ်လုပ်သည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဆောင်ရွက်ခြင်း၊ ဖက်စပ်လုပ်ငန်းများ တည်ထောင်ခြင်း၊ supply chain တစ်ခုလုံးတွင် ပါဝင် ဆောင်ရွက်လာနိုင်စေရန်တို့အတွက် ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

Dak Lak စီရင်စု၏ ကော်ဖီထုတ်လုပ်မှုသည် ကော်ဖီစေ့ တစ်တန်၏ တန်ဖိုးကို ဗီယက်နမ်ဒေါင် သန်း ၇၀ မှ သန်း ၁၀၀ (အမေ ရိကန်ဒေါ်လာ ၃၀၀၄ မှ ၄၂၉၁) အထိ အမြင့်ဆုံး တန်ဖိုးထပ်တိုးမှု ကိုဖြစ်ပေါ်စေမည်ဟု သိရှိရပါသည်။

သို့သော်လည်း လက်ရှိတွင် တစ်နိုင်ငံလုံး စုစုပေါင်း ကော်ဖီ ထုတ်လုပ်မှုတန်ဖိုးတွင် ၁၀ ရာခိုင်နှုန်းထက် လျော့နည်းနေပါသည်။ ဗီယက်နမ်နိုင်ငံသည် တစ်နှစ်လျှင်တန်ချိန် ၃၆၄၈၀ ထုတ်လုပ်နိုင်သော အသင့်သောက်သုံးနိုင်သည့် ကော်ဖီထုတ်စက်ရုံ (၈)ခုနှင့် တန် ချိန် ၁၃၉၈၅၀ ထုတ်လုပ်နိုင်သော အသင့်သောက်သုံးနိုင်သည့် အရောကော်ဖီထုတ်စက်ရုံ (၁၁)ခုသာ ရှိပါသည်။ သို့ရာတွင် ဗီယက်နမ်နိုင်ငံသည် လှော် ပြီးသား ကော်ဖီထုတ်လုပ်သော အသေးစားစက်ရုံများ ရာနှင့်ချီ၍ ရှိပါသည်။ Dak Lak စီရင်စုတွင် နိုင်ငံခြားကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသော စက်ရုံငါးခု အပါအဝင် အသေးစားထုတ်လုပ်သော ကော်ဖီစက်ရုံ ၁၆၃ ရုံရှိပါသည်။

၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် Dak Lak စီရင်စုသည် အသင့်သောက် ကော်ဖီတန်ချိန် ၄၄၂၆ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၈ ဘီလီယံခန့် ဝင်ငွေရရှိခဲ့ပြီး စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၆ဒသမ၅ ရာခိုင်နှုန်းနှင့် စုစုပေါင်းထွက်ကုန်၏ ၂ဒသမ ၂ရာခိုင်နှုန်းထိ စာရင်းဝင်ခဲ့ပါသည်။

လက်ရှိအချိန်တွင် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သည့် ကော်ဖီ စိုက်ပျိုးမြေ ၆၀၆၉၃၈ ဟက်တာ အပါအဝင် တစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ပျိုးမြေ ၆၆၄၆၃၃ ဟက်တာကျော်ရှိပြီး၊ ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၄၀၀၀ ဟက်တာ ပိုမိုစိုက်ပျိုးလာပါသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ကော်ဖီစေ့ တန်ချိန် ၁ဒသမ ၅၂၉ ဘီလီယံ ရိတ်သိမ်းခဲ့ပြီး အများစုမှာ အလယ်ပိုင်းကုန်းမြင့်ဒေသများမှ ဖြစ်ပါသည်။ **ညီဝင်းဇော်**



# ကုန်သွယ်ရေးစစ်ပွဲများဆီသို့ နီးကပ်လာဖြင့် ရင်းနှီးမြှုပ်နှံသူများ စိုးရိမ်လာ

ဘေဂျင်းရုံးရှိ Ever Bright Sun Hung Kai ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီမှ ခေါင်းဆောင်ဖြစ်သူ Jonas Short သည် အငြင်းပွားနေသည့် ဆက်ဆံရေးနှင့် အပြန်အလှန်ဆက်ဆံရေးတင်းမာမှု မြင့်တက်လာခြင်းသည် နှစ်နိုင်ငံ ကုန်သွယ်မှုအတွက် အထောက်အကူပြုမည်မဟုတ်ဟု ပြောကြားခဲ့သည်။ ယခုနှစ် အစောပိုင်းတွင် ထရမ့်သည် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ကုန်စည်များ၏ အမေရိကန်ဒေါ်လာ ၂၀၀ဘီလီယံအပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံရန် အဆိုပြုခဲ့ကြောင်း၊ သမ္မတထရမ့်၏ အကြံပေးပုဂ္ဂိုလ်များသည် နိုင်ငံခြားကုမ္ပဏီများအတွက် တရုတ်ဈေးကွက် ဖွင့်လှစ်ရန် ကြိုးပမ်းနေပြီး တရုတ်နိုင်ငံနှင့် နှစ်စဉ်ကုန်သွယ်ရေးလိုငွေပြမှု ဒေါ်လာ ၃၄၀ ဘီလီယံထိ မြင့်တက်လာသည့်အပေါ် မမျှတသည့် အစိုးရထောက်ပံ့စရိတ်များကို လျှော့ချရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

တရုတ်စီးပွားရေး ပညာရှင်ဖြစ်သူ Julian Evans-Pritchard က အမေရိကန်ဘက်မှ အကောက်ခွန်များကို စတင်ကောက်ခံဆောင်ရွက်သည့် အချိန်မှစ၍ လာမည့်လများတွင် တရုတ်နိုင်ငံမှ ပို့ကုန် တိုးတက်မှုနှုန်းသည် ငြိမ်သက်လာမည်ဟု မျှော်လင့်ပါကြောင်း ဆိုသည်။

တရုတ်နိုင်ငံ၏ ပို့ကုန်တိုးတက်မှုနှုန်းကို လေ့လာကြည့်ပါက မေလတွင် ၁၂ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ပြီး ဇွန်လတွင် ၁၁ဒသမ ၃ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ခြင်းအားဖြင့် တဖြည်းဖြည်း ကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ ကုန်စည်များတင်ပို့ရာတွင် ကြုံတွေ့ရသည့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို ရင်ဆိုင်ရခြင်းကြောင့်ပင်ဖြစ်သည်ဟု လေ့လာသုံးသပ်သူများမှ ထောက်ပြ ပြောဆိုခဲ့သည်။

တရုတ်နိုင်ငံမှ အမေရိကန်သို့ တင်သွင်းသည့် ကုန်စည်များ၏ စုစုပေါင်းပမာဏနီးပါးဖြစ်သည့် အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံထက် ပိုမို အခွန်စည်းကြပ်သွားမည်ဟု ဝါရှင်တန်မြို့တော်မှ သတိပေးခဲ့ပြီး တရုတ်နိုင်ငံမှ ပြန်လည်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်မှ တင်ပို့သည့် ကုန်ပစ္စည်းများ၏ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးအပေါ် ထပ်တိုးအခွန်ကောက်ခံခြင်းနှင့် အမေရိကန် ဒေါ်လာ ၂၀၀ ဘီလီယံ တန်ဖိုးအပေါ် အခွန်ခြိမ်းခြောက်မှုများကို ပြန်လည်တုံ့ပြန်ခဲ့သည်။

အပြန်အလှန် အငြင်းပွားမှုများသည် ကမ္ဘာ့စီးပွားရေးတွင် ကုန်သွယ်ရေးစစ်ပွဲများကို နီးကပ်လာစေပြီး ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဈေးကွက်ကို လွှမ်းခြုံလျက်ရှိပါကြောင်း၊ International Monetary Fund ၏ Managing Director ဖြစ်သူ Christine Lagarde သည် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့်ကုန်သွယ်ရေး တင်းမာမှုများနှင့် စပ်လျဉ်း၍ သတိပေးခဲ့ပါကြောင်း၊ ပြီးခဲ့သည့် လကုန်ပိုင်းတွင် တရုတ်စတော့ ဈေးကွက်သည် ကျဆင်းခဲ့ပြီး ယွမ်ဈေးကွက်မှာလည်း ကျဆင်းခဲ့သည်ကို တွေ့ရှိရပါကြောင်း သိရှိရသည်။ **လွင်မျိုးဇော်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ဟောင်ကောင်)တွင် Hairy Crab ရောင်းရန်အတွက် အစားအသောက်နှင့် သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေး ဦးစီးဌာန၏ ထောက်ခံချက်လို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ဟောင်ကောင်) မှ ၎င်းနိုင်ငံ၏ စားသုံးသူများ အစားအသောက် ဘေးကင်းလုံခြုံစေရန် ရည်ရွယ်ချက်နဲ့ Eriocheir မျိုးနွယ်စုဝင် Hairy Crab များအား အရှင်လိုက်၊ အေးခဲ၍ တင်ပို့ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြောင်းတဲ့ Notification ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Committee on Sanitary and Phytosanitary Measures သို့ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် အသိပေး ထုတ်ပြန်ခဲ့ပါတယ်။

အဆိုပါ Notification တွင် ဖော် ပြထားရှိချက်အရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (ဟောင်ကောင်) သို့ Eriocheir မျိုးနွယ်စုဝင် Hairy Crab များ အား ရောင်းချရာတွင် Food Business Regulation ၏(Chapter 132X) ပါ စည်းမျဉ်းစည်းကမ်းအရ အစားအသောက်နှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်ဖြစ်ပြီး အကယ်၍ ခွင့်ပြုချက် မပါရှိပါက ကန့်သတ်ထားသော အစားအသောက်များကို ရောင်းချခွင့်ပြုမည် မဟုတ်ပါကြောင်းနှင့် အဆိုပါကန့်သတ်ထားသော အစားအသောက်များထဲ တွင် အခွံမာငါး (shell fish) လည်း ပါဝင်ကြောင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ Hairy Crab သည် Shell fish (အခွံမာငါး) အမျိုးအစားတွင် ပါဝင်ပြီး အစားအသောက်နှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး ဦးစီးဌာန၏ ထောက်ခံချက် ရရှိထားမှသာလျှင် ၎င်းနိုင်ငံအတွင်းတွင် ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

ထိုကဲ့သို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (ဟောင်ကောင်) မှ Hairy Crab ရောင်းချခြင်းအတွက် Notification ထုတ်ပြန်ခဲ့ခြင်းသည် ကုန်သွယ်ဘက် အဖွဲ့ဝင်နိုင်ငံများအားလုံး (All Trading Partners) အတွက် အစားအသောက် ဘေးကင်းလုံခြုံစေရန် ရည်ရွယ်ပြီး Codex Standard နှင့်အညီ သတ်မှတ်ခဲ့ခြင်း ဖြစ်တယ်လို့ သိရှိရပါတယ်။ အဆိုပါ Notification ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှစတင်၍ ပြောင်းလဲကျင့်သုံးသွားမယ်လို့ သိရှိရပါတယ်။

မိမိတို့နိုင်ငံမှ စိုက်ပျိုး ထုတ်လုပ်သူတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ပြည်ပတင်ပို့သူများအနေနဲ့ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ သိရှိလိုပါက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ website www.wto.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းကို အသိပေးအပ်ပါတယ်။

**ဇင်မာမြင့် (WTO)**

## AYEYAR HINTHAR TRADING CO., LTD.




**No. 531, Lower Kyeemyindaing Road,**
**Room No. 1104, 1105, 1106, Ye Ta Khon Tower,**
**Kyeemyindaing Township, Yangon, Myanmar.**
**Tel : 01-508232~34**

## Han Myanmar Co., Ltd.

### နှမ်းမျိုးစုံရောင်းဝယ်ရေး



No.(69), Phone Gyi Street, Lanmadaw Township, Yangon.
Ph : 09 974902788, 09 964902799

## Than Htike Aung

## သန်းထိုက်အောင်

Roofing, Colour Plain Sheet, Cement, Hollow Pipe & Building Materials Trading




အမှတ် (ဒီ-၅၂၊၅၃)၊ ရေတာမာလမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း - ၀၁-၆၈၀၄၄၄၊ ၆၈၂၃၀၈၊ ၆၈၃၆၁၀၈၊ ၀၉ ၅၁၁၂၈၄၇၊ ၀၉ ၇၇၃၂၀၅၆၁၅၊ ၀၉ ၅၁၀၆၇၂၀၊ ၀၉ ၅၀၃၀၂၇၅
စက်ရုံ - အမှတ် (၆၉)၊ ငွေပင်လယ်စက်မှုဇုန်၊ ဖုန်း - ၀၁-၆၁၃၉၀၆၊ ၀၉၇၃၁၆၆၀၆၆၊ ၀၉၅၁၀၇၂၇၇

## PPC

Property People Connection

**Under Management of Established Company**
**" PPC Group of Companies" in Singapore**



### Property Services

- Property Management
- M & E Services
- Cleaning
- Security

### Renovation Service

- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services

### Real Estate Services

- Leasing, Purchasing & Selling

No.19, 4th Floor, Innwa Road, Kyauk Myaung Gyi Quarter, Tamwe Township, Yangon, Myanmar.
Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

T Home

# LUXURY CURVED TV



Full HD 1920x1080

DVB T2

DOLBY DIGITAL

- 180° ရှုထောင့်ပေါင်းစုံမှ ကြည့်ရှုနိုင်သော မှန်ကွေး
- သဘာဝကျသောရုပ်ထွက်
- ကြည်လင်ပြတ်သားသော အသံစနစ်

Wai Yan Electronics ဆိုင်များနှင့် အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ် ဆိုင်များတွင် ရရှိနိုင်ပါသည်။

+959-9-974005522

facebook.com/thomeelectronics

ASAHI EITO

IS BROUGHT TO YOU FROM JAPAN BY

## LION FAMILY CO., LTD



**Bldg C, Rm 304, 3rd Flr, Shwe Gon Daing Rd, Aung Chan Thar Housing, Bahan Township, yangon**

**PH : 01401236, 09253818234 Email : lionfamilycoolingjel@gmail.com**

# COMMERCE INTERNATIONAL

## ဒေတာအချက်အလက်များနှင့်ပတ်သက်၍ စိုးရိမ်မှုကြောင့် အပလီကေးရှင်းများစွာကို ဖေ့စ်ဘုတ်ကရပ်ဆိုင်း

လူအများ၏ ကိုယ်ရေးအချက်အလက်များကို မှန်ကန်စွာ မျှဝေပေးခြင်း ရှိ၊ မရှိ အပလီကေးရှင်း ထောင်ပေါင်းများစွာကို စုံစမ်းစစ်ဆေးပြီး နောက် ၎င်းတို့ထဲမှ ၄၀၀ ကျော်ကို ယာယီရပ်ဆိုင်းခဲ့ကြောင်း ဖေ့စ်ဘုတ်ကုမ္ပဏီက ဩဂုတ် ၂၂ ရက်တွင်ကြေ ညာသည်။

အပလီကေးရှင်းများကို တည်ဆောက်သူများနှင့်ပတ်သက်၍ လည်းကောင်း၊ ရွေးချယ်ထားသော သတင်းအချက်အလက်များအား အပလီကေးရှင်းကို အသုံးပြုမျှဝေမှုနှင့်ပတ်သက်၍ လည်းကောင်း စိုးရိမ်မှုများကြောင့် အပလီကေးရှင်းများစွာကို ရပ်ဆိုင်းခဲ့ရကြောင်း ထုတ်ကုန်ပူးပေါင်းဆောင်ရွက်ရေး ဒုတိယဥက္ကဋ္ဌ အိုင်မီအာချီဘောင်းကပြောသည်။



လူမှုကွန်ရက်တွင် ပါဝင်သော အပလီကေးရှင်းများကို ပိုမို၍ စေ့စပ်စွာစစ်ဆေးခဲ့ကြောင်း အာချီဘောင်းကပြောသည်။ ဒေတာအချက်အလက်များနှင့်ပတ်သက်၍ Cambridge Analytica ဟုခေါ်သော အရှုပ်တော်ပုံ ပေါ်ပေါက်ခဲ့ပြီးနောက် ဖေ့စ်ဘုတ်က မတ်လတွင် အပလီကေးရှင်းယူနစ်ကို စတင်ဖွဲ့စည်းခဲ့သည်။

၂၀၁၆ ခုနှစ် ရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်း ဒေါ်နယ်ထရမ့်အတွက် အလုပ်လုပ်ပေးသည်ဟုဆိုသော Cambridge Analytica ၏ လုပ်ရပ်ကြောင့် ဒေတာများကို ခိုးယူခြင်းခံခဲ့ရသော ဖေ့စ်ဘုတ်အသုံးပြုသူမှာ ၈၇ သန်းအထိ ရောက်ရှိခဲ့ကြောင်း ဖေ့စ်ဘုတ်ကဝန်ခံထားသည်။ စာရင်းစစ်ဆေးခြင်းကို လက်ခံရန်ငြင်းဆိုခြင်းနှင့် သုတေသီများနှင့် ကုမ္ပဏီများ၏ သတင်းအချက်အလက်များကိုမျှဝေရာတွင် ကာကွယ်မှုကို အကန့်အသတ်ဖြင့်သာနေသည်ကို ရှင်းလင်း ပြတ်သားစွာတွေ့ရခြင်းတို့ကြောင့် ဖေ့စ်ဘုတ်က my Personality အပလီကေးရှင်းကို ပိတ်ပင်ခဲ့ကြောင်း အာချီဘောင်းက ပြောသည်။

၂၀၁၂ ခုနှစ်ကတည်းက တွင်ကျယ်စွာအသုံးပြုလာသော my Personality နှင့် သတင်းများကို ဖလှယ်လျက်ရှိသော လူမှုကွန်ရက်အဖွဲ့ဝင်လေးသန်းခန့်ကို သတိပေး အကြောင်းကြားသွားရန်ဖေ့စ်ဘုတ်ကစီစဉ်လျက်ရှိကြောင်း အာချီဘောင်းက ပြောသည်။

Cambridge Analytica အရှုပ်တော်ပုံ ပေါ်ပေါက်ပြီးချိန်မှစ၍ ဖေ့စ်ဘုတ်က အပလီကေးရှင်း ဒေတာမျှဝေသည့် မူဝါဒများကို ပြန်လည် ပြုပြင်ခဲ့သည်။

"ကျွန်တော်တို့က အပလီကေးရှင်းတွေကို စုံစမ်းထောက်လှမ်းသွားမှာပါ။ ပြီးတော့ လူများစုရဲ့ သတင်းအချက်အလက်ကို ကာကွယ်နိုင်ဖို့အတွက် ကျွန်တော်တို့ အတတ်နိုင်ဆုံး ကာကွယ်သွားမှာပါ "ဟု အာချီဘောင်းက ပြောသည်။

ယခင်လက အသုံးပြုသူများ၏ ဒေတာတွေကို ကာကွယ်ရန် ပျက်ကွက်မှုအတွက် ဖေ့စ်ဘုတ်ကို ပေါင်ငါးသိန်း ဒဏ်ရိုက်ခဲ့ကြောင်းနှင့် ယခုဆောင်ရွက်မှုမှာ ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂမှ ခွဲထွက်ရေးဆန္ဒခံယူပွဲမတိုင်မီ ပုဂ္ဂိုလ်ရေး သတင်းအချက်အလက်များ အလွဲသုံးစား အသုံးပြုမှု ရှိမရှိ စုံစမ်းစစ်ဆေးမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ဒေတာကြီးကြပ်ရေးအဖွဲ့က ပြောသည်။

## အမေရိကန်-မက္ကဆီကို ကုန်သွယ်ရေးဆွေးနွေးပွဲ တိုးတက်သော်လည်း တရုတ်နှင့်ဆွေးနွေးပွဲမတိုးတက်



၂၅ နှစ်နီးပါး ကြာမြင့်အောင် ဆွေးနွေးခဲ့ရသော မြောက်အမေရိကလွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ် (NAFTA) ကို ပြင်ဆင်ရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံတို့၏ စေ့စပ်ညှိနှိုင်းမှုများမှာ တိုးတက်မှုများ ရှိသော်လည်း ယခုရက်သတ္တပတ်အတွင်း အပြီးသတ်ဆောင်ရွက်နိုင်ဦးမည် မဟုတ်ကြောင်း ဩဂုတ် ၂၃ ရက်က မက္ကဆီကိုစီးပွားရေးဝန်ကြီး အိုင်ဒယ်ဖွန်ဆိုဂွာဂျာဒို၏ ပြောကြားချက်ကို အေအက်ဖ်ပီသတင်းတွင်ဖော်ပြသည်။

သို့သော်လည်း အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ ကုန်သွယ်မှုစစ်ပွဲ မဖြစ်အောင် ဆောင်ရွက်ရန် ဝါရှင်တန်သို့ရောက်ရှိနေသော တရုတ်ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့မှာ တိုးတက်မှုတစ်စုံတစ်ရာ မရရှိဘဲ ပြန်လည်ထွက်ခွာခဲ့ရသည်။

NAFTA သဘောတူစာချုပ် ချုပ်ဆိုရေးနှင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေး သဘောတူစာချုပ် ချုပ်ဆိုရေးတို့မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ သဘောထားပြင်းထန်သော ကုန်သွယ်ရေး မဟာဗျူဟာအတွက် အဓိကရည်မှန်းချက်များဖြစ်ပြီး ထိုရည်မှန်းချက်ကြောင့် အမေရိကန်စီးပွားရေးကို ထိခိုက်လာမည်ကို စီးပွားရေးလုပ်ငန်း အသိုင်းအဝိုင်းက စိုးရိမ်လျက်ရှိသည်ကို ထရမ့်က ဖြေရှင်းပေးနေရသည်။

NAFTA နှင့် ပတ်သက်၍မူ တိုးတက်မှုရှိသည်ဟု ဆိုနိုင်သည်။ စေ့စပ်ညှိနှိုင်းမှုများ ကောင်းစွာတိုးတက်နေသော်လည်း အပြီးသတ်ချုပ်ဆိုနိုင်သည့်အဆင့်သို့ မရောက်သေးကြောင်း ဂွာဂျာဒိုက ပြောသည်။

NAFTA သဘောတူစာချုပ်ကို အပြီးသတ်ရေးသားခြင်း မပြုမီဆွေးနွေးပွဲများ၌ ကနေဒါပြန်လည်ပါဝင်ရန်လိုကြောင်းနှင့် အောင်မြင်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ရက်သတ္တပတ် အကုန်အထိ သို့မဟုတ် နောက်ရက်သတ္တပတ်အထိ ဆက်လက်ဆွေးနွေးရေးဖြစ်ကြောင်း သူက ပြောသည်။

Be green, Keep our planet clean
စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော
ကမ္ဘာမြေကိုစောင့်ရှောက်စို့။

## စီးပွားရေးလုပ်ငန်းများ တရားမျှတစွာ ဆောင်ရွက်နိုင်အောင် ကုလသမဂ္ဂကကူညီ

ကုလသမဂ္ဂ၏ အစီအစဉ်အရ တရားမျှတမှု ရှိသော စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်တစ်ရပ်ကို ထူထောင်နိုင်အောင် အာဆီယံဒေသတွင်းရှိ အစိုးရများအားကူညီလျက်ရှိကြောင်း နေးရှင်းသတင်းတွင် ဖော်ပြသည်။

အာဆီယံ ဒေသတွင်း တရားမျှတသော စီးပွားရေးဝန်းကျင်မြှင့်တင်ရေး စီမံကိန်းကို ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) က ဩဂုတ် ၂၃ ရက်က စတင်ဆောင်ရွက်ခဲ့ပါတယ်။

စီမံကိန်းအရ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများတွင် ပွင့်လင်းမြင်သာသော စနစ်များကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်း အလေ့အကျင့်များကို တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ယန္တရားကို ခိုင်မာအောင်ဆောင်ရွက်ခြင်းတို့ဖြင့် ဒေသတွင်းမှာ တရားမျှတသော စီးပွားရေးဝန်းကျင်ကို ထူထောင်သွားရန် စီမံကိန်းက ရည်ရွယ်ထားသည်။ စီမံကိန်းတွင် ထိုင်း၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။

"အာဆီယံ စီးပွားရေးအသိုက်အဝန်းက လောလောဆယ် ကမ္ဘာပေါ်မှာ သတ္တမမြောက် အကြီးဆုံး စီးပွားရေးအုပ်စုဖြစ်ပြီး စုစုပေါင်း ဂျီဒီပီတိုးတက်နှုန်းက လာမယ့်လေးနှစ်အတွင်းမှာ သုံး ရာခိုင်နှုန်းကနေ ရှစ်ရာခိုင်နှုန်းအထိ တိုးတက်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီအခြေအနေက ဒေသတွင်းမှာရှိတဲ့ ပြည်သူတွေကို ဆင်းရဲတွင်းမှ ကယ်ထုတ်ဖို့အတွက် ကြီးမားတဲ့ အလားအလာတွေ အများကြီးကိုကိုယ်စားပြုနေပြီး ဒီလိုစီးပွားရေးဖွံ့ဖြိုးအောင်ဆောင်ရွက်ရာမှာ ဘယ်သူမှနောက်ကျကျန် မနေစေဖို့အတွက် အလုံးစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့လိုပါတယ်"ဟု အာရှ ပစိဖိတ်ဒေသအတွက် ဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး ဗလာရီကလစ်ကပြောသည်။

ဒေသဆိုင်ရာ စီမံကိန်းကို စတင်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ ပုဂ္ဂလိက ကဏ္ဍအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းကို တိုးမြှင့်ပေးရန်၊ အဂတိလိုက်စားမှုကို လျှော့ချရန်နှင့် ရေရှည်တည်တံ့သော စီးပွားရေး အလေ့အကျင့်များကို ပုံဖော်ပေးရန်အတွက် ဘက်ပေါင်းစုံမှပါဝင်နိုင်အောင် လမ်းဖွင့်ပေးရန်တို့ဖြစ်ကြောင်း သိရသည်။

စံမီအောင် စုစည်းသည်